

# ဥပေက္ခာ မပြုကောင်းသောဘဝများ

၁၉၇၀ – ၂၀၁၇ ခုနှစ်ကြား လူ့အခွင့်အရေးချိုးဖောက်မှုများကို
နစ်နာခံစားရသူများက တရားမျှတမှုအတွက်
၎င်းတို့၏လိုအင်ဆန္ဒများကို အကျဉ်းချုပ်ဖော်ပြထားသည်။

www.nd-burma.org
office@nd-burma.org

လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ)

အောက်တိုဘာ၊ ၂၀၁၈။

အဖုံးနှင့် စာအုပ်အပြင်အဆင်

mmlwin

အဖုံးဓာတ်ပုံ

ရွာသူ/သားများ တောထဲတွင် ယာယီခိုလှုံနေရပုံ၊ နန့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်။

TWO

Contact Address:
email : office@nd-burma.org
website : www.nd-burma.org

# ဥပေက္ခာ မပြုကောင်းသောဘဝများ


၁၉၇၀ – ၂၀၁၇ ခုနှစ်ကြား လူ့အခွင့်အရေးချိုးဖောက်ခံရသူများက
တရားမျှတမှုအတွက် ၎င်းတို့၏လိုအင်ဆန္ဒများကို
အကျဉ်းချုပ်ဖော်ပြထားသည်။

# မိမိတို့အကြောင်း

ဤအစီရင်ခံစာကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) Network for Human Rights Documentation (Burma) နှင့် အခြားအရပ်ဘက်အဖွဲ့အစည်းများစုဖွဲ့ထားသည့် ပြန်လည်ကုစားပေးလျော်မှု အလုပ်အဖွဲ့တို့မှ စုစည်းပြုစုထားခြင်းဖြစ်သည်။ နိုင်ငံတဝန်းဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်ခံနေရသော ကိစ္စရပ်များအား မှတ်တမ်းတင်နိုင်ရန်အတွက် မြန်မာတက်ကြွလှုပ်ရှားသူ အဖွဲ့အစည်းအချို့မှ ၂၀၀၄ ခုနှစ်တွင် လူ့အခွင့် အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ရည်မှန်းချက်မှာ မြန်မာပြည် ဒီမိုကရေစီအသွင် ကူးပြောင်းမှုကို မြင်ရသည်နှင့် နစ်နာခံစားရသူများနှင့် သူတို့မိသားစုများ တရားမျှတမှုကိုရယူနိုင်ရေးအတွက် မြန်မာ နိုင်ငံ၏ပြည်သူများ ခံစားနေခဲ့ရမှုများကို မှန်ကန်သော မှတ်တမ်းတခုထားရှိပြီး အသုံးပြုစေနိုင်ရန်ဖြစ်သည်။ လူ့အခွင့် အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အနေဖြင့် ၂၀၀၄ ခုနှစ် ကတည်းကပင် ထိန်းသိမ်းထားခဲ့သည့် လုံခြုံသောမှတ်တမ်း တင်စံနစ်ထဲတွင် လူ့အခွင့်အရေးချိုးဖောက်ခံနေရသူများကို လူတွေ့မေးမြန်းကာ သတင်းအချက်အလက်များဖြည့်သွင်းခဲ့သည်။ ထို့ပြင် နစ်နာခံစားရသူများအတွက် တရားမျှတမှုကို တိုက်တွန်းနှိုးဆော်သည်။ လူ့အခွင့် အရေးမှတ်တမ်း ကွန်ရက် (မြန်မာနိုင်ငံ)တွင် လက်ရှိ၌ အမျိုးသမီးများနှင့် လိင်စိတ်ခံယူမှုကွဲပြားသူ (LGBTIQ) အသိုင်းအဝန်းများအပါအဝင် အတိုင်းအတာတခုရှိသော တိုင်းရင်းသားလူမျိုးစုများအား ကိုယ်စားပြုသည့် အဖွဲ့ဝင် ၁၃ ဖွဲ့ ပါရှိပါသည်။ လူ့အခွင့် အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်များအားလုံးသည် နိုင်ငံရေးအရ အမှီအခိုကင်း၍ လွတ်လပ်သည့် အဖွဲ့အစည်းများဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းအချို့ထံမှလည်း နည်းပညာပိုင်းဆိုင်ရာအ ထောက် အကူပံ့ပိုးမှုကို ရရှိပါသည်။

အခွင့်အရေးချိုးဖောက်ခံနေရသောကြောင့် ရရှိလာသောသက်ရောက်မှုများကို ဆက်လက်ခံစားနေရသည့် နစ်နာခံစားရသူများနှင့် ၎င်းတို့၏မိသားစုများကို ဝန်ဆောင်မှုပံ့ပိုးပေးခြင်းများကိုလည်း လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်အများအပြားက ပြုလုပ်ကြပါသည်။ ရှင်သန်ကျန်ရစ်သူများ၏ လိုအပ်ချက်များကို မျက်မြင်ကိုယ်တွေ့ သိခဲ့ရပြီးသည့်နောက် နစ်နာခံစားရသူများ ၎င်းတို့ဘဝကို ပြန်လည်ထူထောင်ရာတွင် ကူညီနိုင်ရန် အတွက် နည်းလမ်းများကို တိုက်တွန်းနှိုးဆော်ရန် လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အနေဖြင့် ပြန်လည် ကုစားပေးလျော်မှု အလုပ်အဖွဲ့ကို ၂၀၁၅ ခုနှစ်တွင် ထူထောင်ခဲ့ရခြင်းဖြစ်ပါသည်။ ဤအလုပ်အဖွဲ့တွင် လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်အားလုံးအပြင် နစ်နာခံစားရသူများအတွက် တရားမျှတမှုကိုလှုံ့ဆော်နေကြသည့် အရပ်ဘက်လူထု အဖွဲ့အစည်းများလည်း ပါဝင်ပါသည်။

**As of June 2018, ND-Burma's members are:**




- နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (AAPP- Burma)
- မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM)
- ကချင်အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံ (KWAT)
- တအာန်းအမျိုးသမီး အစည်းအရုံး (TWO)
- တအာန်းကျောင်းသားနှင့်လူငယ်များ အစည်းအရုံး (TSYO)
- ထားဝယ်အမျိုးသမီး သမဂ္ဂ (TWU)
- ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး (AASYC)
- ချင်းလူ့အခွင့်အရေးအဖွဲ့ (CHEO)
- ပအိုဝ်း လူငယ်အစည်းအရုံး (PYO)
- ပဲခူးအရှေ့နိုင်ငံရေးအကျဉ်းသားဟောင်းများ ကွန်ရက် (FPPS.EB
- ရှေ့ပြေးအသံ (Progressive Voice)
- လူ့အခွင့်အရေးကာကွယ်ရေးနှင့်မြှင့်တင်ရေးအဖွဲ့ (HRDP)

လက်ရှိ ၂၀၁၈ ခုနှစ် ဖွန်လအထိ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်များမှာ -

## အမြဲတမ်းအဖွဲ့ဝင်

- နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (AAPP-B)
- မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM)
- ကချင်အမျိုးသမီး အစည်းအရုံး - ထိုင်းနိုင်ငံ (KWAT)
- တအာန်းအမျိုးသမီး အစည်းအရုံး (TWO)
- တအာန်းကျောင်းသားနှင့်လူငယ်များ အစည်းအရုံး (TSYO)
- ထားဝယ်အမျိုးသမီး သမဂ္ဂ (TWU)

## ဆက်စပ်အဖွဲ့အစည်းများ

- ရှေ့ပြေးအသံ (Progressive Voice)
- ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး (AASYC)
- ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)
- Earthe Rights International (ERI)

| |
|---|
| လူ့အခွင့်အရေးကာကွယ်ရေးနှင့်မြှင့်တင်သူများအဖွဲ့(HRDP) |
| ပဲခူးအရှေ့-နိုင်ငံရေးအကျဉ်းသားဟောင်းများ ကွန်ရက် (FPPS.EB) |
| ပအိုဝ်းလူငယ်များအစည်းအရုံး (PYO) |

**မိတ်ဖက်အဖွဲ့အစည်းများ**

| |
|---|
| International Center for Transitional Justice (ICTJ) |
| Asia Justice and Rights (AJAR) |
| REDRESS |

ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်များ အပြင်

| |
|---|
| လားဟူအမျိုးသမီးအစည်းအရုံး (LWO) |
| ဝိမုတ္တိအမျိုးသမီးအဖွဲ့ (VWO) |
| စစ်မှန်သော ပြည်သူ့ကျေးကျွန်အဖွဲ့ (GPS) |
| Open Myanmar Initiative (OMI) |
| ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း) |
| အနာဂတ်အလင်းတန်းဆုံမှတ် (FLC)တို့လည်း ပါဝင်ပါသည်။ |

# အသိအမှတ်ပြုကျေးဇူးတင်ခြင်း

ရှေးဦးပထမ ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏ဖြစ်ရပ်များကို ကျွန်ုပ်တို့အားမျှဝေရန် သတ္တိနှင့်ခွန်အားများရှာဖွေနိုင်ခဲ့ကြသည့် များစွာသော တွေ့ဆုံမေးမြန်းခံသူများကို ကျေးဇူးတင်မိပါသည်။ မချိမဆံ့ခံစားရသော အတွေ့အကြုံများကို တခါတရံ ထပ်ဖန်တလဲလဲ ပြောရသည်အထိ ပြန်ပြောင်းပြောဆိုရသည်မှာ ခက်ခဲလှပါသည်။ မြန်မာပြည်တွင် ဤကိစ္စသည် အန္တရာယ်ရှိနိုင်သည်နှင့်အညီ တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်ခဲ့သော သုတေသီများကိုလည်း ကျေးဇူးတင်ရှိရပါသည်။

ဤအစီအရင်ခံစာ ရေးသားပြုစုမှုအတွက် အရေးပါသောထောက်ပံ့မှုနှင့် အကြံဉာဏ်များပေးခဲ့ကြသောမရေမတွက်နိုင်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအပေါ်တွင်လည်း ကျေးဇူးဥပကာတင်ရှိကြောင်း ကျွန်ုပ်တို့ ဖော်ပြအပ်ပါသည်။

တည်းဖြတ်ပေးသည့်အဖွဲ့များအားလည်းကောင်း၊ သဒ္ဒါတရားကြီးမားစွာ ဘဏ္ဍာရေး ထောက်ပံ့ပေးသည့် အဖွဲ့များအားလည်းကောင်း အထူးကျေးဇူးတင်ရှိရပါသည်။


ပြောရသည်အထိ ပြန်ပြောင်းပြောဆိုရသည်မှာ ခက်ခဲလှပါသည်။ မြန်မာပြည်တွင် ဤကိစ္စသည် အန္တရာယ်ရှိနိုင်သည်နှင့်အညီ တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်ခဲ့သော သုတေသီများကိုလည်း ကျေးဇူးတင်ရှိရပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြေပုံ - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ မှတ်တမ်းတင်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများ | ၁၂ |
| ၂။ | ခက်ဆစ်အဓိပ္ပာယ်များ | ၁၃ |
| ၃။ | အနှစ်ချုပ်တင်ပြချက် | ၁၅ |
| ၄။ | **အခန်း ၁။ နိဒါန်း** | ၁၈ |
| ၅။ | **အခန်း ၂။ အသုံးပြုသည့်နည်းနာ** | ၂၂ |
| ၆။ | - ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့ | ၂၂ |
| ၇။ | - အချက်အလက်များကောက်ယူခြင်း | ၂၃ |
| ၈။ | - အချက်အလက်ကောက်ယူရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများ | ၂၄ |
| ၉။ | - ခွဲခြားစိပ်ဖြာသုံးသပ်ခြင်း | ၂၅ |
| ၁၀။ | - အကန့်အသတ်များ | ၂၅ |
| ၁၁။ | **အခန်း ၃။ နောက်ခံအခြေအနေ** | ၂၆ |
| ၁၂။ | - တိုင်းပြည်နောက်ခံအခြေအနေ | ၂၆ |
| ၁၃။ | - အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုသည်မှာ အဘယ်နည်း | ၂၈ |
| ၁၄။ | **အခန်း ၄။ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ သက်ရောက်မှုများ - ဖြစ်ရပ်များကို လေ့လာခြင်း** | ၃၀ |

| | | |
|---|---|---|
| ၁၅။ | - စီးပွားရေးအခက်အခဲ | ၃၁ |
| ၁၇။ | - ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများ | ၃၇ |
| ၁၈။ | - ပညာရေးဆက်လက် မဆည်းပူးနိုင်တော့ခြင်း | ၄၃ |
| ၁၉။ | **အခန်း ၅။ တရားမျှတမှုအတွက် လိုအင်ဆန္ဒများ - ဖြစ်ရပ်များကို လေ့လာခြင်း** | ၄၇ |
| ၂၀။ | - နောက်တစ်ကြိမ်ပြန်လည်မဖြစ်ပွားရန်အတွက် အာမခံပေးခြင်းများ | ၄၈ |
| ၂၁။ | - လျော်ကြေးပေးခြင်း | ၅၃ |
| ၂၂။ | - လျော်ကြေးပေးခြင်း | ၅၆ |
| ၂၃။ | - ပြန်လည်ဖြည့်ဆည်းပေးခြင်း | ၅၈ |
| ၂၄။ | - တရားမျှတမှု | ၆၁ |
| ၂၅။ | - တရားမျှတမှုအတွက် စိန်ခေါ်မှုများ | ၆၃ |
| ၂၆။ | - တရားစီရင်ရေးဆိုင်ရာ ထိပါးနှောင့်ယှက်မှုများ | ၆၃ |
| ၂၇။ | - စစ်ဘက်ဆိုင်ရာ တရားရုံးများ | ၆၄ |
| ၂၈။ | - စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်များ | ၆၅ |
| ၂၉။ | - ပြန်လည်ပြုစုပျိုးထောင်ခြင်း | ၆၅ |
| ၂၉။ | **အခန်း ၆။ အတိတ်မှ ဒဏ်ရာအနာများကို ပျောက်ကင်းစေခြင်း - အသေးစိတ်အစီအစဉ်တရပ်** | ၆၈ |
| ၃၀။ | - ကျေနပ် နှစ်သိမ့်ရခြင်း | ၆၈ |
| ၃၁။ | - ပြန်လည်ပြုစုပျိုးထောင်ခြင်း | ၇၂ |
| ၃၂။ | - လျော်ကြေးပေးခြင်း | ၇၄ |
| ၃၃။ | **အခန်း ၇။ အကြံပြုချက်များ** | ၇၆ |
| ၃၄။ | **နောက်ဆက်တွဲများ** | ၈၀ |

# Human Rights Violations documented by ND-Burma




| State/Region | Township | No. of Cases |
|---|---|---|
| Ayeyarwady | Bogale | 7 |
| | Pantanaw | 1 |
| | Pathein | 2 |
| | Total | 10 |
| Bago | Kyaukkyi | 4 |
| | Padaung | 4 |
| | Pyay | 4 |
| | Thegon | 1 |
| | Total | 13 |
| Chin | Tedim | 10 |
| | Total | 10 |
| Kachin | Hpakant | 5 |
| | Mogaung | 1 |
| | Myitkyina | 2 |
| | Puta-O | 1 |
| | Waingmaw | 5 |
| | Total | 14 |
| Kayin | Hpa-An | 5 |
| | Total | 5 |
| Magway | Kamma | 1 |
| | Total | 1 |
| Mon | Bilin | 1 |
| | Thanbyuzayat | 1 |
| | Ye | 12 |
| | Total | 14 |
| Sagaing | Chaung-U | 3 |
| | Sagaing | 1 |
| | Total | 4 |
| Shan | Hsipaw | 1 |
| | Kengtung | 1 |
| | Kutkai | 9 |
| | Manton | 2 |
| | Muse | 6 |
| | Namhkan | 3 |
| | Namhsan | 5 |
| | Namtu | 1 |
| | Pangsang | 1 |
| | Tachileik | 1 |
| | Total | 30 |
| Tanintharyi | Yebyu | 7 |
| | Total | 7 |
| Yangon | Hmawbi | 2 |
| | Kamaryut | 1 |
| | Total | 3 |
| | **Total Cases** | **111** |

# ခက်ဆစ်အဓိပ္ပာယ်များ

၈၈၈၈ အရေးတော်ပုံ - ၁၉၈၈ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဆန့်ကျင်သည့်မြောက်မြားစွာသော ဆန္ဒပြပွဲများဖြစ်ပွားပြီး ဩဂုတ်လ ၈ ရက်နေ့တွင် နိုင်ငံတဝန်းလုံးတွင် အထွေထွေသပိတ်ကြီး စတင်ဖြစ်ပွားခဲ့ကာ စက်တင်ဘာလလယ်ခန့်တွင် ရက်စက်စွာ ခြေမှုန်းခံခဲ့ရသည်။ လူပေါင်းထောင်ချီ၍ သေဆုံးဒဏ်ရာရခဲ့ပြီး လူငယ်မြောက်မြားစွာတို့သည် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များနှင့် ပူးပေါင်းရန်အတွက် မြို့များမှ စွန့်ခွာထွက်ပြေးခဲ့ကြသည်။

| | |
|---|---|
| **AAPP** | - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း |
| **CNF** | - ချင်းအမျိုးသားတပ်ဦး |
| **EAO** | - တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ |
| **FLC** | - အနာဂတ်အလင်းတန်း ဆုံမှတ် |
| **GAD** | - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| **GPS** | - စစ်မှန်သော ပြည်သူ့ကျေးကျွန်အဖွဲ့ |
| **HURFOM** | - မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း |
| **IB** | - မြန်မာစစ်တပ်၏ ခြေလျင်တပ်ရင်း |
| **ICESC** | - စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာစာချုပ် |
| **ICTJ** | - အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် နိုင်ငံတကာစင်တာ |
| **IDP** | - ပြည်တွင်းရွှေ့ပြောင်းလှည့်လည်နေထိုင်ရသော ဒုက္ခသည်ပြည်သူများ |
| **KIA** | - ကချင်လွတ်မြောက်ရေးတပ်မတော် |
| **KIO** | - ကချင်လွတ်မြောက်ရေးအဖွဲ့ |
| **KNLA** | - ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| **KNU** | - ကရင်အမျိုးအသားအစည်းအရုံး |
| **KWAT** | - ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ) |

**KWO** - ကရင်အမျိုးသမီး အစည်းအရုံး

**Kyat** - မြန်မာသုံးငွေ။ တစ်ထောင်ကျပ်လျှင် အမေရိကန် ၀.၇၅ ဒေါ်လာခန့်တန်ဖိုးရှိသည်။

**Lakh** - တစ်သိန်းသည် မြန်မာကျပ်ငွေ ၁၀၀၀၀၀ ဖြစ်သည်။ (ခန့်မှန်းခြေ အမေရိကန် ၇၅ ဒေါ်လာရှိသည်။)

**LIB** - မြန်မာစစ်တပ်၏ ခြေမြန်တပ်ရင်း

**LID** - မြန်မာစစ်တပ်၏ ခြေမြန်တပ်မ

**LWO** - လားဟူအမျိုးသမီး အစည်းအရုံး

**MNHRC** - မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**MOC** - စစ်ဆင်ရေးကွပ်ကဲမှုဦးစီးဌာန

**NCA** - နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်

**NGO** - အစိုးရမဟုတ်သော အဖွဲ့အစည်းများ

**NLD** - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

**OMI** – ပွင့်လင်းမြန်မာ့ရှေ့ဆောင်

**Saffron Revolution** - ၂၀၀၇ ခုနှစ် စက်တင်ဘာတွင်စတင်ဖြစ်ပွားခဲ့သော စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပြီး ထိုဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသော ထောင်နှင့်ချီသည့်သံဃာများခြုံရုံသည့် အဝါရောင်ရှိသောသင်္ကန်းများကို အစွဲပြု၍ ရွှေဝါရောင်တော်လှန်ရေးဟု ခေါ်ဆိုကြသည်။

**RCSS/SSA** - ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်တပ်မတော်တောင်ပိုင်း

**TWO** - တအာန်းအမျိုးသမီး အစည်းအရုံး

**TNLA** - တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်

**VWO** - ဝိမုတ္တိအမျိုးသမီးအဖွဲ့

# အနှစ်ချုပ်တင်ပြချက်

- လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) နှင့် ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့သည် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုတွင် ၁၉၇၀ နှင့် ၂၀၁၇ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်ခံရမှု ၁၁၁ ခုကို စိစစ်သုံးသပ်ပြီး မြန်မာပြည်ရှိခံစားနစ်နာရသူများ၏ လိုအပ်မှုများဆန်းစစ်ခြင်းကို ပထမဆုံးအကြိမ် စတင် ဆောင်ရွက်ခဲ့ပါသည်။

- ပဋိပက္ခကြောင့်ခံစားနစ်နာခဲ့ရသူများနှင့်ဆက်စပ်သော အမှုဖြစ်ရပ် ၈၅ မှု၊ မြေယာသိမ်းဆည်းခံရမှုဖြင့် ခံစားနစ် နာရသူများနှင့်ဆက်စပ်သော ဖြစ်မှုဖြစ်ရပ် ၁၃ မှု၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ပတ်သက်သောအမှု ဖြစ်ရပ် ၁၃ မှု တို့ပါဝင်ပါသည်။ အကယ်၍ ရွာလုံးကျွတ်ရွှေ့ပြောင်းခံရမှုများပါဝင်လျှင် မိမိတို့၏ အချက် အလက် စနစ်တွင် လူပုဂ္ဂိုလ် ၁၅၀၀ ခန့်အထိပါဝင်နေပြီး ၎င်းတို့ထဲမှ အများစုမှာ လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံမျိုးစုံကို တပြိုင်နက်ခံစားရသူများဖြစ်ပါသည်။

- အမှုဖြစ်ရပ် ၉၅ ခု၌ (၈၅%) လူ့အခွင့်အရေးချိုးဖောက်မှုများကို မြန်မာအစိုးရလုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ခြင်း ဖြစ်သည်။ အမှုဖြစ်ရပ် ၁၃ ခု (၁၂%) ကိုမူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြုလုပ်ခြင်းဖြစ်ကာ အမှုဖြစ်ရပ် ၃ ခုမှာ (၃%) အမည်မသိသောကျူးလွန်သူများက လုပ်ဆောင်ခြင်းဖြစ်သည်။

- ကွင်းဆင်းလေ့လာသူများက နစ်နာခံစားရသူများအား ၎င်းတို့ခံစားရသော လူ့အခွင့်အရေးချိုးဖောက်မှုများကို မေးမြန်းရာ၌ မည်သည့်ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေးအပိုင်းနှင့် စီးပွားရေးအပိုင်းဆိုင်ရာ သက်ရောက်မှုများရှိခဲ့ သနည်း၊ သူတို့၏ဘဝ ပြန်လည်ထူထောင်ရေးအတွက် ကျူးလွန်သူများနှင့် အစိုးရထံမှ မည်သည့်ဆောင်ရွက်မှု များကို မြင်တွေ့လိုသည်တို့ကို စူးစမ်းခဲ့ပါသည်။

- နစ်နာခံစားသူများအနေဖြင့် အမှုဖြစ်ရပ်တိုင်းနီးပါးတွင် ၎င်းတို့၏ဘဝများကို အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများ ဖြစ်ခဲ့သည်ဟု ဆိုပါသည်။ နစ်နာခံစားရသူများအနေဖြင့် ချိုးဖောက် ခံရမှုများကြောင့် ပုံစံမျိုး စုံသော နောက်ဆက်တွဲသက်ရောက်မှုများကို မကြာခဏဆိုသလို ခံစားနေခဲ့ရကာ

    - စီးပွားရေးအကြပ်အတည်း
    - ကျန်းမာရေးပြဿနာများ
    - နစ်နာခံစားရသူကာယကံရှင်ကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏ သားသမီးများ ပညာရေးစနစ်မှ နုတ်ထွက်ရမှု အစရှိသည်တို့ ပါဝင်ပါသည်။

- အစီရင်ခံစာပါ အမှုဖြစ်ရပ်များ၏ နစ်နာခံစားရသူများက ၎င်းတို့ခံစားခဲ့ရသောချိုးဖောက်မှုများ၏ သက်ရောက် မှုများ ပြေပျောက်စေရန်နှင့် အစိုးရ သို့မဟုတ် ကျူးလွန်သူများက လုပ်ဆောင်မှုတစုံတရာကို ကြိုးပမ်းပေးရန်

လိုချင် သည်ဟုပြောဆိုပါသည်။

❖ အစိုးရက ပြုလုပ်ပေးရန် ဆန္ဒပြုသော လုပ်ဆောင်မှုများတွင် အောက်ပါကိစ္စများ ပါဝင်ပါသည်။

- ◆ တရားမျှတမှုနှင့်ပတ်သက်၍ အများဆုံးတူညီသည့် ဆန္ဒမှာ လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားရန် ကာကွယ်စောင့်ရှောက်ရေးအတွက် အသင်းအဖွဲ့ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (Institutional reform) ဖြစ်သည်။ နစ်နာခံစားသူများက အလားတူ ပြန်လည်ဖြစ်ပွားမှု မရှိရေးအတွက် အာမခံမှုတရားဝင်ရှိရေး သို့မဟုတ် နိုင်ငံတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုများကို တားဆီးရန်အတွက် အစိုးရပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ပုံစံတမျိုးမျိုးကို ကြိမ်ဖန်များစွာ တောင်းဆိုကြပါသည်။
- ◆ နစ်နာခံစားရသူအများစုက ၎င်းတို့ တရားမျှတမှုကို ရရှိစေပြီဟုခံစားရသည့် ကျေနပ်နစ်သိမ့်ပေးစေမည့် သင်္ကေတလုပ်ဆောင်မှုပုံစံတမျိုးမျိုးကို တောင်းဆိုကြသည်။ ဤကိစ္စတွင် ကျူးလွန်သူများအကြောင်း လူသိရှင်ကြား သို့မဟုတ် သီးသန့် သို့မဟုတ် ပူးတွဲပုံစံဖြင့် ဖော်ထုတ်ပေးခြင်း၊ ကျူးလွန်သူများက တောင်းပန်ခြင်းများ၊ သို့မဟုတ် အသတ်ခံရသူများနှင့် ပျောက်ဆုံးသွားသူများ၏ ခန္ဓာရုပ်ကြွင်းများ ပြန်လည်ရရှိခြင်းတို့ ပါဝင်ပါသည်။
- ◆ နစ်နာခံစားရသူများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုများကို ကျော်လွှားနိုင်ရန် ကူညီပေးမည့် လျော်ကြေးပေးမှု တစုံတရာကို လိုချင်ကြသည်ဟု အကြိမ်များစွာပြောဆိုကြသည်။
- ◆ နစ်နာခံစားရသူများမှ လူ့အခွင့်အရေးချိုးဖောက်မခံရမီက ၎င်းတို့အခြေအနေအတိုင်း ဖြစ်စေနိုင်မည့် ပြန်လည်ဖြည့်ဆည်းပေးခြင်း ပုံစံတမျိုးမျိုးကိုမကြာခဏ တောင်းခံကြသည်။ နစ်နာခံစားရသူများက ၎င်းတို့၏ မြေယာများနှင့်ပိုင်ဆိုင်မှုများ ပြန်လည်ပေးအပ်ရန်၊ မှားယွင်းဖမ်းဆီး ထားသူများကို ပြန်လည်လွှတ်ပေးရန် သို့မဟုတ် ၎င်းတို့၏ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးများ အပြည့်အဝပြန်လည်ရရှိစေရန် အမြဲလိုလို တိတိကျကျ တောင်းဆိုကြသည်။
- ◆ နစ်နာခံစားရသူများက တရားမျှတမှုကို တောင်းဆိုကြသော်လည်း ပြည်တွင်းတရားစီရင်ရေးစနစ်အပေါ် ယုံကြည်အားကိုးမှုနည်းပါးကြသည်။
- ◆ ဤလိုအပ်ချက်ဆန်းစစ်မှု၏ရလဒ်များအား လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ကြာရှည်စွာသက်ရောက်နေမှုများကို မှတ်တမ်းတင်ရန်နှင့် နစ်နာခံစားရသူများ၏ လိုအပ်ချက်များကို သုံးသပ်နိုင်ရန်အတွက် ပထမဆုံးကြိုးပမ်းမှုအဖြစ်သဘောထားသင့်သည်။မည်သို့ပင်ဆိုစေကာမူပါဝင်သောဥပမာဖြစ်ရပ်များ၏နမူနာအရွယ်အစားသေးငယ်မှု၊ သေချာစွာတည်ဆောက်ထားခြင်းမဟုတ်သော သုတေသနပြုမှုနည်းနာနှင့်များစွာသော နစ်နာခံစားရသူများအနေဖြင့် တရားမျှတမှုအကြောင်း သဘောထားခံယူမှုများနှင့် ဖြစ်စဉ်ပုံစံများကို အကျွမ်းတဝင်မရှိထားမှုအပေါ် ထည့်သွင်းစဉ်းစားပြီး နောက်ဆက်တွဲ ထပ်မံသုတေသနပြုမှုများ ဆောင်ရွက်သင့်ပါသည်။

❖ အမှုဖြစ်ရပ်အများစုအတွက် တရားမျှတမှုလုံးဝမရှိခဲ့ပါ။ အမှုဖြစ်ရပ် ၃ ခုတွင် ရာဇဝတ်မှုကျူးလွန်သူများထဲမှ တချို့ကိုသာ ထောင်ဒဏ်ချမှတ်မှုရှိခဲ့ပြီး အမှုနှစ်ခုကိုမူ စစ်တပ်က ဦးဆောင်စစ်ဆေးနေဆဲဖြစ်သော်လည်း ရှေ့ဆက်လုပ်ဆောင်ချက်များ မတွေ့ရပါ။

❖ အမှုဖြစ်ရပ် ၆ ခုတွင် နစ်နာခံစားရသူများကို လျော်ကြေး သို့မဟုတ် ထောက်ပံ့မှုအဖြစ် ၃၀၀၀၀ မှ ၅၀၀၀၀ ကျပ်အတွင်း ပေးအပ်မှုရှိခဲ့သည်။ နစ်နာခံစားရသူများက ထိုသို့သောပေးအပ်မှုများကို များသောအားဖြင့်လက်ခံ

ခဲ့ကြရပြီး ၎င်းတို့တွင် ငွေကြေးလိုအပ်သောကြောင့်လည်းကောင်း၊ မြန်မာပြည်ရှိတရားရေးစနစ်ကို ယုံကြည်မှု မရှိခြင်းကြောင့်လည်းကောင်း၊ အမှုကိုပြန်ဖွင့်ရန် ဆင်းရဲလွန်းခြင်းနှင့် လက်တုံ့ပြန်မှုများကို စိုးရိမ်ရသောကြောင့် လည်းကောင်း ဖြစ်သည် ဟုဆိုပါသည်။

❖ လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသူများအနေဖြင့် ၎င်းတို့နစ်နာခံစားခဲ့ရသည့်အရာများအတွက် တရားမျှတမှုရရှိရန်ထိုက်တန်ပါသည်။ ဆက်လက်ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်နိုင်ရန် အတွက် တရားဥပဒေစိုးမိုးရေးအား လေးစားလိုက်နာရန်လိုအပ်ပြီး တရားစီရင်ရေးစနစ်ပြုပြင် ပြောင်းလဲခြင်းမှ တဆင့်ပြစ်ဒဏ်ပေးခံခြင်းမှ ကင်းလွတ်ခွင့်ရနေသည့်ဓလေ့အား အဆုံးသတ်ရမည်ဖြစ်ပါသည်။ ဤအစီရင်ခံစာ ပါ လေ့လာတွေ့ရှိချက်များနှင့် ၁၄နှစ်ကြာ လူ့အခွင့်အရေးချိုးဖောက်မှုများကို မျက်မြင်ကိုယ်တွေ့မှတ်တမ်းတင်ခဲ့ သော အတွေ့အကြုံများအရ၊ မြန်မာနိုင်ငံတွင် နစ်နာခံစားရသူများအတွက် ၎င်းတို့၏ဘဝ ပြန်လည်ထူထောင် နိုင်ရေးအပေါ် အကူအညီအထောက်အကူပေးသည့် ပြန်လည်ကုစားပေးလျော်ရေး အစီအစဉ်ကို ကျယ်ပြန့် သောအတိုင်းတာဖြင့် ပြုလုပ်ရန် အရေးတကြီးလိုအပ်နေပြီး၊ အမှန်တကယ် ထိရောက်သည့် အမျိုးသားပြန်လည် သင့်မြတ်ရေးကို စတင်ရမည်ဖြစ်ပါသည်။

အခန်း
၁

# နိဒါန်း

၂၀၀၄ ခုနှစ်တွင် ထိုင်း-မြန်မာနယ်စပ်တွင်အခြေစိုက်သည့် နိုင်ငံသားအခွင့်အရေးလှုပ်ရှားသည့် အဖွဲ့ ၉ဖွဲ့ စုစည်းပြီး ယခု လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (Network for Human Rights Documentation-Burma) (ND-Burma) ဟူသောအဖွဲ့ကို စုဖွဲ့ခဲ့ကြသည်။ မြန်မာပြည်ရှိ စစ်အာဏာရှင်စနစ်နှင့် ပြည်တွင်းစစ်ကြောင့် တိမ်းရှောင်လာကြသည့် တိုင်းရင်းသားလူမျိုးစုများနှင့် နိုင်ငံရေးအကျဉ်းသားများကို ကိုယ်စားပြုဖွဲ့ခဲ့ကြခြင်းဖြစ်သည်။ နစ်နာခံစားရသူများအနေဖြင့် တရားမျှတမှုကိုမြင်တွေ့ရနိုင်လိမ့်မည်ဟူသည့် ရည်မှန်းချက်ဖြင့် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ လုပ်ဆောင်နေခဲ့ကြသော လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်မှုတစ်ခု အစပြုနိုင်ရန် ၎င်းတို့က အတူတကွ ဆုံးဖြတ်ခဲ့ကြသည်။

၁၄ နှစ်မျှ ကျော်ဖြတ်ပြီးသည့်နောက်ပိုင်း ရာစုနှစ်ဝက်နီးပါးအတွင်း ပထမဦးဆုံးအကြိမ် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်သော အစိုးရပေါ်ပေါက်လာသည့် အခြေအနေအောက်တွင် တရားမျှတမှုကိုရှာဖွေရန် အချိန်ကျ ရောက်ပြီဟု လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အနေဖြင့် ယုံကြည်မိပါသည်။ အသွင်ကူးပြောင်းနေသည့် နိုင်ငံတခုအနေဖြင့် အစုလိုက်အပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်ခဲ့သည့် အချိန်ကာလများအကြောင်းကို ထုတ်ဖော်၍ အသွင်းကူးပြောင်းရေးကာလ တရားမျှတမှုအပေါ် ဆွေးနွေးရန်အတွက်လည်း ပြည်တွင်းအရပ်ဘက်လူ့အဖွဲ့ အစည်းများအတွက် ကန့်သတ်မှုများရှိနေဆဲဖြစ်ပြီး ထိပ်ပိုင်းအလွှာလူအများစုကလည်း နစ်နာခံစားရသူများအတွက် ပြန်လည် ကုစားပေးလျော်ပေးရန် ကိစ္စများကို လူသိရှင်ကြားဆွေးနွေးရန် ငြင်းဆန်နေဆဲဖြစ်သည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုသည်မှာ လက်စားချေရေးမဟုတ်ပါ။ ပြည်သူများ လူ့အခွင့် အရေးချိုးဖောက်ခံရခြင်းကို သိရှိနားလည် အသိအမှတ်ပြုပေးပြီး၊ ချိုးဖောက်ခံရသူများအနေဖြင့် ပြန်လည်ကုစားပေး လျော်မှုနှင့် ထိုက်တန်ကြောင်းကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မည်သည့်ကိစ္စများ ဖြစ်ပျက်ခဲ့သည်ဆိုသည့်အချက် အလက်များကိုဖော်ထုတ်ခြင်းနှင့် အလားတူကိစ္စများ မည်သည့်အခါမျှ ပြန်လည်မဖြစ်ပွားရန်အတွက်အဖွဲ့အစည်း ဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းလည်းဖြစ်သည်။ တရားမျှတမှုရရှိခွင့်ကို သေချာစေပြီး တရားဥပဒေ စိုးမိုးမှုကိုလေးစား ခြင်းဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်တည်တန့်မည့် ငြိမ်းချမ်းရေးကို သယ်ဆောင်လာရန် အတွက် လူ့အဖွဲ့အစည်းတခုလုံးအတွင်း ယုံကြည်မှုကို ပြန်လည်တည်ဆောက်ခြင်းလည်းဖြစ်သည်။ အမှန်တကယ် တွင်လည်း မိမိတို့၏ လိုအပ်ချက်များဆန်းစစ်မှုအရလည်း နစ်နာခံစားရသူများ အနေဖြင့်လက်စားချေမှုကို မတောင်း ဆိုကြပါ။ ၎င်းအစား အများစုအနေဖြင့် ထိုသို့သော လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားရန် အဖွဲ့အစည်း ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု တစုံတခုလုပ်ဆောင်ခြင်းဖြင့် အာမခံချက်များ တောင်းဆိုသည်ကိုသာတွေ့ရသည်။ တွေ့ဆုံ မေးမြန်းခံရသူများက ထပ်တလဲလဲ အလေးထားပြောကြသည်မှာ ၎င်းတို့အနေဖြင့် ကျူးလွန်သူပုဂ္ဂိုလ်များ အပေါ်တွင် စက်ဆုပ်ခြင်းမျိုးမဟုတ်ဘဲ ထိုချိုးဖောက်မှုများကို ဖြစ်နိုင်ချေရှိအောင် လုပ်သောစနစ်ကိုသာ မနှစ်သက် ခြင်းဖြစ်သည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားမှုကြောင့် အကျဉ်းထောင်ထဲတွင် စုစုပေါင်း ၁၄ နှစ် နေထိုင်ခဲ့ရသောနိုင်ငံရေး အကျဉ်းသား ဟောင်းတစ်ဦးက “ကျူးလွန်သူတွေက ဒီလိုရာဇဝတ်မှု တွေကိုလုပ်ကြရတယ်။ ဒါမှလည်း သူတို့ရှင်သန် နိုင်မှာလေ” ဟု

လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ပြောဆိုခဲ့ပါသည်။ (အမှုဖြစ်ရပ် ၁၁၁)[၁]

လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လုံးဝနီးပါး အပြစ်ပေးမှုမခံရခြင်းနှင့် မြန်မာနိုင်ငံ၏ သွေးစွန်းသော အတိတ်သမိုင်းကို ပြန်လည်စစ်ဆေးရန် ငြင်းဆန်နေမှုတရပ်သည် ဤပျက်စီးစေလိုသော ကြမ်းကြုတ်သည့် စနစ်ကို ယနေ့တွင် ဆက်လက်တည်ရှိခွင့် ပြုနေစေခြင်းဖြစ်သည်။ မြန်မာပြည်မြောက်ပိုင်းတွင် ပဋိပက္ခများ ဆက်လက်ပေါက်ကွဲနေပြီး တရားလက်လွတ်ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ အဓမ္မလုပ်အားစေခိုင်းခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ မြေမြှုပ်မိုင်းများကြောင့်သေကြေခြင်း၊ လက်လွတ်စပယ်ပုံးကြဲခြင်း၊ အရပ်သားအဆောက်အအုံများအား စစ်ရေးပစ်မှတ်ထားခြင်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများကို သိမ်းဆည်းဖျက်ဆီးခြင်းအစရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း တပါတည်းဖြစ်ပေါ်နေလေသည်။ မိမိတို့ပြုလုပ်သည့် လိုအပ်ချက်များ ဆန်းစစ်ချက်၏ အမှုဖြစ်ရပ်များစွာသည် ဤပဋိပက္ခများအတွင်းမှဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက် နေသော်လည်း အပြစ်ပေးခံရခြင်းမရှိဘဲကျူးလွန်ခွင့်ရနေသော လက်ရှိစနစ်ကိုအဆုံးသတ်စေလိုကြောင်း နစ်နာခံစားသူများက သူတို့၏ဆန္ဒကို လှိုက်လှိုက်လှဲလှဲဖော်ပြနေသည်။ "ကျနော့်အနေနဲ့ အစိုးရစစ်သားတွေက လူတစ်ယောက်ရဲ့ အသက်ကို တန်ဖိုးထားတာ မြင်ချင်တယ်။ သူတို့အနေနဲ့ လူ့အခွင့်အရေးကို လေးစားလိုက်နာစေချင်တယ်။" (အမှုဖြစ်ရပ် ၆၆)

ပဋိပက္ခများ လျော့နည်းသွားစေရန် မဆောင်ကြဉ်းနိုင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်သည် ၁၉၈၀ ပြည့်လွန်ကာလများထက်ပင် တိုက်ပွဲများ ပိုမိုပြင်းထန်လာစေသည်။[၂] အပစ်အခတ်ရပ်စဲသောဒေသများတွင်ပင် တိုက်ပွဲများ ပြန်လည်တောက်လောင်နေပြီး နိုင်ငံတော်တပ်ဖွဲ့များအနေဖြင့် အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်နေကြကြောင်း ထပ်မံစွပ်စွဲခံနေရသည်။[၃] ရခိုင်ပြည်နယ်တွင် အရပ်သားများအပေါ် စစ်ရေးအကြမ်းဖက်မှုကြောင့် ကမ္ဘာပေါ်တွင် အလျင်အမြန်ဆုံး ကြီးထွားနေသော ဒုက္ခသည်အကြပ်ဆိုက်မှုကို ဖြစ်ထွန်းစေခဲ့သည်။[၄]

၂၀၁၄ ခုနှစ်မှစ၍ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အောက်ခြေအဆင့် စစ်သားများကို အပြစ်ပေးအကျဉ်းချခဲ့သည့် အမှုဖြစ်ရပ် အနည်းအကျဉ်းရှိခဲ့ပါသည်။ (တရားမျှတမှုအတွက် စိမ်ခေါ်ချက်များ အခန်းတွင်ကြည့်ပါ။) ဤအခြေအနေသည် အပေါင်းလက္ခဏာဆောင်သော ခြေလှမ်းတရပ်ဖြစ်သော်လည်း အသင်းအဖွဲ့ဆိုင်ရာ ပိုမိုပြုပြင်ပြောင်းလဲမှုများ ပူးတွဲပါဝင်သင့်ပါသည်။

---

၁။ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် နစ်နာခံစားသူများအပေါ် ဆက်လက်သက်ရောက်နေမှုများနှင့် ၎င်းတို့၏ တရားမျှတမှုအပေါ် ၎င်းတို့၏ဆန္ဒများကို စစ်ဆေးထားသော အခြားအစီရင်ခံစာများကို ဖတ်ရှုလိုပါက ဖဲ့ပူ တွင် ကြည့်ပါ။ ငြိမ်းချမ်းရေးအတွက် အမှန်တရားကို ပြောဆိုခြင်း (Speaking Truth for Peace) , March 2018, http://asia-ajar.org/wp-content/uploads/2018/03/Speaking-Truth-to-Peace-Report-lowres.pdf§; HURFOM: ကျွန်ုပ် မှတ်မိနေဆဲ (I Still Remember), December 2017, http://www.rehmonnya.org/reports/I-still-remember-online-publishing.pdf; and HURFOM: တရားမျှတမှုကို ရှာဖွေခြင်း (In Pursuit of Justice), July 2014, http://www.burmalibrary.org/docs18/HURFOM-in-pursuit-of-justice-red.pdf

၂။ Bertil Linter in The Irrawaddy: လမ်းကြောင်းလွဲနေသော မြန်မာပြည်ငြိမ်းချမ်းရေး အသစ်ပြန်စရန် လိုအပ်နေသည် (Burma's Misguided Peace Process Needs a Fresh Start), 11 October 2016, µhttps://www.irrawaddy.com/opinion/commentary/burmas-misguided-peace-process-needs-a-fresh-start.html

၃။ BNI: KNU နှင့် မြန်မာစစ်တပ်အကြားတိုက်ပွဲများကြောင့် ဒေသခံများ ရာချီ၍ ထွက်ပြေးနေရ၊ 7 March 2018, µhttps://www.bnionline.net/en/news/hundreds-local-residents-flee-fighting-between-knu-and-Burma army

၄။ UN News: အလျင်မြန်ဆုံးကြီးထွားနေသော ဒုက္ခသည်အကြပ်အတည်းအကြားမှ ရိုဟင်ဂျာများအား ကူညီရန် ကုလသမဂ္ဂမှ ရံပုံငွေများ တောင်းခံနေ 6 October 2017,https://news.un.org/en/story/2017/10/568002-un-seeks-more-funds-assist-rohingya-amid-worlds-fastest-growing-refugee-crisis

နှစ်ပေါင်းများစွာဖြစ်နေသော ပဋိပက္ခအတွင်း မှတ်တမ်းတင်ထားမှုအရ လူ့အခွင့်အရေးချိုးဖောက်မှုများကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ဖြစ်နေသည့် သဘောသဘာဝက လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိမှုသည် ကျူးလွန်သည့်တသီးပုဂ္ဂလစစ်သားများထက်ပိုမိုနေကြောင်းညွှန်ပြနေပါသည်။[၅a]မြန်မာနိုင်ငံအနေဖြင့်လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး တာဝန်ရှိမှုကိုသေချာစေရေး၊ ဖိနှိပ်သောဥပဒေများကို ပယ်ဖျက်ရေးနှင့် ရှည်ကြာလှပြီဖြစ်သော လူ့အခွင့်အရေးချိုးဖောက်မှုသမိုင်းကြောင်းကို အသိအမှတ်ပြုရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်ပေသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများအား ဥပဒေကြောင်းအရ တရားမျှတမှုရရှိခဲ့သည့် ကိစ္စအနည်းငယ်သည် ပြီးခဲ့သည့် ဆယ်စုနှစ်များက ပေါ်ပေါက်ခဲ့သော အပြစ်ပေးခြင်းမှကင်းလွတ်ခံရသည့် ယဉ်ကျေးမှုအတွက် ပြောင်းလဲမှုတရပ်၏ ကနဦးအစအဖြစ် ပြန်လည်ကုစားပေးလျော်မှု အလုပ်အဖွဲ့မှ မျှော်လင့်ပါသည်။ အမှုဖြစ်ရပ်ပေါင်းများစွာတွင် ချိုးဖောက်မှုများကို ဖုံးကွယ်ရန်ကြိုးစားသောသူများအနေဖြင့်လည်း ၎င်းတို့နေထိုင် ရှင်သန်နေသောစနစ်အတွင်းမှ အကောင်းဆုံး ဖြစ်နိုင်မည်ဟုယူဆပြီး ဖြေရှင်းလုပ်နေခြင်း ဖြစ်သည်ဟုလည်း မိမိတို့မှယုံကြည်ပါသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော အမျိုးသားတစ်ဦး အစိုးရစစ်သားများကြောင့် အသတ်ခံရ၍ ပျောက်ဆုံးသွားသော ဖြစ်စဉ်၌ တပ်ရင်းမှူးအနေဖြင့် အသတ်ခံရသူ၏ အမျိုးသမီးနှင့် သူ၏ကလေး ၆ ယောက်အတွက် ကျပ်တစ်သိန်းပေးခဲ့ခြင်းသည် ထိုတပ်မှူးအနေဖြင့် သူတာဝန်ထမ်းဆောင်နေသော အဖွဲ့အစည်းကို မထိခိုက်စေရန် ၎င်းလုပ်နိုင်သမျှ အကောင်းဆုံးထောက်ပံ့မှုကို ပေးအပ်သည်ဟု ယုံကြည်စွာလုပ်ဆောင်ခြင်းဖြစ်ကြောင်း လုံးဝဖြစ်နိုင်ချေရှိပါသည်။ (အမှုဖြစ်စဉ် ၄) ဤအစီရင်ခံမှုက နစ်နာခံစားရသူများအနေဖြင့် လျော်ကြေးပေးအပ်မှုကို လိုအပ်နေနိုင်ပါသည်။ သို့ပါသော်လည်း ချိုးဖောက်မှုများကို အသိအမှတ်ပြု၍ တောင်းပန်ပြီးပါမှ ထိုထောက်ပံ့မှုမျိုးကိုပေး သင့်သည်။

ပြည်တွင်းစစ်နှင့် စစ်အာဏာရှင်စနစ် ဆယ်စုနှစ်ပေါင်းများစွာတည်ရှိနေခြင်းသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို နားလည်မှု အားနည်းနေခြင်းဟု အဓိပ္ပာယ်ရသည်။ တွေ့ဆုံမေးမြန်းခန်းများတွင် တချို့သော နစ်နာခံစားရသူများက သူတို့ခံစားခဲ့ရသော ချိုးဖောက်ခံရမှုများအတွက် ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်လျက်ရှိနေသည်ကိုတွေ့ရသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် အစိုးရစစ်သားများ၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသော စိတ်ပိုင်းဆိုင်ရာ မကျန်းမာသူ တစ်ဦး၏ဖခင်ဖြစ်သူက ထိုသို့ဖြစ်ရခြင်းသည် သူ၏ "မကောင်းသောကံ" ကိုသာ အပြစ်ပုံရမည်ဖြစ်ကြောင်း ပြောခဲ့ပါသည် (အမှုဖြစ်ရပ် ၇၅)။ ဆယ်စုနှစ်ပေါင်းများစွာ၊ မကြာခဏဆိုသလိုဖိနှိပ်ခံ ရမှုများကြောင့် ဘဝတစ်ခုလုံးစာ နစ်နာခံစားရသူများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ပြောပြရန်အတွက် ပြောမပြတတ်အောင်ဖြစ်ကြပါသည်။ မိမိတို့တာဝန်သည် လူ့အခွင့်အရေးချိုးဖောက်ခံရမှုမှ ရှင်သန်ကျန်ရစ်သူများအနေဖြင့် ၎င်းတို့ဘဝများ ပြန်လည်တည်ဆောက်ရန် မည်သို့သော အကူအညီများ လိုအပ်သည်ကို ပြောဆိုထုတ် ဖော်နိုင်စေရန် ရည်မှန်းကူညီခြင်း ဖြစ်ပေသည်။

ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိစေရန်အတွက်ဆိုလျှင် ယခုအချိန်သည် မြန်မာပြည်မှ မြောက်မြားလှစွာသော လူ့အခွင့်အရေးချိုးဖောက်ခံရ သူများအတွက် တရားမျှတမှုကို ပြောရမည့်အချိန်ဖြစ်သည်။ မိမိတို့မှတ်တမ်းတင်ခဲ့သည့် လိုအပ်ချက်များဆန်းစစ်မှုအရ နစ်နာခံစားရသူများ၏ တောင်းဆိုချက်များသည် လျော်ကန်သင့်မြတ်လှပေသည်။ အစိုးရအနေဖြင့် ဤအခြေအနေကို မှန်ကန်သောအမျိုးသားပြန်လည်သင့်မြတ်ရေး အစပြုရန်

---

၅။ A UN-mandated Fact Finding Mission (FFM) has called for senior military figures to be investigated for genocide, crimes against humanity, and war crimes, 27 August 2018, https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/ReportoftheMyanmarFFM.aspx

အတွက် အခွင့်ကောင်းယူသင့်သည်။ "အမျိုးသားပြန်လည်သင့်မြတ်ရေးအလုပ်ဖြစ်ဖို့ဆိုရင် ဒါကို စနစ်တကျဖြစ်အောင် လုပ်ဖို့လိုတယ်။ အခုထက်ထိ စစ်တပ်နဲ့ပြည်သူကြားထဲမှာ အမျိုးသားပြန်လည် သင့်မြတ်ရေးဆိုတာ မရှိခဲ့သေးဘူး" ဟု နိုင်ငံရေးသုတေသီ တစ်ဦးဖြစ်သူ ဦးမင်းဇင် က ပြောကြားပါသည်။[၆] ထို့ပြင် ဤအကြောင်းအရာများအား ဖော်ထုတ်မှုမရှိခဲ့ပါက နစ်နာခံစားရသူများ၏ ရပ်တည်ချက်များသည် ပိုမိုအစွန်းရောက်သည့်ဘက်သို့ ကူးပြောင်းသွားနိုင်ကြောင်း အခြားနိုင်ငံများ၏ ဥပမာများက ထောက်ပြနေပါသည်။[၇]

ဤအစီရင်ခံစာကို နိုင်ငံတော်မှ ဦးဆောင်သော ပြန်လည်ကုစားပေးလျော်ရေး အနာဂတ်အစီအစဉ်တရပ်အတွက် ကနဦးပံ့ပိုးမျှဝေမှုတရပ်အဖြစ် ဖတ်ရှုလိမ့်မည်ဟု ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့အနေဖြင့် မျှော်လင့်မိပါသည်။ လူ့အခွင့်အရေးချိုးဖောက်သော အမှုဖြစ်ရပ်ပေါင်း ၆၀၀၀ ကို မိမိတို့၏ အချက်အလက်စုဆောင်းသော စနစ်တွင် လက်ရှိ၌ထိန်းသိမ်းထားပြီး မြန်မာပြည်ရှိ ချိုးဖောက်မှုများခံစားခဲ့ရ သူများအတွက် တရားမျှတမှုကိုဖော်ဆောင်ပေးနိုင်စေရန်အတွက် ကူညီရန် အဆင်သင့်ရှိနေပါသည်။

၆။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၏ပြန်လည်ကုစားပေးလျော်ရေးအလုပ်အဖွဲ့သို့ ဦးမင်းဇင်၏တင်ပြချက်၊ June 2017

၇။ ICTJ: မြန်မပြည်တွင် ကုစားစရာနည်လမ်းများ လမ်းဖွင့်ခြင်း (Opening Up Remedies in Myanmar) December 2015, https://www.ictj.org/sites/default/files/ICTJ-Briefing-Myanmar-TJ-2015.pdf

အခန်း

၂

# အသုံးပြုနည်းနာ

## ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့

လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ) ကို ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်စဉ်ကတည်းက မိမိတို့၏ဦးတည်ချက်မှာ လူ့အခွင့်အရေးချိုးဖောက်ခံရသူများ တရားမျှတမှုကို ရှာဖွေရာတွင် မိမိတို့၏ မှတ်တမ်းများကို အသုံးချနိုင်ရန်ဖြစ်သည်။ မြန်မာနိုင်ငံနှင့်သင့်လျော်သောမည်သည့်တရားမျှတမှုနည်းလမ်းများဖြစ်ရမည်ကိုကောင်းစွာနားလည်နိုင်ရန်အတွက် မိမိတို့အဖွဲ့ဝင်များသည် ကမ္ဘာတဝန်းရှိ နိုင်ငံအသီးသီး၏ အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်သည့် နည်းလမ်းများကို လေ့လာခဲ့ကြပါသည်။ ဤအစီအစဉ်တွင် ကျွမ်းကျင် သူများမှပို့ချသည့် များစွာသောသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများအပြင် မှတ်တမ်းတင်စင်တာ (ကမ္ဘောဒီးယား) ကဲ့သို့သော နစ်နာခံစားနေရသူများအတွက် တရားမျှတမှုရရှိစေရန် ဆောင်ကြဉ်းပေးသည့်အဖွဲ့ အစည်းများနှင့် အပြန် အလှန်လေ့လာရေးအစီအစဉ်များလည်း ပါဝင်ပါ သည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့သည့် ၂၀၁၀ နောက်ပိုင်း လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်များအနေဖြင့် မြန်မာပြည်၏ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအစီအစဉ်သည် မည်သို့ဖြစ်သင့်သည်ကို ရှင်းရှင်းလင်းလင်း သိနိုင်ရန်အတွက် အဓိပ္ပာယ်ဖွင့်ဆိုမှုများကို အစပြုခဲ့ပါသည်။ နစ်နာခံစားရသူများ အပေါ်ကျူးလွန်မှုများနှင့် မိမိတို့၏မှတ်တမ်းတင်မှုများအရ လူတဦးချင်းစီအလိုက်သော်လည်းကောင်း၊ ၎င်းတို့၏ မိသားစုများ၊ ရပ်ရွာအသိုင်းအဝန်းများအပါအဝင် မြန်မာနိုင်ငံတခုလုံး အတိုင်းအတာအထိ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ သက်ရောက်မှုများကို ဆက်လက်ခံစားနေရမည်ဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။ လူအုပ်စုထုထည်အလိုက် ချိုးဖောက်ခံရမှုများကြောင့် ထိခိုက်ဆုံးရှုံးရမှုများကို "ကုစားပြုပြင်ရေး" အတွက် ကူညီနိုင်ရန်ပြန်လည် ကုစားပေးလျော်မှု အလုပ်အဖွဲ့ကို မိမိတို့က ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဤအထဲတွင် လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ) အဖွဲ့ဝင်များအပြင် တရားမျှတမှုအတွက် လှုံ့ဆော်လှုပ်ရှားနေသော အရပ်ဘက်လူ့အဖွဲ့အစည်းများလည်း ပါဝင်ပါသည်။ မိမိတို့အနေဖြင့် တစ်နှစ်တွင်နှစ်ကြိမ်တွေ့ဆုံလေ့ရှိကြပြီး နိုင်ငံတော်က ဦးဆောင်သည့် ပြန်လည်ကုစားပေးလျော်ရေးအစီအစဉ် ဖြစ်မြောက်လာစေရန်အတွက် တိုက်တွန်းနှိုးဆော်နေပါသည်။ [၈]

၈။ လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ) ၏ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအပေါ် ပထမအကြိမ် အစီရင်ခံစာသည် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ သက်ရောက်မှုများနှင့် အခြားနိုင်ငံများ၏ ဥပမာများကို စစ်ဆေးခြင်းဖြစ်သည်။ အမှတ်ရစေရန်နှင့်ကုစားပြုပြင်ရန် (To Recognize and Repair) June 2015, http://nd-burma.org/to-recognize-and-repair/

# အချက်အလက်များ စုဆောင်းခြင်း

ပြန်လည်ကုစားပေးလျော်ရေး အလုပ်အဖွဲ့ဝင် ၂၁ ဦးသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများနှင့် လူတွေ့မေးမြန်းမှုများကို ပြုလုပ်ခဲ့ကြသည်။ ကွင်းဆင်းမှတ်တမ်း တင်သူများအနေဖြင့် လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ) ၏ လူ့အခွင့်အရေးမှတ်တမ်းတင်လက်စွဲအတိုင်း အချက်အလက်များ စုဆောင်းရာတွင် တိကျမှန်ကန်၊ ပြည့်ပြည့်စုံစုံဖြင့် သမာသမတ်ကျသော နည်းနာကိုအသုံးပြု၍ တိကျနိုင်သမျှ တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ကြပါသည်။ (နောက်ဆက်တွဲတွင် ဖော်ပြထားသော မေးခွန်းနမူနာပုံစံ)[၉]

ကွင်းဆင်းမှတ်တမ်းတင်သူများအနေဖြင့် နစ်နာခံစားရသူများကိုယ်တိုင်ကိုယ်သော်လည်းကောင်း၊ မိသားစုဝင်များ သို့မဟုတ် အခြားသက်သေများကိုသော်လည်းကောင်း အမှုဖြစ်ရပ်တိုင်းအတွက် လူတွေ့မေးမြန်းခဲ့ကြပါသည်။ သတင်းများကိုအတည်ပြုနိုင်ရန်အတွက် အမှုဖြစ်ရပ်တခုတိုင်းတွင် တချို့သောသူများကို တခါတရံထပ်မံမေးမြန်းခဲ့ရသေးရာ ဤလိုအပ်ချက်များ ဆန်းစစ်မှုအတွက် စုစုပေါင်း လူ ၁၇၀ ခန့်ကို ထပ်မံမေးမြန်းခဲ့ရပါသေးသည်။ နိမိတ်ပြမေးခွန်းများကို ရှောင်ရှားနိုင်ရန်အတွက် နစ်နာခံစားရသူများ၏လိုအင် ဆန္ဒအပေါ် မေးမြန်းမှုများအားလမ်းစဖွင့်ပေးထားခဲ့ပါသည်။ ချိုးဖောက်နစ်နာခံရသူများအနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အသိပညာနည်းပါးသည့်အတွက် ၎င်းတို့အပေါ် ကျူးလွန်ချိုးဖောက်မှုများကို တိကျရှင်းလင်းစွာပြောဆိုရန် မဖြစ်နိုင်သည့်အပေါ်နားလည်မှုပေးရသည့် အခြေအနေအောက်တွင် မှတ်တမ်းများကောက်ယူရခြင်းသည် (နိမိတ်ပြမေးခွန်းများကိုရှောင်ရှားခြင်း) တရားဥပဒေအရ ရင်ဆိုင်ရာတွင် တုံ့ပြန်လာမှုများအတွက် အသေးစိတ်အချက်အလက်များ ရရှိနိုင်မှုအပေါ် အကန့်အသတ်ဖြစ်စေနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ တိတိကျကျနည်းလမ်းများကို ဖော်ထုတ်နိုင်ခြင်းထက် နစ်နာခံစားရသူများ၏ တရားမျှတမှုအပေါ် ယေဘုယျဆန္ဒများကို သိရှိနားလည်ရန် အတွက်အခုအချိန်တွင် ပို၍အရေးကြီးသည်ဟု ပြန်လည်ကုစားပေးလျော်မှု အလုပ် အဖွဲ့အနေဖြင့် ယုံကြည်ပါသည်။

ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့ဝင်အဖွဲ့အစည်းများအားလုံးသည်အချက်အလက်များကောက်ယူရေး လုပ်ငန်း ပြင်ဆင်နိုင်ရန်အတွက် လိုအပ်ချက်ဆန်းစစ်ရေး အထူးသင်တန်းကို တက်ရောက်ကြရပါသည်။ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ မကွေး၊ မွန်၊ ရှမ်း၊ ကရင်၊ ကချင် နှင့် တနင်္သာရီ အစရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၁ ခုတွင် လိုအပ်ချက်ဆန်းစစ်မှုများကို ပြုလုပ်ခဲ့ကြပါသည်။

မြန်မာစစ်တပ်၏ ကျယ်ပြန့်သောစစ်ဆင်ရေးများ၏ အစိတ်အပိုင်းများဖြစ်သည့် ဥပမာအားဖြင့် ၈၈၈၈ အရေးတော်ပုံ၊ ၁၉၉၁ ခုနှစ်မှ "မုန်တိုင်းစစ်ဆင်ရေး" (ဘိုကလေးအဓိကရုဏ်း)၊ ကချင်နှင့်ရှမ်းပြည်မြောက်ပိုင်းပြည်နယ်များတွက် လက်ရှိဖြစ်ပွားနေသော ထိုးစစ်ဆင်မှုများတို့ကို ပစ်မှတ်ထား၍ နစ်နာခံစားရသူများကို မူလအဓိကထား ရွေးချယ်ပါသည်။[၁၀] တချို့သော နစ်နာခံစားသူများသည် ပဋိပက္ခကြောင့်ရွှေ့ပြောင်း ရမှုများဖြစ်ပြီး နောက်ပိုင်းတွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများစခန်းတွင် နေထိုင်နေရဆဲဖြစ်သည်။ ထို နစ်နာသူများနှင့် တွေ့ဆုံနိုင်ရေးအတွက် ကွင်းဆင်းမှတ်တမ်းတင်သူများအနေဖြင့် ဒေသခံကွန်ရက်များအပေါ်အားကိုးအား ထားပြုခဲ့ရပါသည်။

---

၉။ လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ) ၏မှတ်တမ်းတင်ခြင်းလက်စွဲကို ဤနေရာတွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။ http://nd-burma.org/documentation/

၁၀။ ၈၈၈၈ အုံကြွမှုနှင့်ပါတ်သက်၍ အလားတူရှင်းပြမှုမျိုးကို Bertil Lintner ဒေါမာန်ဟုန် စာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။ (Outrage, Kiscadale Publications, 1989) လက်တလောတွက် ၁၉၉၁ ဘိုကလေးအကြပ်အတည်းနှင့်ပါတ်သက်သောကိစ္စကို အနည်းအကျဉ်းသာ မှတ်တမ်းတင်နိုင်ကြပါသေးသည်။ သို့သော်လည်း နစ်နာခံစားသူများ၏ ထွက်ဆိုချက်များကို အကျဉ်းဖော်ပြထားသည့် ဆောင်းပါးများကို အောက်ပါနေရာများတွင် ရှာဖွေနိုင်ပါသည်။ Mark Farmaner in Karen News: စုံစမ်းစစ်ဆေးသင့်ပြီး ပြန်ပြောင်းအမှတ်ရသင့်သည့်ဘိုကလေး အနိဋ္ဌာရုံ 29 October 2017, http://karennews.org/2017/10/bogalay-massacres-should-be-investigated-and-commemorated/. International Hurman Rights Clinic at Harvard Law School မှ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွင်း ကရင်ပြည်နယ်၌ စစ်ဆင်ရေးများအကြား ကျူးလွန်ခံခဲ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားပြီး မြန်မာပြည်မှ ရာဇဝတ်မှုများ May 2009, တွင်ဖော်ပြထားသည်များ http://hrp.law.harvard.edu/wp-content/uploads/2009/05/Crimes-in-Burma.pdf လူသားဆန်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့်စစ်ရာဇဝတ်မှုများကို စစ်သားများအနေဖြင့် ကျူးလွန်ခဲ့သည်ဟု ထိုအစီရင်ခံစာမှ တွေ့ရှိခဲ့ပြီး စုံစမ်းမေးရန်အတွက် ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို တောင်းဆိုခဲ့သည်။ စုံစမ်းမေးရန်အတွက် ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို တောင်းဆိုခဲ့သည်။

နစ်နာခံစားရသူအများစုသည် သူတို့အား တွေ့ဆုံမေးမြန်းသေးခင်အချိန်အထိ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအကြောင်းကို စိုးစဉ်းမျှမသိကြပါ။ ထိုအခြေအနေသည် ဝေးလံခေါင်သီသောနေရာများတွင် နေရလေ့ရှိကြသော ပဋိပက္ခအတွင်း ဓားစာခံဖြစ်ကြရသူများအတွက် အမြဲတမ်းလိုလို မှန်ကန်လေ့ရှိသည်။ တချို့အမှုဖြစ်ရပ်များဖြစ်သော လယ်ယာမြေအသိမ်းခံရမှုများတွင် နစ်နာခံစားသူများအနေဖြင့် ၎င်းတို့၏အမှုများကို တရားရုံးသို့ ပို့ဆောင်ခံရခြင်းကြောင့်လည်းကောင်း၊ သို့မဟုတ် မြေယာများအသိမ်းခံရမှုကို တုံ့ပြန်စိန်ခေါ်ပြီး အမှုကိုတရားရုံးသို့ ၎င်းတို့ကိုယ်တိုင် စွဲချက်တင်ခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့အနေဖြင့် ပြည်တွင်းတရားမျှတမှုစနစ်ကို တစုံတရာသိရှိနေကြသေးသည်။ နိုင်ငံရေးအကျဉ်းသားများအနေဖြင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားပုံစံများကို ပိုမိုအသေးစိတ်နားလည်မှု ရှိလေ့ရှိသည်။

## အချက်အလက်များကောက်ယူခြင်းအတွက် စိန်ခေါ်မှုများ

အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်းသည် စိန်ခေါ်မှုများရှိသလို အန္တရာယ်လည်း များပါသည်။ ထိုကဲ့သို့ဖွင့်ဟပြောဆိုသော နစ်နာခံစားရသူများကို စစ်တပ်နှင့်တိုင်းရင်းသားလက်နက်ကိုင်အင်အားစုနှစ်ခုစလုံးက ထိပါးနှောင့်ယှက်ခြင်းနှင့် ပြစ်ဒဏ်ခတ်အရေးယူဆောင်ရွက်ခြင်းများကို မကြာခဏပြုလုပ်လေ့ရှိပါသည်။ မြန်မာစစ်တပ်က အဓမ္မစစ်သားအဖြစ် စုဆောင်းခြင်းခံခဲ့ရသည့် ကလေးစစ်သားဟောင်းတစ်ဦးသည် ၎င်း၏အတွေ့အကြုံ များကို ရေဒီယိုတွင် ဖွင့်ဟပြောဆိုခြင်းကြောင့် ထောင်ဒဏ် ၂ နှစ်ချမှတ်ခြင်းကို ၂၀၁၈ ခုနှစ်တွင် ခံခဲ့ရပါသည်။[၁၁] စစ်ဖက် ရေးရာလုံခြုံရေးအဖွဲ့များက လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ) အဖွဲ့ဝင်များ၏ရုံးခန်းများသို့လာ ရောက်ခြင်းကိုခံခဲ့ရပြီး ၎င်းတို့၏ အလုပ်များနှင့်ပတ်သက်၍ မေးမြန်းမှုများကို ခံခဲ့ရပါသည်။ အဖွဲ့ဝင်များ၏ ဝက်ဘ်ဆိုဒ်များနှင့် မက်ဆင်ဂျာအကောင့်များကိုလည်း ကြားဝင်နှောင့်ယှက်ခြင်းကို ခံခဲ့ရပါသည်။ အဖွဲ့ဝင်တစ်ဦးဆိုလျှင် ဤအစီရင်ခံစာနှင့်ပတ်သက်၍ အချက်အလက်ရှာဖွေရေး လှုပ်ရှားမှုများအားလုံးကို အချိန်အတိုင်းအတာတစ်ခုအထိ လုံခြုံရေး စိုးရိမ်ရမှုများကြောင့် ရပ်ဆိုင်းထားခဲ့ရပါသည်။

အမှန်စင်စစ်အားဖြင့် မြန်မာပြည်လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက ၎င်း၏ ၂၀၁၇ ခုနှစ် ဇန္နဝါရီလ ထုတ်ပြန်ကြေညာချက်တွင် "သူတို့အပေါ်တွင် မည်သည့်ကိစ္စဖြစ်ပွားခဲ့သည်ကို မျှဝေရန်အတွက်လည်းကောင်း၊ သူတို့၏စိတ်အတွေးကို ပြောပြရန်အတွက်လည်းကောင်းနှင့် ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ရေးအတွက်လည်းကောင်း၊ လူပုဂ္ဂိုလ်တိုင်း လွတ်လပ်စွာပြုမူနိုင်သည့် လူ့အဖွဲ့အစည်းတခုကိုရရှိရန် ခရီးရှည်နေလိမ့်ဦးမည်" ဟု ပြောကြားခဲ့ပါသည်။ [၁၂]

၁၁။ Radio Free Asia: ဘဝကိုပြန်တည့်မတ်နိုင်ရန် ရှည်လျားသောရုန်းကန်မှုကို ယခင် ကလေးစစ်သားတစ်ဦးမှ ရှင်းပြခဲ့သည်။ 18 August 2017, https://www.rfa.org/english/news/myanmar/former-myanmar-child-soldier-describes-long-struggle-to-turn-life-around-08172017154924.html, Human Rights Watch: Myanmar: ယခင်ကလေးစစ်သားအား စွဲဆိုမှုကို ရုတ်သိမ်းသည်။ 2 April 2018, https://www.hrw.org/news/2018/04/02/myanmar-quash-conviction-former-child-soldier

၁၂။ OHCHR, မြန်မာပြည်လူ့အခွင့်အရေးအခြေအနေအပေါ် ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ လုပ်ငန်းပြီးစီးမှုထုတ်ပြန်ကြေညာချက် 20 January 2017, http://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=21107&

# ခွဲခြမ်းစိပ်ဖြာသုံးသပ်ခြင်း

နစ်နာခံစားရသူများ၏ အတွေ့အကြုံကို ပဋိပက္ခ၊ နိုင်ငံရေးအကျဉ်းသားနှင့် မြေယာသိမ်းဆည်းမှုဆိုပြီး ကဏ္ဍ ၃ မျိုး ခွဲခြားနိုင်ပါသည်။ ဤသို့လုပ်ဆောင်ခဲ့ခြင်းမှာလည်း လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အနေဖြင့် ၎င်း၏မှတ်တမ်းပြုမှုထဲတွင်မူလကတည်းက သတ်မှတ်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်စဉ်လမ်းကြောင်း ပုံစံကို ပိုမိုသုံးသပ်နိုင်ရန်အတွက်ဖြစ်သည်။ ပဋိပက္ခကြောင့်ဖြစ်သော နစ်နာခံစားရသူများသည်မြန်မာ ပြည်၏ တိုင်းရင်းသားလူမျိုးစုများဖြစ်ပြီး နိုင်ငံ၏လူမျိုးစုရေးရာပဋိပက္ခကြောင့် ခံစားနစ်နာနေရသူများဖြစ်သည်။ အနည်းအကျဉ်းသော နစ်နာခံစားရသူများသည် မြန်မာလူများစုအုပ်စုမှဖြစ်ပြီး မြန်မာစစ်တပ်၏ ပိုမိုကျယ်ပြန့်သောဖိနှိပ်မှု အစိတ်အပိုင်း တရပ် အနေဖြင့်လောက်သာ ပစ်မှတ်ထားခံရခြင်းဖြစ်ကာ နိုင်ငံရေးအကျဉ်းသားဟောင်းများကဲ့သို့လည်း နိုင်ငံရေးရပ်တည်ချက်ကို တိုက်ရိုက်ခံယူမှုမရှိချေ။ တချို့သောပဋိပက္ခကြောင့် နစ်နာသူများနှင့် နိုင်ငံရေးအကျဉ်းသားများ၏ ပိုင်ဆိုင်မှုပစ္စည်းအသိမ်းခံရသော ဖြစ်ရပ်မျိုးကြောင့် ကဏ္ဍများသတ်မှတ်ရာတွင် ထွေးရောယှက်တင်ဖြစ် နေနိုင်ပါသည်။ အလားတူစွာ အချို့သောမြေယာသိမ်းဆည်းခံရသူများနှင့် ပဋိပက္ခကြောင့် နစ်နာသူများသည် တရားမဲ့အဖမ်းဆီးခံ၊ ထောင်ချခံရမှုများကိုလည်း ခံစားရနိုင်ပါသည်။

# အကန့်အသတ်များ

လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် နစ်နာခံစားရသူ အရေအတွက်သည်  ရေတွက်၍ပင် မရနိုင်လောက်ပါ။ ဤလိုအပ်ချက်ဆန်းစစ်မှုသည် ထိုသို့သော အမှုဖြစ်ရပ်များ၏ သေးငယ်သောအစိတ်အပိုင်းတရပ်မျှကိုသာစစ်ဆေး ထားခြင်းဖြစ်ပြီး နစ်နာခံစားရသူများ၏ လိုအပ်ချက်များကို သုံးသပ်သောဖြစ်စဉ်အတွက် ပထမခြေလှမ်း အနေဖြင့်သာ ရှုမြင်နိုင်ပါသည်။ ဤသုတေသနပြုမှုအနေဖြင့် ၄၇ နှစ်တာကာလကျော် မြန်မာပြည်တလွှား ဖြစ်ပွားသော လူ့အခွင့် အရေးချိုးဖောက်မှု အတိုင်းအတာတစ်စုံတစ်ရာကို ခံစားရသောနစ်နာသူများအား တွေ့ဆုံမေးမြန်းခြင်းဖြင့် တတ်နိုင်သမျှ ကိုယ်စားပြုနိုင်အောင် ရည်မှန်းခဲ့သော်လည်း တွေ့ဆုံမေးမြန်းခံ မည့်သူများကို ရွေးချယ်ရာတွင် ဆက်စပ်ထိတွေ့နိုင်မှုနှင့် အရင်းအမြစ်ပိုင်းဆိုင်ရာ အကန့်အသတ်များ ဖြင့် ရင်ဆိုင်ခဲ့ရပါသည်။

ထို့ပြင် ဤလိုအပ်ချက်များ ဆန်းစစ်မှု၏ရလဒ်ကို ကြည့်ပါကလည်း များစွာသော နစ်နာခံစားသူများအနေဖြင့် တရားမျှတမှု၏ သဘောတရားများနှင့်ဖြစ်စဉ်များအပေါ် အကျွမ်းတဝင်ရှိမနေမှုကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပေသည်။ ပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ်များကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၏ သက်ရောက် မှုများကို ဖယ်ရှားပေးနိုင်မည့်အလားအလာရှိသော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအစီအစဉ်ယန္တရားများအကြောင်း သိနားလည်မှု မရှိခြင်းကိုလည်း နစ်နာခံစားသူများ၏ ထွက်ချက်များကို ဖတ်ရှုရခြင်းဖြင့် ထင်ရှားစေပါသည်။

နိုင်ငံတဝန်း အထူးသဖြင့် ဝေးလံခေါင်သီသောဒေသများရှိ ပဋိပက္ခဒေသများတွင် အစိုးရ၏ဝန်ဆောင်မှုနှင့် ထောက်ပံ့မှုများ ရှိမနေခြင်းကလည်း ပြည်သူလူထု၏ မျှော်မှန်းမှုများကို ကြီးမားစွာယုတ်လျော့စေပါသည်။ ထို့ပြင် ကြီးမားသော လူမှုစီးပွားရေးဆိုင်ရာနှင့် ရှင်သန်ရေးအခြေခံလိုအပ်ချက်များက ရေတိုလိုအပ်ချက်များကို ဦးစားပေးရွေးချယ်ရန် နစ်နာခံစားသူများအား တွန်းအားပေးနိုင်ပြီး ထိုသို့ပြုမူခြင်းကလည်း အခြေအနေတည်ငြိမ်လာသည်နှင့်အမျှ ဆင့်ကဲတိုးတက်ပြောင်းလဲသွားနိုင်ပေလိမ့်မည်။

သို့ဖြစ်၍ ဤအစီရင်ခံစာအား နစ်နာခံစားရသူများ၏ လိုအပ်ချက်များအပေါ် အပြီးသတ်သုံးသပ် စစ်ဆေးချက် အနေဖြင့် မဖတ်ရှုသင့်ဘဲ အစိုးရဦးဆောင်သော ပြန်လည်ကုစားပေးလျော်ရေးအစီအစဉ်တရပ် ထူထောင်နိုင်ရေး အတွက် ပထမသော ကြိုးပမ်းပံ့ပိုးမှုအနေဖြင့် သဘောထားသင့်ပါသည်။

အခန်း

၃

# နောက်ခံအခြေအနေ

## တိုင်းပြည်နောက်ခံအခြေအနေ

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တိုင်းရင်းသားတန်းတူညီမျှမှုရစေရမည်ဟူသော ကတိပေးကာ ကချင်၊ ရှမ်း နှင့် ချင်းခေါင်းဆောင်များဖြင့် ၁၉၄၇ ခုနှစ်တွင် ပင်လုံသဘောတူစာချုပ်ရရှိအောင် ညှိနှိုင်းခဲ့သည်။ ထိုသဘောတူညီချက်အား အကောင်အထည်မဖော်နိုင်မီ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံခဲ့ရပြီး ၁၉၄၈ ခုနှစ် ဗြိတိသျှထံမှ လွတ်လပ်ရေးရသည့်အချိန်ကစပြီး အစိုးရတပ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများအကြား ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့သည်။ ၁၉၆၂ ခုနှစ်အာဏာသိမ်းမှုသည် နိုင်ငံရေးအတိုက်အခံများ၊ သတင်းသမားများ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံတော်အား ဝေဖန်သည်ဟု သံသယရှိသူများအားလုံးကို ဖမ်းဆီးနှိပ်စက်ခြင်းဖြင့် ကြီးမားသော ဖိနှိပ်မှုကို ယူဆောင်လာခဲ့သည်။

၁၉၆၂ ခုနှစ်ကတည်းကအစပြု၍ ၁၉၈၈ ခုနှစ် ကျောင်းသားလူငယ်များ၏ အုံကြွမှုနှင့် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးကို ဖြိုခွဲမှုများပြုလုပ်ခြင်းနောက်တွင် အရပ်ဖက်လူ့အဖွဲ့အစည်းအနေဖြင့် လှုပ်ရှားရန် အကန့်အသတ်ရှိသော အဝန်းအဝိုင်းကိုသာ ရရှိခဲ့သည်။ အချို့သောအဖွဲ့များအနေဖြင့် ပြည်တွင်းတွင် ရရှိနိုင်သမျှသော အဝန်းအဝိုင်းဖြင့် ဆက်လက်လှုပ်ရှားကြပြီး အခြားအင်အားစုများက ထိုင်းနိုင်ငံ သို့မဟုတ် အခြားနေရာများတွင် ပြည်ပြေးဘဝဖြင့် တိုက်တွန်းနှိုးဆော်ခြင်းလုပ်ငန်းများ ပြုလုပ်ကြသည်။

၁၉၈၉ ခုနှစ်တွင် စစ်တပ်မှ မြန်မာပြည်ကွန်မြူနစ်ပါတီ၏ ခွဲထွက်အဖွဲ့တစ်ခုနှင့် ပထမဆုံးသော အပစ်ခတ်ရပ်စဲရေး လက်မှတ်ထိုးမှုကို စတင်ပြုလုပ်ခဲ့သည်။ ၉၀ ခုလွန်နှစ်များတလျှောက် လက်နက်ကိုင်အဖွဲ့တချို့နှင့် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေးများ ဆက်လက်ဖေါ်ဆောင်ခြင်း၊ ၂၀၀၈ အခြေခံဥပဒေအောက်တွင် နိုင်ငံတော်မှ ထိန်းချုပ်သော နယ်စပ်လုံခြုံရေးတပ်ဖွဲ့များအဖြစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ကို ပြောင်းလဲဖွဲ့စည်းခြင်း တို့ကို လုပ်ဆောင်ခဲ့ပါသည်။ နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များက လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်စေသည့် ထိုသဘောတူညီချက်အချို့ကို တိုင်းရင်းသားလူမျိုးစုဒေသများရှိ သယံဇာတများကို နိုင်ငံတော်အနေဖြင့် သော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၏ ထိပ်ပိုင်းခေါင်းဆောင်များမှသော်လည်းကောင်း အလွဲသုံးစားပြုရန်အတွက် လုပ်ပိုင်ခွင့်အနေဖြင့် အသုံးချနေသည်ဟူသော စွပ်စွဲမှုများရှိလာသည့် အခြေအနေများနှင့်အတူအပစ်အခတ်ရပ်စဲရေး တချို့လည်း ပျက်ပြယ်သွားခဲ့ပါသည်။ ၁၇ နှစ်ကြာတည်ရှိခဲ့သော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်လည်း ၂၀၁၁ ခုနှစ်တွင် ချုပ်ငြိမ်းသွားကာ ထိုအဖွဲ့နှင့် စစ်တပ်အကြား ပြင်းထန်သော ပဋိပက္ခ ဖြစ်လျက်ရှိနေသည်။

ယခင်ဗိုလ်ချုပ်ဟောင်း သိန်းစိန်လက်ထက် ၂၀၁၁ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုစတင်ပြုလုပ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အင်အားစု တစ်ဒါဇင်ကျော်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်လာခဲ့ခြင်းဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို စတင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့မှ

နိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေးစာချုပ်ကို ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် နောက်ထပ် ၂ ဖွဲ့ ထပ်မံလက်မှတ်ရေးထိုးခဲ့သည်။ အစိုးရတပ်မဟုတ်သော လက်နက်ကိုင်အင်အား၏ ၈၀% ကို ကိုယ်စားပြုနေသည့် လက်မှတ်မထိုးသေးသော အဖွဲ့များက ၎င်းတို့အနေဖြင့် လက်မှတ်မထိုးခင် ညှိနှိုင်းအဖြေရှာမှုများတွင် ပါဝင်ခွင့် ပေးသင့်သည်ဟု တောင်းဆိုထားသည်။[၁၃]

၂၀၀၈ ခုနှစ်တွင် တွန်းတွန်းတိုက်တိုက်ပြုလုပ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် စစ်တပ်အနေဖြင့် အရပ်သားများ၏ ကြီးကြပ်မှုအောက်မှ ကင်းလွတ်သော ကိုယ်ပိုင်အာဏာကို ရထားပြီး ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများကို ချုပ်ကိုင်ထားကာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန် ပိတ်ဆို့နိုင်သည့် အုပ်စုငယ်အနေအထားဖြစ်သည့် ယှဉ်ပြိုင်စရာမလိုသည့် လွှတ်တော်အမတ်နေရာ ၂၅% ကိုလည်းရရှိထားပေသည်။ နိုင်ငံတော်အရေးပေါ် အခြေအနေတွင် စစ်သားများအနေဖြင့် အာဏာရယူနိုင်ရန်အတွက် လုပ်ပိုင်ခွင့်ပေးထားပြီးပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက နောက်တဖန် အာဏာသိမ်းမှုဖြစ်မည့်အပေါ် ကြောက်ရွံ့နေရမှုကို ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အတွက် သတိထားဆင်ခြင်နေရမည့် အကြောင်းပြချက်တချက်အနေဖြင့် ထောက်ပြနေခဲ့ကြပါသည်။[၁၄] ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပုဒ်မ၄၄၅တွင် "၎င်းတို့၏သက်ဆိုင်ရာတာဝန်ဝတ္တရားများကိုထမ်းဆောင်ရာတွင်" ဆောင်ရွက်ရသော လုပ်ဆောင်မှုများအားလုံးအတွက် နိုင်ငံတော်ဝန်ထမ်းများကို ဥပဒေကြောင်းအရ အကာအကွယ်ပေးထားပြီး ပုဒ်မ ၃၁၉ တွင် ကာကွယ်ရေးဌာနတပ်ဖွဲ့ဝင်များအားလုံးကို စစ်ဖက်ဆိုင်ရာ တရားရုံးများတွင်သာ လုံးဝသီးသန့် စစ်ဆေးစီရင်ပိုင်ခွင့်ပေးထားသည်။[၁၅]

၂၀၁၅ ခုနှစ်၌ လွတ်လပ်၍တရားမျှတသည်ဟု ဆုံးဖြတ်ခံထားရသော ရွေးကောက်ပွဲတွင် တိုင်းပြည်၏ ပထမဦးဆုံးရွေးကောက်ခံ အရပ်သားအစိုးရအဖြစ် ရာစုနှစ်တဝက်ကျော်အတွင်း အောင်ပွဲရရှိခဲ့သည်။ မျှော်လင့်မှုများ ကြီးမားစွာ အထားခံနေရသော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရသည် စစ်တပ်အခန်းကဏ္ဍကို ဖွဲ့စည်းပုံအရ အထောက်အကူပေးထားရမှု၊ ဖိနှိပ်သည့်တရားဥပဒေများ၊ အားနည်းသော တရားဥပဒေစိုးမိုးမှုနှင့် အကျင့်ပျက်ခြစားနေသော တရားစီရင်ရေးစံနစ်များကို အမွေဆက်ခံ နေရသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ၂၁ ရာစုပင်လုံညီလာခံကို အမည်ပြောင်းလဲခဲ့သည်။ မည်သို့ပင်ဖြစ်စေ တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများလျော့ကျသွားခြင်းမရှိဘဲ မြေသိမ်းပိုက်မှုများ၊ အဓမ္မလုပ်အားခိုင်းစေမှုများ၊ အတင်းအကြပ်နေရာ ပြောင်းရွှေ့စေမှုများ၊ လက်လွတ်စပယ်ဖုံးကြဲမှုများ၊ လက်နက်ကိုင်တပ်ဖွဲ့များမှ ကလေးစစ်သား စုဆောင်းခြင်းများ၊ ညှဉ်းပန်းနှိပ်စက်ခြင်းများနှင့် တရားလက်လွတ်သတ်ဖြတ်မှုများအပါအဝင် အစုအပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ယခုအစီရင်ခံစာရေးနေချိန်မှာပင် ကချင်နှင့်မြောက်ပိုင်း ရှမ်းပြည်နယ်များတွင် အစိုးရနှင့်လက်နက်ကိုင်အုပ်စုများအကြား တိုက်ပွဲ များကြောင့် ပြည်သူတသိန်းကျော် နေရာရွှေ့ပြောင်းခဲ့ကြရသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသော ပြဿနာများတွင်အကြမ်းဖက်ဖြေရှင်းမှုများကြောင့် လူ ၇ သိန်းနီးပါး ထွက်ပြေးခဲ့ကြရသည်။

---

၁၃။ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အလွန်ကောင်းမွန်သော သုံးသပ်ချက်ကို ကြည့်လိုပါက International Crisis Group ကို ကြည့်ပါ။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ် – နိုင်ငံရေးတွေ့ဆုံအဖြေရှာမှုတခုသို့ ရောက်ရှိခြင်း 10 October 2016, https://www.crisisgroup.org/asia/south-east-asia/myanmar/myanmar-s-peace-process-getting-political-dialogue; and International Crisis Group: မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးအတွက် အဓိကကျသော ထုအင်အားကို တည်ဆောက်ခြင်း 29 June 2017, https://www.crisisgroup.org/asia/south-east-asia/myanmar/287-building-critical-mass-peace-myanmar

၁၄။ စစ်အာဏာသိမ်းမှုတရပ်အပေါ်ကြောက်ရွံ့မှုများအပေါ် ဝေဖန်သော တုန့်ပြန်မှုတခုကို ဤတွင်ကြည့်နိုင်ပါသည်။ Mary Callahan in Nikei Asia Review: Fears of Military Coup in Myanmar are Exaggerated, 14 December 2016, https://asia.nikkei.com/Politics/Fears-of-military-coup-in-Myanmar-are-exaggerated

၁၅။ သမတ္တမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ http://www.wipo.int/edocs/lexdocs/laws/en/mm/mm009en.pdf. လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ပြစ်ဒဏ်မှကင်းလွတ်ခွင့်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ထည့်သွင်းထားသည့်နောက်ကြောင်းကို လေ့လာနိုင်ရန် ဤတွင်ကြည့်ပါ။ see ICTJ: Impunity Prolonged: Burma and its 2008 Constitution, September 2009, https://ictj.org/sites/default/files/ICTJ-Myanmar-Impunity-Constitution-2009-English.pdf

# အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုသည်မှာ အဘယ်နည်း။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုသည်မှာ နိုင်ငံတခုအနေဖြင့် ၎င်း၏မြေပေါ်တွင်ဖြစ်ပွားခဲ့သော အစုအပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ရန်ကြိုးစားရသည့် အသချေသောနည်းလမ်းများကို ရည်ညွှန်းကြခြင်းဖြစ်သည်။ တာဝန်ယူတာဝန်ခံမှုနှင့် ပြန်လည်ပြုပြင်ခြင်းများမှတဆင့် နစ်နာခံစားရသူများအားတရားမျှတ မှုကိုပေးအပ်ခြင်းဖြစ်ပြီး ထိုမှတဆင့် တရားဥပဒေစိုးမိုးမှုကို လေးစားလိုက်နာစေသော၊ အလားတူချိုးဖောက်မှုမျိုး ထပ်မံ မဖြစ်စေရန်အတွက် ကာကွယ်ပေးသော၊ လူ့အဖွဲ့အစည်းတရပ် တည်ဆောက်နိုင်ရေးအတွက် ကူညီပံ့ပိုးရန်ဖြစ်သည်။[16] ကမ္ဘာပေါ်ရှိ တိုက်ကြီးမှန်သမျှတွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့်ပတ်သက်သော အစီအစဉ်များ ကို နိုင်ငံများစွာအနေဖြင့်ခံယူ၍ သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသော အစိတ်အပိုင်းမျိုးစုံဖြင့် ဖွဲ့စည်းပုံဖော်ကြသည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေးအစီအစဉ်တွင် အောက်ဖော်ပြပါ အဓိကယန္တရား ၄ မျိုးအနက်မှ တစ်မျိုး သို့မဟုတ် တစ်မျိုးထက် ပိုမိုပါဝင်ပါသည်။

- **ရာဇဝတ်မှုပိုင်းဆိုင်ရာ တရားစီရင်အပြစ်ပေးခြင်း** – အစုလိုက်အပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တာဝန်ရှိသူများအား ဆောင်ရွက်သည့်နည်းလမ်းဖြစ်သည်။ ထိုသို့သော တရားစီရင်အပြစ်ပေးမှုမျိုးကို ပြည်တွင်း၊ နိုင်ငံတကာ သို့မဟုတ် ပေါင်းစပ်ပူးတွဲ တရားရုံး (နိုင်ငံတော်နှင့် နိုင်ငံတကာ တရားသူကြီးများဖြင့်) ဖွဲ့စည်းသည်။

- **အမှန်တရားဖော်ထုတ်ခြင်း** – လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် အမှန်တရားစိုက်ထူခြင်းကို တရားစီရင်ခြင်းနှင့် သက်ဆိုင်မှုမရှိသောအဖွဲ့များမှ ဆောင်ရွက်လေ့ရှိကြသည်။ အစုအပြုံလိုက်ဖြစ်သော လူ့အခွင့်အရေး ချိုးဖောက်မှုကိစ္စများနောက်ကွယ်ရှိ အမှန်တရားကို ဖော်ထုတ်ရာတွင် အမှန်တရားကော်မရှင်များနှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်များသည် အများဆုံးအသုံးပြုသော နည်းလမ်းများဖြစ်ကြသည်။ အမှန်တရားကို လူသိရှင်ကြားဖော်ထုတ်လိုသော အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် နစ်နာခံစားရသူများ၊ အသင်းအဖွဲ့များက အတိတ်ကာလ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်းနှင့် ပတ်သက်၍ အမှန်တရားကို ရှာဖွေခြင်းနှင့် အမှန်တရားကို ဖော်ထုတ်ခြင်းများအား လုပ်ဆောင်နိုင်ပါသည်။

- **ပြန်လည်ကုစားပေးလျော်ခြင်း** – လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် ပြန်လည်ကုစားပေးလျော်ခြင်းများကို လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းအသိုင်း အဝန်းအနေဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ပူးတွဲ၍သော်လည်းကောင်း ရုပ်ဝတ္ထုအရဖြစ်စေ၊ သင်္ကေတအသွင်သဏ္ဍာန်အရဖြစ်စေ ပြုလုပ်နိုင်ပါသည်။ လူသားချင်းစာနာမှုအကူအညီ သို့မဟုတ် ဖွံ့ဖြိုးရေးအကူအညီများနှင့် ကွဲပြားစေရန်အတွက် ထိုသို့သော ပြန်လည်ကုစားပေးလျော်ခြင်းများတွင် နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုခြင်းနှင့် ထိုသို့ကျူးလွန်မှုများ သို့မဟုတ်ချိုးဖောက် မှုများကိုတားဆီးရန် တာဝန်ရှိမှုအပေါ်၊ ပျက်ကွက်ခြင်းများအပေါ် တာဝန်ယူခြင်းများ ပါဝင်သော အစိတ်အပိုင်း များ ပါဝင်သင့်သည်။ ပြန်လည်ကုစားပေးလျော်ခြင်းတွင် –

၁၆။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး OHCHR: ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်နေ့ အထွေထွေညီလာခံကြီးမှ ဆုံးဖြတ်ချက် ၆၀/၁၄၇ အဖြစ် ဆုံးဖြတ်၍ ကြေညာထားသော နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအား အထွေထွေချိုးဖောက်မှုများ နှင့် နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေကို ပြင်းပြင်းထန်ထန်ချိုးဖောက်မှုများအား နစ်နာခံစားရသူများအတွက် ကုစားရန်နည်းနာနှင့် ပြန်လည်ကုစားပေးလျော်ခြင်း အခွင့်အရေးပေါ်တွင် ထားရှိသည့် အခြေခံမူများနှင့် လိုက်နာရမည့်လမ်းညွှန်များ HYPERLINK "http:/www.ohchr.org/EN/ProfessionalInterest/Pages/RemedyAndReparation.aspx"

- **ပြန်လည်ဖြည့်ဆည်းပေးခြင်း(Restitution)** – ချိုးဖောက်မှုမဖြစ်ပွားမီက အခြေအနေအတိုင်း နစ်နာခံစားရသူကို တတ်နိုင်သမျှရရှိစေခြင်းဖြစ်သည်။ ၎င်းတွင်လွတ်လပ်မှု၊ အလုပ်အကိုင်၊ နိုင်ငံသားဖြစ်မှု၊ မြေယာနှင့် ပိုင်ဆိုင်မှုများ ပြန်လည်ပေးအပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ ပညာရေးဆိုင်ရာ အရည်အချင်းနှင့်ပတ်သက်ပြီး အသိအမှတ်ပြုမှုများ၊ ရာဇဝတ်မှု မှတ်တမ်းများမှ ပယ်ဖျက်ခြင်းများနှင့် နဂိုမူလနေထိုင်ရာနေရာသို့ ပြန်ခွင့်ပြုခြင်းများ အစရှိသည်တို့ ပြန်လည်ရရှိစေခြင်းများပါဝင် ပါသည်။
- **လျော်ကြေးပေးခြင်း(Compensation)** – အခွင့်အရေးချိုးဖောက်ခံရမှု၏ အကျိုးဆက်ကြောင့် ဆုံးရှုံးခဲ့ရမှုများကို ပြန်လည်ပေးလျော်နိုင်ရေးအတွက် ငွေကြေးပိုင်းဆိုင်ရာ လျော်ကြေးပေးခြင်း။
- **ပြန်လည်ပြုစုပျိုးထောင်ခြင်း (Rehabilitation)** – ကုသမှုအပိုင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ ဥပဒေပိုင်းဆိုင်ရာ အထောက်အပံ့များအတွက် အစိုးရကထောက်ပံ့ခြင်း။
- **ကျေနပ်အားရခြင်း(Satisfaction)** – အမှန်တရားစိက်ထူခြင်း၊ ပျောက်ဆုံးသူများအားရှာဖွေပေးခြင်း၊ ကျန်ရှိနေသောရုပ်ကြွင်းများအား ပြန်လည်ရယူခြင်းနှင့် ကောင်းမွန်စွာမြှုပ်နှံခြင်း၊ လူသိရှင်ကြားအသိအမှတ်ပြုမှုများနှင့် တောင်းပန်ဝန်ခံမှုပြုခြင်း၊ ဂုဏ်ပြုအခမ်းအနားများနှင့် ပြန်လည်အောက်မေ့ခြင်း အခမ်းအနားများ။
- **ပြန်လည်မဖြစ်ပွားရန် အာမခံခြင်း (Guarantees of non-recurrence)** – စစ်ဘက်နှင့် လုံခြုံရေးတပ်ဖွဲ့များ အပေါ်အရပ်သားကထိန်းချုပ်ခြင်း၊ လွတ်လပ်အမှီအခိုကင်းသော တရားစီရင်ရေးစနစ်၊ လူ့အခွင့်အရေး လှုပ်ရှားသူများနှင့်ဂျာနယ်လစ်များအား ကာကွယ်ပေးမှုနည်းလမ်းများ၊ ပဋိပက္ခအဖြေရှာရေးအတွက် ယန္တရားများထူထောင်ခြင်း အစရှိသည်တို့အပါအဝင် ချိုးဖောက်မှုများ ထပ်မဖြစ်စေရန်အတွက် အသင်းအဖွဲ့ ဆိုင် ရာ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခြင်း။
- **ဥပဒေများနှင့် အသင်းအဖွဲ့ဆိုင်ရာများ ပြန်လည်ပြင်ဆင်ခြင်း (Reform of laws and institutions)** – ရဲ၊ တရားစီရင်ရေး နှင့် တပ်မတော်

အခန်း ၄

# လူ့အခွင့်အရေးချိုးဖောက်မှုများ၏ သက်ရောက်မှုများ

*"အရေးကြီးဆုံးအချက်မှာ ပြည်သူများ၏ခံစားနေရမှုကို အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ အကယ်၍ မိမိတို့အနေဖြင့် အနာဒဏ်ရာကို ရှာဖွေမတွေ့ရှိဘူးဆိုလျှင် မည်သို့ သက်သာအောင်ကုသနိုင်မည်နည်း။"*


*မသီတာ(စမ်းချောင်း) (ခွဲစိပ်ကုဆရာဝန်၊ စာရေးဆရာ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူနှင့် နိုင်ငံရေးအကျဉ်းသားဟောင်း) နှင့် လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ) စကားပြောဆိုခြင်းမှ (ကောက်နုတ်ချက်) ဧပြီလ၊ ၂၀၁၈ ခုနှစ်*

လိုအပ်ချက်များ ဆန်းစစ်မှု (needs assessment) ၏အစိတ်အပိုင်း တစ်ရပ်အနေဖြင့် နစ်နာခံစားရသူများ ကို ချိုးဖောက်ခံရမှုများကြောင့် ၎င်းတို့၏ ဘဝများနှင့် ၎င်းတို့၏ မိသားစု၊ အသိုင်းအဝန်းများအပေါ် မည်သို့သက်ရောက်ခဲ့ကြောင်း မေးမြန်းခဲ့ပါသည်။

နစ်နာခံစားရသူများအနေဖြင့် ချိုးဖောက်ခံရမှုကြောင့် ဖြစ်ပေါ်လာခဲ့သည့် နောက်ဆက်တွဲ ဆိုးကျိုးများကို ပိုမိုရှင်းပြနိုင်သော်လည်း တရားမျှတမှုရရှိစေမည့် လုပ်ငန်းစဉ်များ၊ ယန္တရားများအကြောင်းကို နားမလည်ကြသည့်အတွက် ၎င်းတို့ ဖြစ်ချင်သည်များကို တိတိကျကျ မပြောနိုင်ကြပေ။ ထို့ကြောင့် မေးခွန်းများအပေါ် အဖြေများကို ဂရုတစိုက်မှတ်တမ်းတင်သင့်သည်။

မေးခွန်းများသည် နစ်နာခံစားရသူများ တွေ့ကြုံခံစားခဲ့နိုင်မည့် နောက်ဆက်တွဲသက်ရောက်မှုများကို တိတိကျကျ မရည်ညွှန်းဘဲ လမ်းစဖွင့်ထားသောမေးခွန်းများဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခံရသူများအနေဖြင့် ၎င်းတို့ဆန္ဒရှိသမျှ နောက်ဆက်တွဲသက်ရောက်မှုများကို ရေတွက်ဖော်ပြနိုင်ပြီး နစ်နာခံစားရမှုတစ်ခုသည် အခန်းတစ်ခုထက်ပို၍ ဖော်ပြခံနိုင်ပါသည်။

အမှုဖြစ်ရပ်တိုင်းနီးပါးတွင် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ၎င်းတို့ဘဝအပေါ် မကောင်းသည့် သက်ရောက်မှုများ ရှိခဲ့သည်ဟု နစ်နာခံစားရသူများက ပြောပါသည်။




# အမှုဖြစ်ရပ်များကို လေ့လာခြင်း

## စီးပွားရေးအခက်အခဲ

လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အများဆုံးတွေ့ရသော သက်ရောက်မှုမှာ စီးပွားရေးအခက်အခဲဖြစ်ပြီး နစ်နာခံစားရသူအများစုကငင်းတို့၏ငွေရေးကြေးရေးအခြေအနေသည်အခွင့်အရေးအချိုးဖောက်ခံရမှုကြောင့်ယိုယွင်း ပျက်စီးသွားသည်ဟုဆိုသည်။ များစွာသော နစ်နာခံစားရသူများအနေဖြင့် ချိုးဖောက်ခံရမှု မဖြစ်ပွားမီကတည်းက စီးပွား ရေးအခက်အခဲများ ရှိခဲ့ကြသော်လည်း ချိုးဖောက်ခံရသည့် နောက်ပိုင်းတွင် အခြေအနေက ပိုဆိုးရွားသွားခြင်းဖြစ် သည်။

### ပဋိပက္ခ

ပဋိပက္ခကြောင့် နစ်နာခံစားရသူများအနေဖြင့် စီးပွားရေးအခက်အခဲများကို ကြုံတွေ့ခဲ့ကြရသည့် အဓိက အကြောင်းအရင်းမှာ ဥပဒေမဲ့သတ်ဖြတ်ခံရခြင်း/ပျောက်ဆုံးသွားခြင်း၊ ထောင်သွင်းအကျဉ်းချခံရခြင်း၊ ညှဉ်းပန်းနှိပ် စက်မှု သို့မဟုတ် ထောင်သွင်းအကျဉ်းချခံရပြီးသည့်နောက် ရေရှည်ကျန်းမာရေးပြဿနာများ ဖြစ်ခြင်းတို့ကြောင့် မိသားစုအတွက် အဓိကဝင်ငွေရှာပေးသူတစ်ဦး ဆုံးရှုံးသွားရခြင်း၊ နစ်နာခံစားရသူအား အလုပ်လုပ်ခြင်းမှတားမြစ်ခြင်း တို့ကြောင့်ဖြစ်သည်။ တချို့သောသူများမှာမူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခြိမ်းခြောက်ငွေတောင်းခံမှုကြောင့် ဖြစ်သည်။

၂၀၁၁ခုနှစ်နိုဝင်ဘာကဖြစ်ပွားခဲ့သောအမှုတွင် (အမှုဖြစ်ရပ်၄၇) ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိရွာတရွာမှ ရွာသားများ ဘုရားရှိခိုးကျောင်းသွားရာလမ်းတွင် ခြေလျင်တပ်မ (၈၈) မှ စစ်သားများက စတင်ပစ်ခတ်ခဲ့ပါသည်။ အသက် ၅၁ နှစ်အရွယ်ရှိသူတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အခြားထိန်းသိမ်းခံ ၃ ဦးနှင့် အတူ ဒေသစစ်စခန်းတခုသို့ ခေါ်ဆောင် သွားခြင်းခံရပါသည်။ ထိုပုဂ္ဂိုလ်၏အမျိုးသမီးအနေဖြင့် ၎င်းအား အခင်းဖြစ်သည့်အချိန်မှစ၍ ယနေ့ထက်တိုင်ပြန်လည် မတွေ့ရတော့ဘဲ စခန်းအတွင်း၌ အသတ်ခံလိုက်ရပြီဟု ယူဆရပါသည်။ ထိုအမျိုးသမီးက လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြခဲ့သည်မှာ -

*"ကျမအမျိုးသားကို ဆုံးရှုံးခဲ့ရတဲ့အတွက် ကျမတို့ စီးပွားရေးအခက်အခဲ အများကြီးကြုံရတယ်။ ကျမတို့ အကြွေးတွေတင်ခဲ့တယ်။ ကျမ ကလေးတွေကို ကျောင်းမပို့နိုင်တော့ဘူး"*
*(ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မှတ်တမ်းတင်သည်။)*

တချို့ ဖြစ်ရပ်များတွင် စီးပွားရေးအကြပ်အတည်းသည် ဝင်ငွေရှာဖွေပေးသူဆုံးရှုံးရမှုနှင့် ရွှေ့ပြောင်းနေထိုင်ရမှုတို့ နှစ်ခုစလုံးရောပွမ်း၍ ဖြစ်ရခြင်းမျိုးလည်းရှိပါသည်။ ၂၀၁၂ ခုနှစ်က အမှုဖြစ်ရပ်တစ်ခုတွင် (အမှုဖြစ်ရပ် ၄၈)၊ ကချင်ပြည်နယ်မြစ်ကြီးနားမြို့နယ်ရှိအသက်၃၁နှစ်အရွယ်အမျိုးသားတစ်ဦးကိုခြေလျင်တပ်ရင်း(၃၇)မှစစ်သားများက ၎င်း၏အိမ်မှ ညအချိန်တွင် မည်သည့်အကြောင်းပြချက်မှမပေးဘဲ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ ထိုသူအားကေအိုင်အေစစ်သားဖြစ်သည်ဟု ဝန်မခံမခြင်းရိုက်နှက်စစ်ဆေးပြီး စစ်ထောက်လှမ်းရေးဌာနသို့ လွှဲပြောင်းကာ ထောင်သွင်းအကျဉ်းချလိုက်ပါသည်။ ၎င်း၏ မိသားစုလည်း ရွှေ့ပြောင်းဒုက္ခသည်စခန်းသို့ ပြောင်းရွှေ့နေထိုင်လိုက်ကြရပြီး ထိုသူမှာလည်း ဆက်လက်အကျဉ်းကျခံနေရဆဲဖြစ်သည်။ သူ့အမျိုးသမီးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြ သည်မှာ –

*"ကျမယောကျ်ားအဖမ်းခံရပြီးတဲ့နောက် ကျမ စီးပွားရေးဒုက္ခကို ခံစားရတယ်။ ကျမက လယ်အလုပ်ပဲ လုပ်တတ်တော့ ဘာစီးပွားရေးလုပ်ရမယ်မှန်းလဲ မသိဘူး။ ကျမယောကျ်ားကို အစိုးရအရာရှိတွေ အနေနဲ့ အမြန်ဆုံးလွှတ်ပေးစေချင်တယ်။ […] ကျမတို့ ဒုက္ခသည်စခန်းက ရိက္ခာရပါတယ်၊ ဒါပေမယ့်ဘယ်လုံလောက်ပါ့မလဲ။ အဲဒီတော့စခန်းအပြင်ဘက်မှာ ကျမတို့နေ့စားအနေနဲ့ အလုပ်လုပ်ရတော့တာပေါ့။ ကျမတို့ စခန်းထဲမှာ နေရတာ မပျော်ပါဘူး"*
*(ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မှတ်တမ်းတင်သည်။)*

တချို့ဖြစ်ရပ်များတွင်ဘဏ္ဍာရေးခက်ခဲမှုသည်ဝင်ငွေရှာဖွေပေးသူ ဆုံးရှုံးရခြင်းကြောင့်သာမကဘဲဆက်လက်ဖြစ်တည်နေသော ပဋိပက္ခအခြေအနေက အသက်ရှင်နေထိုင်မှုဘဝကို ပိုမိုခက်ခဲလာစေခြင်းကြောင့်လည်းဖြစ်သည်။ ၂၀၁၂ ခုနှစ်က ဖြစ်ရပ်တစ်ခုဆိုလျှင် (အမှုဖြစ်ရပ် ၆၂) ရှမ်းပြည်နယ်၊ မန်တုံမြို့နယ်ရှိ ဘုရားကျောင်းတခု၌ ကျင်းပနေသော နှစ်သစ်ကူးပွဲတော်ကို ခြေလျင်တပ်ရင်း (၁၃၀) မှ စစ်သားများက ပစ်ခတ်မှုများပြုလုပ်ခဲ့ပါသည်။ ၃၆ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးနှင့် သူ၏ ၃ နှစ်အရွယ်သားကလေး အသတ်ခံခဲ့ရပါသည်။ ထိုစစ်တပ်၏တပ်ရင်းမှူးက မိသားစုဝင်များသေဆုံးရခြင်းအပေါ် နစ်နာကြေးအဖြစ် ငွေကျပ် ၆၀၀၀၀ ပေးအပ်ခြင်းခံရသော မုဆိုးမအမျိုးသမီးက လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြသည်မှာ –

*"အဲဒီကိစ္စအတွက် လျော်ကြေးဆိုပြီး ငွေနည်းနည်း သူတို့လာပေးတယ်။ [….] ကျမတို့မှာ ပြောင်းခြံရှိတယ်။ တစ်နှစ်ကို သိန်း ၂၀ လောက် ပြီးခဲ့တဲ့ အချိန်တုန်းက ရတယ်။ အခုဆိုရင် တစ်နှစ်ကို ၁၀ သိန်းလောက်ရဖို့ တော်တော်ပြင်းပြင်းထန်ထန် လုပ်ရတယ်။ ပုံမှန်အလုပ်ရနေဖို့ သိပ်ခက်တယ်"*
*(ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံ ၂၀၁၇ ခုနှစ် မတ်လတွင် မှတ်တမ်းတင်သည်။)*

ပဋိပက္ခတွင်းရှိ နစ်နာခံစားသူများအနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရခြင်း သို့မဟုတ် ဖျက်ဆီးခံရခြင်းကြောင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရပါသည်။ ၁၉၉၁ ခုနှစ် အောက်တိုဘာလတွင် (အမှု ဖြစ်ရပ် ၅၁) ကရင်တိုင်းရင်းသား ဆရာတစ်ဦးကို ခြေမြန်တပ်မ (၁၁) မှ စစ်သားများကဖမ်းဆီးပြီး ထောင် ၂ နှစ်ချလိုက်ပါသည်။ သူ၏အမေ၊ အဒေါ်၊ ဦးလေး၊ ဝမ်းကွဲတစ်ဦးနှင့် လုပ်ဖော်ကိုင်ဖက် ၄ ဦးကိုလည်း လုံခြုံရေး တပ်ဖွဲ့ဝင်များက သတ်ခဲ့ကြပါသည်။ ၎င်းအားစီရင်ချက်ချချိန်တွင် တရားသူကြီးအမျိုးသမီးက ၎င်းထံတွင် အပြစ်မရှိခြင်းကို သိကြောင်း၊ သို့သော်လည်း "အထက်ကလာသောအမိန့်ကြောင့်" ထောင်ချရမည်ဖြစ်ကြောင်းပြောပါသည်။ ၎င်းအားစစ်ဆေးနေစဉ်ကာလတုန်းကလည်းစစ်သားများက သူ၏အမေကိုမသတ်မီမည်သို့နှိပ်စက်ပုံ၊ရေနွေးပူများအက်စစ်များနှင့်လောင်းချခြင်းများအကြောင်း သူတို့အချင်းချင်း ပြောဆိုနေကြသည်ကိုလည်းကြားသိခဲ့ရပါသည်။ သူသည်လတ်တလောတွင် လယ်သမားအနေဖြင့် လုပ်ကိုင်နေပြီး လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြသည်မှာ –

*"ထောင်ကျနေတဲ့သူတွေအားလုံး ရှင်သန်ဖို့ အခက်အခဲတွေကို (ခုချိန်ခါမှာ)ရင်ဆိုင်နေကြရတယ်"*
*(အနာဂတ်အလင်းတန်းဆုံမှတ်၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် မှတ်တမ်းတင်ခဲ့သည်။)*

၂၀၀၄ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခု၌ မွန်ပြည်နယ်၊ ရေးမြို့နယ်ရှိ လယ်သမားတစ်ဦးသည် ခြေလျင်တပ်ရင်း (၂၈၂) မှစစ်သားများ မွန်ခွဲထွက်အဖွဲ့တစ်ဖွဲ့အား စစ်ဆင်ရေးပြုလုပ်နေစဉ်အတွင်း ၎င်း၏ အိမ်၌တည်းခိုခွင့်ပြုခဲ့ပါသည်။တိုက်ပွဲဖြစ်ပွားပြီး၎င်းတို့၏စစ်သား၃ဦးသေဆုံးသည့်အခါစစ်သားများက ထိုလယ်သမားအား ညှဥ်းပန်းနှိပ်စက်သည့်အပြင် အိမ်ကိုလည်း မီးတင်ရှို့သည်။ "ကျနော့်အရိုးတွေကျိုးကြေကုန်ပလားလို့ခံစားရတယ်""ကျနော့်နံရိုးတွေကျိုးကုန်တယ် (အနည်းဆုံး ၂ ချောင်းပဲလို့ထင်တယ်)၊ ပြီးတော့ ကျနော့်ခေါင်းမှာလဲ သွေးတွေထွက်ကုန်တယ်၊ ဘယ်လိုနာတယ်ဆိုတာတောင် ကျနော်ပြောမပြတတ်တော့ဘူး" ၎င်းတို့ အိမ်ရာမဲ့ဖြစ်သွားပြီးသည့်နောက် ညှဥ်းပန်းနှိပ်စက်မှုကြောင့် ခံစားရသည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကြောင့် အလုပ်ကောင်းစွာ မလုပ်နိုင်တော့သဖြင့် ၎င်းတို့ မိသားစုတစ်ခုလုံး တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့သွားခဲ့ကြသည်။ သူက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြ သည်မှာ –

"ကျမအမျိုးသားကို
ဆုံးရှုံးခဲ့ရတဲ့အတွက်
ကျမတို့
စီးပွားရေးအခက်အခဲ
အများကြီးကြုံရတယ်။
ကျမတို့
အကြွေးတွေတင်ခဲ့တယ်။
ကျမ ကလေးတွေကို
ကျောင်းမပို့နိုင်တော့ဘူး။"

*"ငါ့အိမ်နဲ့စပါးတင်း ၂၀၀ (အကြမ်းဖျဉ်း လယ် ၃ ဧကအတွက်) ကိုမီးရှို့နေတုန်းမှာ ငါတို့ကို လက်ထိပ်ခတ်ထားတယ်။ ငါက ငါ့ကလေးတွေအတွက် ဒုက္ခရောက်လိမ့်မယ်လို့ပြောတော့ ငါ့ညာဘက်ပါးကိုစစ်သားတွေက ရိုက်တယ်။[...] ငါတို့ မွန်သူပုန်တွေနဲ့ အဆက်အသွယ်ရှိမှတော့ သူတို့ကို ငါ့အိမ်မှာပေးထားပါ့မလား။ ငါတို့အိမ်မှာတည်းပြီး စစ်တိုက်ဖို့နဲ့ အိမ်ကိုဖျက်ဆီးဖို့ သူတို့ကို ဖိတ်ခဲ့တာမဟုတ်ဘူး"*
*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာတွင် မှတ်တမ်းတင်ခဲ့သည်။)*

တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၏ အဓမ္မငွေကြေးကောက်ခံခြင်း သို့မဟုတ် တရားလက်လွတ်အခွန်ကောက်ခံခြင်းတို့၏ရလဒ်အနေဖြင့် အချို့သော နစ်နာခံစားရသူများသည် ပိုင်ဆိုင်မှုများ လက်လွှတ်ခဲ့ရသည်။ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ မွန်လက်နက်ကိုင်အုပ်စု တစ်ခုမှ အမျိုးသမီးတစ်ဦးအား ပြန်ပေးဆွဲသွားကာ သူမအားလွှတ်ပေးရန်အတွက် ကျပ်သိန်း ၂၀၀ ပေးရန်တောင်းဆိုခဲ့သည်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ တွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုတွင် (အမှုဖြစ်ရပ် ၂၉ ) တွေ့ရှိရသည်။ သူမအား ရက်သတ္တခြောက်ပတ်ကြာ ထိန်းသိမ်းထားပြီး နောက်ဆုံးတွင် ကျပ်သိန်း ၁၀၀ ဖြင့်ပြန်လွှတ်ပေးရန် သဘောတူခဲ့သည်။ သူမ၏မိသားစုအနေဖြင့် တင်ရှိသွားသော အကြွေးများကို ပြန်လည်ပေးဆပ်ရန် ဆက်လက်ရုန်းကန်ခဲ့ရပြီး မိသားစုပိုင်စီးပွားရေးလုပ်ငန်းကိုပါ လက်လွှတ်ဆုံးရှုံးလိုက်ရသည်။ လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ) ကို ကာယကံရှင်က ပြောပြသည်မှာ –

*"ကျမ တော်တော်များများဆုံးရှုံးခဲ့ရတယ်။ ဘယ်နေရာပဲဖြစ်ဖြစ် လုံခြုံတဲ့နေရာမရှိတော့ဘူးလို့ ကျမခံစားနေရတယ်။ အဲဒီလို မလုံခြုံဘူးဆိုတဲ့ခံစားချက်ကြီးနဲ့အတူ ကျမရဲ့ ကျန်းမာရေး၊ ဘဝ(လူမှု)နဲ့ ငွေရေးကြေးရေးအားလုံး ထိခိုက်ပျက်စီးကုန်တယ်။ ကျမဆွေမျိုးတွေဆီက ချေးထားတဲ့ ပိုက်ဆံ ပြန်ပေးဖို့ သိန်း ၁၀၀ လိုချင်တယ်။ ကျမ အကြွေးနဲ့ အတိုးတွေကို ပြန်ဆပ်ဖို့ အသည်းအသန် အလုပ်လုပ်နေရတယ်"*
*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီတွင် မှတ်တမ်းတင်ခဲ့သည်။)*

တချို့သောဖြစ်ရပ်များတွင်တရားလက်လွတ်အခွန်အကောက်များကိုမပေးနိုင်သောသို့မဟုတ်မပေးလိုသော အရပ်သားများကို တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက သတ်ဖြတ်မှုများကြောင့် ကျန်ရစ်သူမိသားစုများတွင် စီးပွားရေးအကြပ်အတည်းနှင့် ရင်ဆိုင်ကျန်ခဲ့ရသည်။ ၁၉၉၆ ခုနှစ် ချင်းပြည်နယ် တီးတိန်မြို့တွင်ဖြစ်ပွားသောအဖြစ်

အပျက်တစ်ခု၌ (ဖြစ်ရပ်အမှု ၁၁) ယာယီရွာသူကြီးဖြစ်သည့် အငြိမ်းစားတပ်မတော် အရာရှိတစ်ဦးသည် အခွန်ပေးရန် ငြင်းဆန်သည့်အတွက် ချင်းအမျိုးသားတပ်ဦးက ပစ်ခတ်သတ်ဖြတ်လိုက်သည်။ နောက်ဆက်တွဲရလဒ်အနေဖြင့် ၎င်း၏ ကလေးများ ဆင်းရဲဒုက္ခနှင့်တွေ့ကြုံပြီး ကျောင်းမှလည်း နုတ်ထွက်လိုက်ကြရသည်။ (စစ်မှန်သော ပြည်သူ့ကျေးကျွန် အဖွဲ့မှ ၁၉၉၇ ခုနှစ်တွင် မှတ်တမ်း တင်ခဲ့သည်။)

ထိုသေဆုံးသူ၏ သူငယ်ချင်း ထိုသူ၏ ရွာပနအခမ်းအနားသို့ တက်ရောက်ခဲ့ရာတွင် ချင်းအမျိုးသားတပ်ဦးက စစ်သားများဖြင့် တွေ့ဆုံခဲ့ရာ ဤသို့ပြောဆိုခဲ့သည်(အမှုဖြစ်ရပ် ၇)။ "ခင်ဗျားတို့ ဒါမျိုးတော့မလုပ်သင့်ဘူး။ ကျနော်တို့ လစဉ်အခွန်ပေးတယ် (....)။ ခင်ဗျားတို့ အပြစ်မဲ့သူတွေကို ဒီလိုသတ်နေမယ်ဆိုရင် ကျနော်တို့ အခွန်တွေမပေးတော့ဘူး" ဟုပြောသောကြောင့် စစ်သားများက သူ့ကိုပစ်သတ်လိုက်ပြီး နောက်ထပ်ရွာသား တစ်ဦးကို "ဒီအလောင်းကို အဝေးယူသွားလိုက်၊ ဒါမင်းတို့အားလုံးအတွက် နမူနာပဲ" ဟုပြောဆိုခဲ့သည်။ သူ့ဖခင် ထိုသို့ အသတ်ခံရပြီးနောက် ငွေကြေးအခက်အခဲကြောင့် ရုန်းကန်ခဲ့ရသည့် သူ၏သမီးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)သို့ ပြောပြခဲ့သည်မှာ –

*"ကျမ မိဘတွေဆုံးပါးသွားတဲ့နောက် ကျမ သူများဆီမှာ အိမ်အကူအနေနဲ့ အလုပ်လုပ်ခဲ့ရတယ်။ ကျမ ကျောင်းဆက်တက်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ကျမအခုဆို သူနာပြုတစ်ယောက်ဖြစ်ပြီကျမရဲ့အနာဂတ် အတွက် အကောင်းဆုံးဖြစ်အောင် ကျမကြိုးစားမယ်"*
*(စစ်မှန်သောပြည်သူ့ကျေးကျွန်အဖွဲ့မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်ခဲ့သည်။)*

## မြေယာသိမ်းဆည်းခံရမှုများ

လူတွေ့မေးမြန်းဖြေကြားမှုပြုလုပ်ခဲ့သည့် မြေယာသိမ်းဆည်းခံရမှုကြောင့် နစ်နာခံစားရသူများက သူတို့၏ အသက်ရှင်နေထိုင်မှု ဘဝနှင့်တိုက်ရိုက်ဆက်နွယ်နေသည့် ပိုင်ဆိုင်မှုများဆုံးရှုံးရသည့် ရလဒ်ကြောင့် စီးပွားရေးအခက်အခဲကို ရင်ဆိုင်ခဲ့ကြရ သည်ဟုဆိုသည်။ နစ်နာခံစားရသူများအနေဖြင့် လျော်ကြေးများ လုံးဝမရခြင်း သို့မဟုတ် အနည်းငယ်သာ ရရှိခြင်းများအပြင် ထိုသိမ်းဆည်းခံရမှုများနှင့်ပတ်သက်၍ ကန့်ကွက်ရန်ကြိုးစားခဲ့ပါက ဥပဒေကြောင်းအရ အနှောင့်အယှက် အပြုခံရခြင်းအပြင် တခါတရံ ထောင်သွင်းအကျဉ်းချခံရသည့် အခြေအနေမျိုးနှင့်ပင် ရင်ဆိုင်ရတတ်သည်။ လယ်မြေအသိမ်းခံရပြီးနောက် ထိုမြေများပေါ်တွင် ဆက်လက်လုပ်ကိုင်ရန် ကြိုးစားသည့်အတွက် ဖမ်းဆီးမှုများကို တချို့အနေ ဖြင့်ခံခဲ့ကြရသည်။

တနင်္သာရီတိုင်း ရေဖြူမြို့နယ်တွင်ဖြစ်ပွားခဲ့သော ကိစ္စတစ်ခု၌ မောရဝတီအခြေစိုက်ရေတပ်စခန်းက မိသားစုတစ်စုထံမှ မြေ ၇ ဧကကို ၁၉၉၆ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင် နှစ်ကြိမ်တိုင်တိုင် သိမ်းယူခဲ့သည် (အမှုဖြစ်ရပ် ၉၁)။ မြေသိမ်းခံရသူများအနေဖြင့် လျော်ကြေးငွေအနည်းငယ်မျှကိုသာရရှိကာ နောက်ဆက်တွဲအနေဖြင့် ငွေကြေးပိုင်းဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ခဲ့ရပြီး လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ပြောပြခဲ့သည်မှာ –

*"မြေနှင့်ခြံက ကျနော်တို့အတွက် အရမ်းကို အရေးပါတယ်။ ကျနော်တို့မြေကို သိမ်းဆည်းလိုက်တဲ့ အခါ ကျနော်တို့အနေနဲ့ နလုံးကြေကွဲရပြီး အခက်အခဲ မျိုးစုံကြုံတွေ့ခဲ့ရတယ်"*
*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မှတ်တမ်းတင်ခဲ့သည်။)*

၁၉၉၈ ခုနှစ်က ဖြစ်ရပ်တွင် (အမှုဖြစ်ရပ် ၉၇) အထွေထွေအုပ်ချုပ်ရေးဌာနက မွန်ပြည်နယ်၊ ရေးမြို့နယ်ရှိ ရွာသားတချို့ထံမှ စစ်စခန်းတည်ဆောက်ရန်အတွက် မြေများကိုသိမ်းယူခဲ့ပါသည်။ အထွေထွေအုပ်ချုပ်ရေးဌာနသည် စစ်တပ်ကထိန်းချုပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းတရပ်ဖြစ်ပြီး ဒေသန္တရအုပ်ချုပ်ရေးအတွက် တာဝန်ရှိပါသည်။ နစ်နာခံစားရသူများအတွက်မူ ထိုမြေကြီးသည် ၎င်းတို့အသက်ရှင် နေထိုင်မှုဘဝအတွက် မှီခိုနေရ

ခြင်းဖြစ်ပြီး လျော်ကြေးပေးချေမှုမရှိဘဲ သိမ်းဆည်းလိုက်ခြင်းကြောင့် စီးပွားရေးအကြပ်အတည်းကို ကြုံတွေ့ရလေတော့သည်။ လယ်သမားတစ်ဦးဆိုလျှင် တိုင်းပြည်မှထွက်ခွာရပြီး ရွှေ့ပြောင်းအလုပ်သမားတစ်ဦးအနေဖြင့် ရပ်တည်ရကာ အခြားတစ်ဦးဆိုလျှင် ၎င်း၏မြေများထောက်ပံ့မှုပေါ်တွင် အကြွင်းမဲ့ ရပ်တည်ရသောဘဝသို့ ဆိုက်ရောက်သွားခဲ့သည်။ ထိုအထဲမှ နစ်နာခံစားရသူတစ်ဦးက စစ်တပ်အနေဖြင့် လျော်ကြေးများပေးမည့်ဟန်ပြုပြီးမှ လက်တွေ့တွင် မပေးခဲ့ကြောင်းကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြ သည်မှာ -

> *"ငွေပေးဖို့ အထုပ်တွေကို ကျနော်တို့ရှေ့မှာပုံထားတယ်။ ပြီးတော့ သူတို့က ဓာတ်ပုံတွေရိုက်ပြီး ကျနော်တို့ကိုစာရွက်ပေါ်မှာ လက်မှတ်ထိုးခိုင်းတယ်။ [….]။ ကျနော်တို့ခြံတွေနဲ့ မြေကွက်တွေအတွက် ဘာလျော်ကြေးမှမရခဲ့ဘူး။ အဲဒါပြီးတဲ့နောက် ကျနော်တို့ မြေကွက်တွေကိုအားလုံးသိမ်းလိုက်တာပဲ။ ကျနော်တို့အကုန်လုံး ဆုံးတာပဲ"*
>
> *(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်ခဲ့သည်။)*

လယ်သမားများအနေဖြင့် တရားစီရင်ရေးစနစ်အပေါ် အယုံအကြည်မရှိသည့်အလျောက် တရားစွဲဆိုမှုများ မလုပ်ခဲ့သည့်အပြင် တရားရေးစရိတ်များကြောင့် ငွေကြေးပိုင်းဆိုင်ရာ အခက်အခဲများ ထပ်မံရင်ဆိုင်ရမည်ကို စိုးရွံ့ကြောင်း ပြောပြခဲ့သည်မှာ -

> *"ကျနော်တို့ဆီမှာ တရားဝင်အထောက်အထား စာရွက်စာတမ်းတွေရှိတယ်။ တကယ်လို့ကျနော်တို့တရားရုံးသွားလည်း ကျနော်တို့ရှုံးမှာပဲလေ။ သူတို့ကအာဏာရှိတယ်။ ကျနော်တို့ တရားရုံးမှာဖြေရှင်းဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် သူတို့ကပြောတယ်၊ တရားရုံးမှာ ကျနော်တို့ရှုံးရင်တရားရေးစရိတ်တွေ အားလုံးကို ကျနော်တို့က ကျခံရလိမ့်မယ်လို့ပြောတော့ကျနော်တို့ တရားရုံးကိုမသွားလိုက်တော့ဘူး"*
>
> *(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်ခဲ့သည်။)*

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခု၌ လယ်သမားတော်တော်များများထံမှ ခြေလျင်တပ်ရင်း (၈၀) နှင့် ခြေမြန်တပ်မ (၆၆) က လယ်မြေများကို ၂၀၀၃ ခုနှစ်တွင် သိမ်းယူခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် တရားဝင်အစိုးရလမ်းကြောင်းများမှ တစ်ဆင့်ဆောင်ရွက်ခဲ့သော ဥပဒေကြောင်းနည်းလမ်းများက မည်သည့်ရလဒ်မျှ ဆောင်ကြဉ်းမလာနိုင်တော့သောကြောင့် လယ်သမားများက ဆန့်ကျင်ဆန္ဒပြမှုတစ်ခုကို စည်းရုံးလုပ်ဆောင်ခဲ့ရာ ရဲနှင့် အစိုးရအာဏာရှိများက ရက်စက်ကြမ်းကြုတ်စွာ ဖြိုခွဲခဲ့ပါသည်။ ထို့နောက် သိပ်မကြာခင်အချိန်လေးအတွင်း ဆန္ဒပြခေါင်းဆောင်များအနက်မှ ၅ ဦးကို ထောင် ၆ လ ပြစ်ဒဏ်ချမှတ်လိုက်ပါသည်။ ထိုလယ်သမားအနေဖြင့် ယခုအခါတွင် မည်သည့်လုပ်ကိုင်စရာမှမရှိဘဲ နီးစပ်ရာ စမ်းချောင်းများတွက် ငါးဖမ်းရာဖွေစားသောက်ခြင်းဖြင့် အသက်ရှင်နေနိုင်ရန် ကြိုးစားနေရပါသည်။ ၎င်းတို့ကလေးများအနေနှင့်လည်း ကျောင်းများမှ ထွက်လိုက်ရပါသည်။ ၎င်းတို့အထဲမှ လယ်သမားတစ်ဦးက မြန်မာနိုင်ငံ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြခဲ့သည်မှာ -

> *"ဒီမြေတွေအားလုံးကို ငါတို့ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်ခဲ့ကြတာ…အဲဒါကြောင့် ငါတို့ အဲဒါတွေကို ပြန်လိုချင်တယ်။ အဲဒီလယ်မြေတွေ ငါတို့မှာ မရှိရင် ငါတို့ ဘယ်လိုအသက်ရှင်နေနိုင်ပါ့မလဲ"*
>
> *(စစ်မှန်သောပြည်သူ့ကျေးကျွန်အဖွဲ့မှ ၂၀၁၇ ခုနှစ် ဇန္နဝါရီလတွင် မှတ်တမ်းတင်ခဲ့သည်။)*

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ဖြစ်ပွားခဲ့သောကိစ္စရပ်တစ်ခု၌ (ဖြစ်ရပ်အမှု ၉၂) မြန်မာကုမ္ပဏီတစ်ခုက လယ်သမား ၁၂ ဦးထံမှ မြေများကို ၂၀၁၃ ခုနှစ်တွင် သိမ်းဆည်းခဲ့ပြီး ထိုလယ်သမားများက အဆိုပါမြေများတွင် ဆက်လက်နေထိုင် လုပ်ကိုင်စားသောက်နေသောကြောင့် ကုမ္ပဏီက လယ်သမားများအား ထိုမြေပေါ်တွင် တရားမဝင်နေထိုင်မှုဖြင့် အောင်မြင်စွာ တရားစွဲဆိုနိုင်ခဲ့သည်။ လယ်သမားများသည် ပြစ်ဒဏ်ထင်ရှားကြောင်း စီရင်ခံရပြီး ထောင်ဒဏ်တစ်နှစ်ကျော်အကျခံရကာ၊ နစ်နာခဲ့ရသောလယ်သမား တစ်ဦးချင်းဆီက ဤသို့မြေဆုံးရှုံးမှုကြောင့် စီးပွားရေးဒုက္ခများကြုံရသည့်အပြင် တရားရုံးစရိတ်များအတွက်လည်း နွားများကိုရောင်းချသုံးစွဲခဲ့ရကြောင်း ပြောပြပါသည်။

သူ့အနေဖြင့် ယခုတွင် အခြားလယ်သမားများထံမှ နွားကိုငှားရမ်းလုပ်ကိုင်၍ အသက်ရှင်နေထိုင်ရန်ကြိုးစားနေရကြောင်းပြောပြခဲ့ပါသည်။ (အနာဂတ်အလင်းတန်း ဆုံမှတ် မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် မှတ်တမ်း တင်ထား ခဲ့သည်။)

## နိုင်ငံရေးအကျဉ်းသား

> “ငါ့ဒေသ တိုးတက်ဖွံ့ဖြိုးမှုအတွက် ငါကြိုးစားပေးဆပ်ပေမယ့်လည်း ငါအဖမ်းခံခဲ့ရတာ ငါစိတ်မကောင်းဘူး။ ငါ့လုပ်ငန်းလည်းဆုံးတယ်၊ ငါ့ကလေးတွေကိုလည်း မထောက်ပံ့နိုင်တော့ဘူး”

လူတွေ့မေးမြန်း ဖြေကြားမှုပြုလုပ်ခဲ့သည့် နိုင်ငံရေးအကျဉ်းသားဟောင်းများက ၎င်းတို့အား ထောင်သွင်းအကျဉ်းချထားခဲ့မှုကြောင့် စီးပွားရေးအခက်အခဲများ ကြုံရသည်ဟုဆိုပါသည်။ အဓိကအကြောင်းမှာ ၎င်းတို့အား အလုပ်ရရှိစေရန်ဟန့်တားခံရခြင်း သို့မဟုတ် အိမ်နီးနားချင်းများက ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ဝိုင်းဝန်းမပံ့ပိုးခြင်းအစရှိသည့်လူမှုရေးအရ အရှက်ရအောင်ပြုမူထားသော နှိမ့်ချမှုဓလေ့ကြောင့်ဖြစ်သည်။[၁၇] နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် အကျဉ်းချခံခဲ့ရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရခြင်းများကြောင့် ကျန်းမာရေးပြဿနာများ ဆက်လက်ခံစားနေရကာ အလုပ်လုပ်ကိုင်နိုင် ရန်တားဆီးထားသကဲ့သို့ဖြစ်နေပါသည်။ တချို့အခြေအနေများတွင်၎င်း တို့၏ပိုင်ဆိုင်မှုများကို အဖမ်းခံရသည့်၍ အချိန်တွင် သိမ်းဆည်းခံရခြင်း သို့မဟုတ် တရားရေးဆိုင်ရာ ကုန်ကျမှုများအတွက် ကျန်ရစ်သူမိသားစုများက ၎င်းတို့၏ ပိုင်ဆိုင်မှုအများစုကိုရောင်းချ လိုက်ရခြင်းကြောင့်ဖြစ်ပေသည်။ ၎င်းတို့၏ ငယ်ရွယ်နုပျိုသောဘဝကို ထောင်တွင်းတွင်ကုန်ဆုံး လိုက်ရခြင်းကြောင့်လည်း ပညာဆက်လက်သင်ကြား ခွင့်မရှိတော့ခြင်း သို့မဟုတ် အလုပ်တစ်ခုရရန် အတွက် အတွေ့အကြုံ ဆုံးရှုံးရခြင်းများ ပါဝင်ပါသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးမှာ စစ်အစိုးရကို ဆန့်ကျင်သည့် တိုက်တွန်းလှုံ့ဆော်သောလုပ်ရပ်များကြောင့် ၁၉၇၀ ပြည့်နှစ်တွင် ထောင်ဒဏ် ၄ နှစ်ကျခံခဲ့ရပြီး ၈၈၈၈ အရေးတော်ပုံတွင်ပါဝင်ပတ်သက်မှုကြောင့် ၁၀ နှစ်တဖန် ထပ်မံကျခံခဲ့ရပြန်သည် (အမှုဖြစ်ရပ် ၁၁၀)။ လူ ၅ ဦးအားသတ်သည်ဆိုသည့်စွဲချက်ဖြင့် ထိုသူကို စစ်ခုံရုံးတွင် ပို့ဆောင်ကာ စစ်ဆေးသည့်ဗိုလ်မှူးကြီးက သက်သေအထောက်အထားခိုင်လုံစွာ မရှိသည်ကိုဝန်ခံသော်လည်း “မင်းဘယ် သူမှန်းတော့ ငါလည်းမသိပါဘူး။ အထက်က လာတဲ့အမိန့်အတိုင်း ငါလုပ်ရတာပါ” ဟုပြောခဲ့ပါသည်။ မိသားစုက သူလွတ်မြောက်ရေးအတွက် ပိုင်ဆိုင်သမျှရောင်းချ၍ ကြိုးစားခဲ့ကြပြီး သူ၏စီးပွားရေးလည်း ဆုံးရှုံးခဲ့ပါသည်။ သူ့အနေဖြင့် သူကိုယ်တိုင်ကိုသော်လည်းကောင်း သို့မဟုတ် သူ၏သားသမီးများကိုသော်လည်းကောင်း ထောက်ပံ့နိုင်စွမ်းမရှိတော့ဘဲ သူ၏မြေများအပေါ်တွင်သာလတ်တလောမှီခိုနေရပေသည်။ သူကလူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ) ကိုပြောပြခဲ့သည်မှာ -

*“ငါ့ဒေသတိုးတက်ဖွံ့ဖြိုးမှုအတွက် ငါကြိုးစားပြီး ပေးဆပ်ပေမယ့်လည်း ငါအဖမ်းခံခဲ့ရတာ ငါ...စိတ်မကောင်းဘူး။ ငါ့ လုပ်ငန်းလည်းဆုံးတယ်၊ ငါ့ ကလေးတွေကိုလည်း မထောက်ပံ့နိုင်တော့ဘူး”*
*(အနာဂတ်အလင်းတန်းဆုံမှတ်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီတွင် မှတ်တမ်းတင်သည်။)*

၁၇။ နိုင်ငံရေးအကျဉ်းသားဟောင်းများ လူ့အဖွဲ့အစည်းထဲသို့ ပြန်လည်ဝင်ဆန့်နိုင်ရန်အတွက် ကြုံတွေ့ရသောစိမ်ခေါ်မှုများနှင့် ပါတ်သက်၍ နောက်ခံအခြေအနေကို သိရှိလိုပါက AAPP ၏စာမျက်နာကို ကြည့်ပါ။ မိမိ ပြန်လွတ်လာပြီးသည့်နောက် မိမိဘဝကို အစမှ ပြန်လည်စတင်ရမည်ဖြစ်သည်။ May 2016, HYPERLINK "http://aapp-pb.org/wp-content/uploads/2016/05/Report-eng.pdf"

အလားတူ နောက်ထပ်နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးသည် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးနှင့် ၂၀၁၅ ခုနှစ် ကျောင်းသားဆန္ဒပြမှုတွင်ပါဝင်ခဲ့သောကြောင့် ထောင်ဒဏ် ၄ နှစ်ကျော်ကျခံခဲ့ရပါသည် (ဖြစ်ရပ်အမှု၁၀၄)။ သူ့အနေ ဖြင့် နှိပ်စက်ညှဉ်းပန်းမှုကို ခံခဲ့ရပြီး ထောင်မှလွတ်မြောက်လာပြီးသည့်နောက်တွင် လူမှုအသိုင်းအဝန်း၏နှိမ့်ချကျဉ် ဖယ်မှုကို ခံစားခဲ့ရသည်။ စစ်ထောက်လှမ်းရေးများက ၎င်း၏အိမ်နီးနားချင်းများကို ထိုသူ၏ဆိုင်ကယ်ပြင်ဆိုင်သို့ မသွားရန် သတိပေးခံရပြီး ထို့အတွက်ကြောင့် ငွေကြေးဆိုင်ရာအကြပ်အတည်းများ ကြုံဆုံခဲ့ရသည်။ ၎င်း၏ မှတ်ပုံတင်ကိုသိမ်းဆည်းခဲ့ခြင်းကြောင့် သူ၏လွတ်လပ်စွာသွားလာလှုပ်ရှားမှု၊ အခြေခံဝန်ဆောင်မှုများကို အကန့်အသတ်သိသိသာသာဖြစ်စေကာ သူ၏နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ကျင့်သုံးနိုင်မှုကိုပါ ထိခိုက်လေတော့သည်။ (အနာဂတ်အလင်းတန်းဆုံမှတ် မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် မှတ်တမ်းတင်ထားခဲ့သည်။)

## ကျန်းမာရေးနှင့် စိတ်ဓာတ်ရေးရာပိုင်းဆိုင်ရာ ပြဿနာများ

*“ဒေါ်အောင်ဆန်းစုကြည်က အတိတ်ကို မေ့လိုက်ပါလို့ ပြောတာတောင် ငါတို့ နလုံးသားထဲမှာ အခုထက်ထိ နာကျင်နေတုန်းပဲ”*
*နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦး (အမှုဖြစ်ရပ် ၁၀၆)*


နှစ်နာခံစားရသူများက လူ့အခွင့်အရေးချိုးဖောက်ခံရပြီးသည့်နောက်ဆက်တွဲအနေဖြင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများနှင့်ကြုံတွေ့ခံစားနေရကြောင်းပြောဆိုခဲ့သည်။

### ပဋိပက္ခ

ပဋိပက္ခကြောင့် နစ်နာခံစားရသူ ရုပ်ပိုင်းဆိုင်ရာပြဿနာများမှာ များသောအားဖြင့်ညှဉ်းပန်းနှိပ်စက်မှုများကြောင့်ဖြစ်ပြီး တချို့သောနစ်နာသူများ နာမကျန်းဖြစ်ရခြင်းမှာ အကျဉ်းထောင် သို့မဟုတ် ရွှေ့ပြောင်းဒုက္ခသည် စခန်းအတွင်း ဆိုးဝါးသောအခြေအနေများကြောင့်ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာပြဿနာများသည် ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ဝမ်းနည်းကြေကွဲခြင်းနှင့် စီးပွားရေးအခက်အခဲများ စသည့်အကြောင်းများကြောင့်ပေါက်ဖွား လာတတ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ပြဿနာများထဲတွင် စိတ်ကျန်းမာရေးအခြေအနေများပါဝင်ပြီး မိသားစုအဖွဲ့ဝင် တစ်ဦး၏အချိန်ပြည့် စောင့်ရှောက်မှုကို လိုအပ်နေသောအခြေအနေမှအစ စိတ်ဓာတ်ကျဆင်းခြင်း၊ အိမ်ပြင်သို့ထွက်ရန် တားဆီးနေသည့်အားလျော့စေသော ကြောက်စိတ်ကိုရရှိနေခြင်းနှင့် မိသားစုဝင်တစ်ဦးဆုံးရှုံးရလျှင် ကြီးစွာသောပူဆွေးသောကဖြစ်ခြင်း စသည်တို့အထိဖြစ်ပါသည်။ ကဏ္ဍမျိုးစုံမှ နစ်နာခံစားရသူများသည် ၎င်းတို့ခံစားနေရသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများအတွက် ဆေးဝါးနှင့် ကုသမှုရယူရန် တတ်စွမ်းနိုင်စွမ်းမရှိပါဟု ထပ်တလဲလဲ ပြောဆိုကြပါသည်။

၂၀၁၂ ခုနှစ် ဇွန်လက ကချင်ပြည်နယ် မြစ်ကြီးနား ခရိုင်တွင်ဖြစ်ပွားခဲ့ပြီး မီဒီယာ၏ အာရုံစိုက်မှု ထူးထူးခြားခြား ရရှိခဲ့သော အမှုဖြစ်ရပ်တခုတွင်(အမှုဖြစ်ရပ်၄၉) ခြေလျင်တပ်ရင်း (၃၇)နှင့် တာလောကြီး ပြည်သူ့စစ်အဖွဲ့မှ ရွာသား ၇ ဦး ကို နှိပ်စက်ညှဉ်းပန်း ခဲ့ပါသည်။ ထိုသူများထဲမှ တစ်ဦးဖြစ်သောအသက် ၂၄ နှစ်ရှိ ဦးဘရန်ရွှန်မှ သူတို့အားမည်သို့ ရိုက်နက်ပုံ၊ ဓားများဖြင့်မီးရှို့ပုံ၊ ကျောက်တုံးသေးလေးများ အပေါ်တွင်အတင်း အကြပ်ဒူးထောက်ခိုင်းပုံ၊ ရေမွန်းကြပ်အောင်လုပ်ပုံ၊ ရေနင့်ဓာတ်ဆီရောထည့်၍တိုက်ပုံ၊ သံခြေကျဉ်းများနှင့် သီချင်းဆိုခိုင်း၊ ကခိုင်းပုံ၊ လက်ဝါးကပ်တိုင်ပေါ်ရှိ ကိုယ်တော်ယေရှုအတိုင်း ပြုလုပ်ခိုင်းပုံ အစရှိသည်တို့ကို ပြန်ပြောပြပါသည်။ ဦးဘရန်ရွှန်နှင့် အခြားထိန်းသိမ်းခံတစ်ဦးဖြစ်သည့် အသက် ၅၃ နှစ်ရှိ ဦးလဖိုင်ဂန်အား စအိုအသုံးပြု၍ အပြန်အလှန် လိင်ဆက်ဆံခိုင်းခြင်း၊ ကေအိုင်အေစစ်သားဖြစ်ကြောင်း ဝန်ခံသောသီချင်းကိုဆိုစေခြင်းဖြင့် ထောင်အနှစ် ၂၀ ကျအောင်ပြုလုပ်ကြလေသည်။

ဦးဘရန်ရွှန်သည် တရားရုံးလွှတ်တော်ချုပ် ဆုံးဖြတ်ချက်ဖြင့် ပြန်လည်လွတ်မြောက်လာကာ ဦးလဖိုင်ဂန်မှာ ၂၀၁၈ ခုနှစ် ဧပြီလ လွတ်ငြိမ်းချမ်းသာခွင့်မှသာ ပြန်လည်လွတ်မြောက်လာသည်။ သူ့အနေဖြင့် အကျဉ်းချခံနေရစဉ်အတွင်း ပြင်းထန်သော ကျန်းမာရေးပြဿနာများခံစားရကာ စအိုသွေးယိုခြင်းနှင့် အစာအိမ်ရောဂါတို့အတွက်သွေးသွင်းရန်ပင် လိုအပ်ခဲ့သည်ဟု ကြားသိရသည်။[၁၈] ဦးဘရန်ရွှန်အနေဖြင့် ညှဉ်းပန်းမှုမှ ပြင်းထန်သောနာကျင်မှုကို ဆက်ခံစားခဲ့ရပြီး ကောင်းမွန်စွာမလှုပ်ရှားနိုင်၊ အလုပ်မလုပ်နိုင်သောကြောင့် မိသားစုအနေဖြင့် သူတို့နေထိုင်သည့် ရွှေ့ပြောင်းဒုက္ခသည် စခန်းမှ ထောက်ပံ့သည့် လစဉ် ၄၀၀၀ ကျပ်နှင့် ရပ်တည်နေရသည်။ (ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ ၂၀၁၂ ဇွန် နှင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာတွင် မှတ်တမ်းတင်ထားပါသည်။)



မြန်မာစစ်တပ်ခြေလျင်တပ်ရင်း (၃၇) စစ်သားများက ဖမ်းဆီးနှိပ်စက်ခြင်းခံရသူတစ်ဦး၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလကဖြစ်ခဲ့သော အမှု (အမှုဖြစ်ရပ် ၄၁)တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ရှိအိမ်တစ်အိမ်၌ ညီအစ်ကို ၂ ဦး အရက်သောက်နေရာ ဖားကန့်မြို့နယ်အခြေစိုက် ဗျူဟာ ကွပ်ကဲရေးမှ စစ်သားများ ၎င်းတို့အိမ်သို့ရောက်လာပြီး ကေအိုင်အေစစ်သားများဟု စွပ်စွဲကာဖမ်းဆီးခဲ့ပါသည်။ ၎င်းတို့အား ကွပ်ကဲရေးအခြေစိုက်သို့ခေါ်သွားပြီး လယ်သမားဖြစ်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်ဖြစ်သည်ဟု ဝန်ခံသည်အထိ ညှဉ်းပန်းနှိပ်စက်ပါသည်။ ၎င်း၏ညီမှာဘုရားကျောင်းတခုက လုံခြုံရေးအစောင့်ဖြစ်ပါသည်။ ထိုနစ်နာသူ ၂ ဦးစလုံးအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုနောက်တွင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ပြဿနာများရရှိခဲ့ရာ တစ်ဦးက လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက်ကို ပြောပြခဲ့ သည်မှာ -

*"ရက်ရက်စက်စက်နှိပ်စက်တဲ့ဒဏ်ကြောင့်ငါတခါတခါသွေးအန်တယ်။ [....] အဲဒါနဲ့ ဆေးကုသခံရတယ်။ ငါ့မှာ ပိုက်ဆံမရှိဘူး။ [...] အဲဒီချိုးဖောက်ခံရတာစဉ်းစားမိတိုင်း ငါကြောက်ပြီးတုန်လာတယ်။ [....] ငါ့ခြံ အလုပ်တောင် ကောင်းကောင်းမလုပ်နိုင်ဘူး"*

*(ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မှတ် တမ်း တင်ထား ခဲ့သည်။)*

ပဋိပက္ခကြောင့် နစ်နာခံစားရသူများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများကို ပေးစေလိုသောကြောင့် သို့မဟုတ် အထောက်အပံ့များပေးသည်ဟု ဆိုကာ ဥပမာအားဖြင့် အိပ်စရာနေရာ သို့မဟုတ် ဆန်တစ်အိတ် ပေးသည်ဟု စွပ်စွဲခံရသောကြောင့် မကြာခဏဆိုသလို နှိပ်စက်ခံရခြင်းဖြစ်သည်။ ၂၀၁၂ ဇန္နဝါရီလက

၁၈။ ကမ္ဘာ့ကုလသမဂ္ဂမှ လဖန်ဂန်သည် တရားမဝင် ထိန်းသိမ်းခံရခြင်းဖြစ်သည်ဟု ဆုံးဖြတ်ပြီး ချက်ချင်းလွှတ်ပေးရန်နှင့် ပြန်လည်ကုစားပေးလျော်ရန် အစိုးရအား ညွှန်ကြားခဲ့သည်။ တရားလက်လွတ်ဖမ်းဆီးမှုများဆိုင်ရာ ကုလသမဂ္ဂအလုပ်အဖွဲ့ Opinion No. 50/2013, U.N. Doc. A/HRC/WGAD/2013/50, 2014 wGif-Munfhyg/ HYPERLINK "http://hrlibrary.umn.edu/wgad/50-2013.html" http://hrlibrary.umn.edu/wgad/50-2013.html

ဖြစ်ပွားခဲ့သော ဖြစ်ရပ်တွင် (အမှုဖြစ်ရပ် ၆၃) ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်နေ လယ်သမားတဦးသည် ခြေလျင်တပ်ရင်း (၄၅) မှ စစ်သားများ လာရောက်စစ်ဆေးမေးမြန်းချိန်တွင် အလုပ်က အနားယူနေချိန်ဖြစ်သည်။ ထိုစစ်သားများသည် သူ၏ ခေါင်းကို ပလတ်စတစ်အိတ်ဖြင့်စွပ်ကာ ခြေထောက်များကို ကြိုးချည်ပြီးတက်နင်း၍ အပ်များဖြင့်ထိုးဆွခဲ့သည်။ သူ၏နံရိုးများကို ၎င်းတို့၏သေနတ်များနှင့် ထုထောင်းကာ ကေအိုင်အေသို့ ဆန်များပေးပို့နေခြင်း ဟုတ်၊ မဟုတ်ကို မေးမြန်းကြသည်။ သူသတိမေ့သည်အထိ ဆက်လက်ရိုက်နက်ကြသည်။ ထိုနစ်နာသူအနေဖြင့် ကျန်းမာရေးပြဿနာ များကို ဆက်လက်ခံစားရကာ သူ၏မိသားစုကို ထောက်ပံ့ နိုင်ရေးအတွက်ပင် အလုပ်ကို ကောင်းစွာ မလုပ်နိုင်တော့ချေ။

*"ငါ့ရဲ့ ဒဏ်ရာတွေမြင်တော့ တအိမ်သားလုံး လန့်သွားကြတယ်။ ငါ ၂ လလောက်ဆေးကုယူလိုက်ရတယ်။ ဆေးဖိုးချည်း ၆ သိန်းလောက် သုံးလိုက်ရတယ်။ အပြင်ကဒဏ်ရာတွေ ပျောက်သွားပေမယ့် အထဲကဒဏ် ရာတွေကတော့ ခံစားနေရတုန်းပဲ။ [...] အခုဆိုရင် ငါ့မိသားစုကို အရင်ကလိုတောင် ကောင်းကောင်း မကျွေး နိုင်တော့ဘူး"*
*(ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ ၂၀၁၇ ခုနှစ် မတ်လတွင် မှတ်တမ်းတင်ခဲ့သည်။)*

တချို့ဖြစ်ရပ်များတွင် မြန်မာစစ်တပ် စစ်သားများက ဒေသခံများအား စစ်ဆေးခြင်း၊ ချိုးဖောက်ခြင်းများ ပြုလုပ် သောအခါ တစ်ရွာလုံးအား ပိတ်ဆို့ရပ်ဆိုင်းစေလိုက်သကဲ့သို့ ဖြစ်သွားသည်။ ၂၀၁၅ ခုနှစ် ဧပြီလတွင် ရှမ်းပြည်နယ် မူဆယ်ခရိုင်မှ အိမ်ခြေ ၃၄ အိမ်ရှိသော ရွာတစ်ရွာကို ခြေမြန်တပ်မ (၈၈)၏ စစ်သား ၁၀၀ ခန့်က သိမ်းပိုက်လိုက်ပြီး ကေအိုင်အေနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းနေချိန်အတွင်း မည်သူမှရွာအပြင်သို့ ထွက်ခွာမသွားရန် ဒေသခံများကို ပြောပါသည်။ ရွာသားတစ်ဦး၏အိမ်ဆိုလျှင် စစ်သားများက ၂ ပတ်ကြာသိမ်းယူထားပြီး စစ်သားများ၏ ခြိမ်းခြောက်၊ နှောင့်ယှက်မှုများကြောင့် ထိုရွာသားမှ ရုပ်ပိုင်းရော၊ စိတ်ပိုင်းပါ ကျန်းမာရေးပြဿနာများ ခံစားလိုက်ရသည်။

*"စစ်သားတစ်ယောက်ကငါ့ခေါင်းကိုသူ့သေနတ်နဲ့ချိန်တယ်၊နောက်တစ်ယောက်ကမြေကြီးကိုပစ်တယ်။ အဲဒါကြောင့် ငါအခုနားကောင်းကောင်း မကြားနိုင်တော့ဘူး။ [...] ကြောက်လွန်းလို့ ငါဆိုးဆိုးရွားရွား နေမကောင်းဖြစ်သွားတယ်။ ငါ့ကိုယ်ကိုယ်ငါ တစ်လလောက် ကောင်းကောင်းမသယ်နိုင်ဘူး။ အဲဒီ အစိုးရစစ်သားတွေ တွေ့တဲ့အချိန်ကတည်းကစပြီး ငါ့အမြဲလိုလိုကြောက်နေမိတယ်။ သူတို့ပြန်လာပြီး ငါ့ကို ထပ်နှိပ်စက်ဦးမလားလို့ ငါအမြဲ စိုးရိမ်ပူပန်နေမိတယ် "*
*(ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ ၂၀၁၇ ခုနှစ် မတ်လတွင် မှတ်တမ်းတင်ခဲ့သည်။)*

ပဋိပက္ခကြောင့် နစ်နာခံစားရသောအရေးအတွက်အားဖြင့် မနည်းသည့်သူများသည် ၎င်းတို့ချစ် မြတ်နိုးရ သူတစ်ဦး အသတ်ခံရလျှင် သို့မဟုတ်ပျောက်ဆုံးသွားလျှင် ကြီးစွာသော ပူဆွေးသောကကို ခံစားရကြောင်း ပြောပြကြသည်။တချို့သောအခြေအနေများတွင်ထိုသောကကြောင့်စိတ်ကျန်းမာရေးကိုပြင်းပြင်းထန်ထန်ထိခိုက်ကာ အလုပ်မလုပ်နိုင်သည်အထိ သို့မဟုတ် မိသားစုဝင်တစ်ဦးဦးက အမြဲတမ်းကူညီကြည့်ရှုပေးရန်လိုအပ်သည်အထိဖြစ် သွားတတ်ပါသည်။ ၂၀၀၀ ပြည့်နှစ်ကဖြစ်သော ကိစ္စတစ်ခုဆိုလျှင် (အမှုဖြစ်ရပ် ၂၈) မွန်ပြည်နယ် ရေးမြို့၌ အသက် ၉ နှစ်ရှိ ယောကျ်ားလေးတစ်ဦးသည် အိမ်အပြင်ဘက်တွင် သူငယ်ချင်းတစ်ဦးနှင့် သီချင်းဆိုရင်းထိုင်နေပါသည်။ ရုတ် တရက်လက်နက်ကိုင်များရောက်ရှိလာပြီးကလေးများကိုသေနတ်နှင့်ပစ်ခတ်ရာယောကျ်ားလေးတစ်ဦးသေဆုံးသွားခဲ့ ပါသည်။ ထိုမိသားစုမှ လာဘ်ငွေ ၆၀၀၀ ကျပ် မပေးမချင်းထိုကလေးအား ရဲအရာရှိများက သင်္ချိုင်းတွင်မြေမြှုပ်သင်္ဂြိုဟ် ခွင့်မပြုခဲ့ချေ။ မိခင်ဖြစ်သူမှာ စိတ်ထိခိုက်မှု ဆိုးဆိုးရွားရွားဖြစ်သွားသည့်အတွက် မိသားစုများက ၂၄ နာရီလုံး စောင့် ကြည့်ရသည့် အခြေအနေသို့ ရောက်ရှိသွားပါသည်။ မိသားစုအနေဖြင့် ထိုသို့ပြုလုပ်သွားသူများမှာ မည်သူမည်ဝါဟု သေသေချာချာ မသိသော်ငြားလည်း ခြေလျင်တပ်ရင်း (၃၁) ဟု ထင်ကြပါသည်။ အသတ်ခံရသော ကလေး၏အစ်မ ဖြစ်သူက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြခဲ့သည်မှာ -

*"သူသေနတ်ပစ်ခံရပြီးတဲ့နောက် ကျမမောင်လေးက စကားမပြောနိုင်တော့ဘူး၊ သူက အဖေ့လည်ပင်းကို ဖက်ထားချိန်မှာ သူ့ဒဏ်ရာကနေ အူတွေထွက်လာတယ်။ အိမ်နီးနားချင်းတွေက ဆေးရုံကို ညသန်းခေါင်ကြီးပို့ဖို့ကြိုးစားတယ်၊ ဒါပေမယ့် အဲဒီနေ့မနက် ၁ နာရီမှာပဲ သူဆုံးသွားတယ်။ [...] ဘာမှမဟုတ်တဲ့ သူ့လိုသာမန်ကလေးတစ်ယောက် အသတ်ခံလိုက်ရတဲ့အပေါ် ကျမတို့အား လုံး စိတ်မကောင်းကြဘူး"*
*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် မှတ်တမ်းတင်ခဲ့သည်။)*

၂၀၁၄ ခုနှစ် အောက်တိုဘာလက အဖြစ်အပျက် (အမှုဖြစ်ရပ် ၃၅) တွင်လည်း မွန်ပြည်နယ် ရေးမြို့ရှိ ၄၆ နှစ်အရွယ် အမျိုးသားတဦးကို မွန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၏ သတင်းပေးဟုစွပ်စွဲကာ ခြေလျင်တပ်ရင်း (၃၁) က ဖမ်းဆီးခဲ့ပါသည်။ ၎င်း၏မိသားစုအိမ်အနီးရှိ စစ်တပ်ဝင်းထဲသို့ခေါ်သွားခဲ့ပြီး သူ့အားညှဉ်းပန်းနှိပ်စက်သောကြောင့် အော်ဟစ်ညည်းတွားသံများကို ၎င်း၏ဇနီးနှင့်သမီးက အတိုင်းသားကြားနေခဲ့ရသည်။ သူ၏သမီးဖြစ်သူက ဖခင်ဖြစ်သူအား တွေ့ခွင့်ပေးရန် အကြိမ်ကြိမ်တောင်းဆိုသောကြောင့် နောက်ဆုံးတွင် မိသားစုကတွေ့ခွင့်ရရှိခဲ့ပါသည်။ သူ၏ဇနီးကပြောပြသည်မှာ "သူ့မျက်နှာရော၊ တကိုယ်လုံးရော ယောင်ကိုင်းနေတယ်။ ကျမတို့ သူ့ကိုတောင်မမှတ်မိဘူး။ ကျမယောကျ်ားလည်း ရက်ရက်စက်စက်နှိပ်စက်ခံထားရတော့ စကားတောင်မပြောနိုင်ဘူး" နောက်ထပ် ၁၅ ရက်ကြာသောအခါ သူပျောက်ဆုံးသွားပြီး ညှဉ်းပန်းနှိပ်စက်မှုများကြောင့် သေဆုံးသွားခဲ့သည်ဟု ၎င်းနှင့်အတူ အဖမ်းခံရသောဘုန်းကြီးတစ်ပါးက မိန့်ပါသည်။ ကျန်ရစ်သူဇနီးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ပြောပြသည် မှာ –

*"ကျမယောကျ်ားအကြောင်း ဘာသတင်းမှ မကြားရတော့ဘူး၊ သူ့အလောင်းလည်းမတွေ့ရဘူး။ သူအဖမ်းခံရတုန်းက ကျမနဲ့ ကျမသမီး ရူးသလိုခံစားရတယ်။ ကျမ အရူးလိုပဲ လမ်းပေါ်လျှောက်သွား နေမိတယ်"*
*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်ခဲ့သည်။)*



မြန်မာစစ်တပ်ခြေမြန်တပ်ရင်း (၃၃) လက်အောက်ခံ စစ်သားများက ဖမ်းဆီးနှိပ်စက်ခြင်းနှင့် ပေါ်တာအဖြစ် စေခိုင်းခြင်းခံရသော မန်ဆန်ရွာသား အမျိုးသား ၈ ဦးနှင့် အမျိုးသမီး ၁၂ ဦးထဲမှ တစ်ဦးပုံ၊ နန့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်။

များစွာသော ပဋိပက္ခကြောင့်ခံစား နစ်နာသူများစွာအနေဖြင့် သူတို့၏ နေ့စဉ်ဘဝအပေါ် သက်ရောက်မှုရှိနေသည့် ကြာရှည်လှသော အကြောက်တရားကို ဖွင့်ပြောကြပြီး စစ်သား ယူနီဖောင်းဝတ်ဆင်ထားသူတစ်ဦး သို့မဟုတ် မြန်မာစကားပြောသူတစ်ဦးတွေ့လျှင်ကိုပင် ကြောက်ရွံ့နေလေ့ရှိသည်ဟုဆိုသည်။ ဥပမာအားဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလက အဖြစ်အပျက်တွင် ခြေမြန်တပ်မ (၃၃) မှ စစ်သားများက သူတို့အနီးတွင် မြေမြှုပ်မိုင်းကွဲမှုကြောင့် ရွာသား ၈ ဦးကို ဖမ်းဆီးချည်နှောင်ကာ ရိုက်နှက်၍ တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်အကြောင်းကိုစစ်ဆေးမေးမြန်းပါသည်။ စစ်သားများက တစ်ရွာလုံးကိုခြိမ်းခြောက်ပြီးနောက် အမျိုးသမီး ၁၂ ဦးအပါအဝင် ရွာသား ၂၀ အား ပေါ်တာအဖြစ် အဓမ္မခိုင်းစေခဲ့သည်။ ထိုသို့ဖြစ်ပြီးနောက် တစ်ရွာလုံး ယာယီခိုလှုံရာနေရာ ရှာဖွေရန်အတွက် ထွက်ပြေးလာကြရာ ထိုအထဲမှ တစ်ဦးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကိုပြောသည်မှာ –

*“ငါ့အရမ်းကြောက်တော့ ညဆိုကောင်းကောင်းအိပ်မရဘူး။ ညလယ်ခေါင်ကြီး ခဏခဏလန့်နိုးတယ်။ ငါ စစ်သားတင်ကြောက်တာမဟုတ်ဘူး၊ မြန်မာစကားပြောတဲ့သူတွေကိုလည်းကြောက်တယ်”*
*(တအာန်းအမျိုးသမီးအဖွဲ့အစည်းမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် မှတ်တမ်းတင်သည်။)*



ရွာသူ/သားများတောထဲတွင် ယာယီခိုလှုံနေရပုံ၊ နန့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်။

နောက်ထပ်ဖြစ်ရပ်တစ်ခုတွင် ခြေလျင်တပ်ရင်း(၃၂၄) နှင့် အစိုးရပူးပေါင်းထားသည့် ပြည်သူ့စစ်အဖွဲ့တို့သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် တအာန်းရွာသို့ဝင်ရောက်လာပြီး ဒေသခံများကိုပစ်ခတ်ကာ ချုပ်နှောင်ရိုက်နှက်၍ TNLA နှင့်ပတ်သက်သော သတင်းပေးရန်တောင်းဆိုပါသည်။ (ဖြစ်ရပ်အမှု ၈၅) စစ်သားများက ရွာသားများကို သတ်ဖြတ်မည်ဟုခြိမ်းခြောက်ပြီး ၎င်းတို့အိမ်များကို လုယက်ခဲ့ကြသည်။ ထိုအဖြစ်အပျက်ကို မီဒီယာမှ တစ်စုံတစ်ရာအာရုံစိုက်မိသွားသောကြောင့် ရွာကိုစစ်တပ်၏စောင့်ကြည့်မှုအောက်တွင်ထားရှိရန်သာ ပြဋ္ဌာန်းထားသော်လည်း နစ်နာကြသူများမှာ မီးကိုပင် မဖွင့်ရဲတော့လောက်သည်အထိ အရမ်းကြောက်ရွံ့နေပြီး ယခု ဤလိုအပ်ချက် ဆန်းစစ်မှုကိုလုပ်နေသည့် အချိန်မှာပင် ရွာသားများအနေဖြင့် အမှောင်ထဲတွင် ဆက်လက်နေထိုင်နေဆဲဖြစ်သည်။ ထိုအထဲမှာ တစ်ဦးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်ကို ပြောသည်မှာ -

*“ငါတို့ စစ်သားကိုမြင်ရင် ကြောက်တယ်။ စစ်သားတွေရဲ့အသံကိုကြားတာနဲ့ ငါ့ အဝေးကြီးကို ထွက်ပြေးချင်တယ်” (တအာန်းအမျိုးသမီးအဖွဲ့အစည်း - ၂၀၁၆ ခုနှစ် ဒီဇင်ဘာ)*

## မြေယာသိမ်းဆည်းမှု

မြေယာသိမ်းဆည်းခံနစ်နာသူများသည်လည်း ၎င်းတို့၏ ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရပြီးသည့် နောက်တွင် ကျန်းမာရေးပြဿနာများ၊ များသောအားဖြင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများကိုခံစားကြရသည်။ မေးမြန်းခံရသူများက ပြောပြကြသည်မှာ စိတ်ပိုင်းဆိုင်ရာခံစားမှုများသည် မြေယာသိမ်းဆည်းခံရမှုကြောင့် ဖြစ်ပေါ်လာသော ငွေကြေးပိုင်းဆိုင်ရာ အခက်အခဲများ၏ရလဒ်ကြောင့်သော်လည်းကောင်း၊ ၎င်းတို့မိသားစု လက်ထဲတွင် ဘိုးဘွားအစဉ်အဆက် ပိုင်ဆိုင်ခဲ့သောပစ္စည်းများဆုံးရှုံးရသည့် ပူဆွေးသောကကြောင့်လည်းကောင်း၊ အာဏာပိုင်များ၏ ဥပဒေဆိုင်ရာထိပါးနှောင့်ယှက်မှုများကြောင့်လည်းကောင်း၊ သူတို့၏ပိုင်ဆိုင်မှုများ ပြန်လည်ရရှိရန်အတွက် ကြိုးစားရသောအခါ တွေ့ကြုံရသည့် စိတ်ဓာတ်ကျဖွယ် စီမံအုပ်ချုပ်ရေးဖြစ်စဉ်များကြောင့်လည်းကောင်း ဖြစ်ရသည်ဟု ဆိုပါသည်။



တနင်္သာရီတိုင်းဒေသတွင် မောရဝတီရေတပ်စခန်း တည်ရန်အတွက် အရပ်သားပိုင် ပစ္စည်းကို ဖျက်ဆီးထားပုံ (အမှုဖြစ်ရပ် ၈၆)

၂၀၁၆ ခုနှစ် ဒီဇင်ဘာလကဖြစ်စဉ်(အမှုဖြစ်ရပ်၈၆)တွင်တနင်္သာရီခရိုင်၊ရေဖြူမြို့နယ်တွင်နေထိုင်သော မိသားစုတစ်စုကို ဒေသခံအာဏာပိုင်များက မြဝတီရေတပ်စခန်းတည်ဆောက်ရန်အတွက် နှစ်ရက်အတွင်း သူတို့ အိမ်နှင့်ဆိုင် ၂ ဆိုင်ကိုဖျက်ပေးရန် သို့မဟုတ် ပါက ဒဏ်ရိုက်၍ ထောင်ကျခံရမည်ဖြစ်သည်ဟု ညွှန်ကြားပါသည်။ သူ၏အိမ်နှင့် အသက်မွေးဝမ်းကျောင်းဘဝကို ဆုံးရှုံးခဲ့ရပြီးနောက် ထိုသူသည် ယခု အခါ ၎င်း၏ ညီမနှင့် အတူနေကာ ယာတစ်ခုတွင် အလုပ်လုပ်၍ အသက်ရှင်သန် နေထိုင်နေရပါသည်။ သူ၏ တူမလေးက လူ့အခွင့် အရေးမှတ် တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို"အိမ်ပြောင်းရလို့ စိတ်ဓာတ်ကျပြီး ဆေးထိုးဖို့လိုခဲ့တယ်" ဟုပြောပြခဲ့သည်။ ထိုသူအနေဖြင့် စိတ်ပိုင်းဆိုင်ရာကျန်းမာ ရေးကိစ္စကိုဆက် လက်ခံစားနေရသည် ဟုဆိုသည်။ (မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ တွင် မှတ်တမ်းတင် ခဲ့သည်။)

၂၀၁၄ မတ်လတွင် ရေဖြူမြို့နယ်၌ အလားတူဖြစ် ပွားခဲ့သောကိစ္စတွင် မောရဝတီရေတပ်စခန်းမှ လင်မယားစုံတွဲတစ်တွဲကို၎င်းတို့ အိမ်မှ ၅ ရက်အတွင်း ထွက်ပေးရန်ပြောပြီး လျော်ကြေးအနည်းငယ်သာပေးပြီး ၎င်းတို့၏ မြေ ၃၈ ဧကကိုသိမ်းဆည်းခဲ့သည်။ ထိုအဖြစ်အပျက်နောက်ပိုင်းတွင် ထိုစုံတွဲ အနေဖြင့်ပြင်းထန်သောစိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများကိုခံစားရပြီး ခင်ပွန်းဖြစ်သူမှာနေရာသစ်သို့ ပြောင်းရွှေ့ခံရပြီးရက်များ မကြာမီတွင် ဆုံးပါးသွားခဲ့သည်။ ၎င်း၏ သားသမက်ဖြစ်သူက လူ့အခွင့်အရေး မှတ်တမ်း ကွန်ရက် (မြန်မာနိုင်ငံ)ကို ပြော ပြသည်မှာ –

> *"နေရာသစ်ကို ပြောင်းလာရပြီး ၂ ရက်လောက်အကြာမှ စိတ်ဝေဒနာစရတယ်။ အဲဒီနောက် သူ့ကိုကံပေါက်ဆေးရုံ ပို့လိုက်တယ်။ [....] ဆေးရုံက ဆင်းပြီး ၉ ရက်လောက်ကြာတော့ သူ့တဲထဲမှာပဲဆုံးသွားတယ်။ သူ့အမျိုးသမီးလည်း အဲဒီကတည်းက စိတ်ရောဂါရပြီး အသိစိတ်ပျောက်သွားတယ်"*
> *(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ရီလများတွင် မှတ်တမ်းယူခဲ့သည်။*

## နိုင်ငံရေးအကျဉ်းသား

နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ညှဉ်းပန်းနှိပ်စက်မှုများ၊ ဆိုးဝါးကြမ်းတမ်းသော အကျဉ်းထောင်အခြေအနေများ၊ သို့မဟုတ် အသက်ကြီးသောသူများ ဆေးဖိုးမတတ်နိုင်ခြင်းတို့ကြောင့် ကျန်းမာရေးပြဿနာများကို ဆက်လက်ခံစားနေရပါသည်။ စိတ်ပိုင်းဆိုင်ရာပြဿနာများသည် အနာတရဒဏ်ရာများ၊ လူမှုရေးဖယ်ကြဉ်ခံရမှုနှင့် စီးပွားရေးအခက်အခဲများမှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်မှုအသင်း၏ မှတ်တမ်းတင်ချက်များအရ နိုင်ငံရေးအကျဉ်းသား ၃၂၁ ဦးသည် အကျဉ်းထောင်တွင်းနှင့် စစ်ကြောရေးစခန်းများ၌ သေဆုံးခဲ့ကြရပြီး၄၈၃ဦးမှာအကျဉ်းထောင်မှလွတ်မြောက်လာပြီးနောက်ပိုင်းတွင်သေဆုံးခဲ့ကြပြီးဖြစ်သည်။သေဆုံးမှုအများ စုမှာ အကျဉ်းထောင်အတွင်းရှိ ကြမ်းတမ်းသောအခြေအနေများနှင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ် တို့မှရရှိလာသည့်

နောက် ဆက်တွဲဆိုးကျိုးများကြောင့်ဖြစ်ကြောင်းတွေ့ရှိရသည်။[၁၉]

နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးသည် ၈၈၈၈ အရေးတော်ပုံတွင် ပါဝင်ခဲ့ခြင်းနှင့် ထို့နောက်များမကြာမီ လက်နက်ကိုင်အဖွဲ့များတွင်ပူးပေါင်းခဲ့ခြင်းကြောင့် အဖမ်းခံခဲ့ရသည်။ (အမှုဖြစ်ရပ် ၉၉) ရဲစခန်းတွင် (အဖမ်းခံရစဉ်က) သူ့ကို လူ ၅ ဦးအား သတ်ဖြတ်ခဲ့သည်ဟုဆိုကာ လွဲမှားစွာစွပ်စွဲ ညှဉ်းပန်းခဲ့ပါသည်။ ရဲများက သူ့အားလက်နောက်ပြန်ကြိုးချည်ကာ ခေါင်မိုးမှဇောက်ထိုးချည်ထားပြီး သနားကြင်နာမှုမဲ့စွာ ၆ ရက်ကြာ ရိုက်နှက်ပါသည်။ သူ့အနေဖြင့် နာကြင်မှုပြင်းထန်လွန်း၍ ရဲအရာရှိများ သူ့အားသတ်ပစ်ရန်အထိ တောင်းဆိုခဲ့ကာ ထိုရာဇဝတ်မှုကို ကျူးလွန်ခဲ့ကြောင်း ဝန်ခံပေးခဲ့ရသည်။ သူ့အား ပထမတွင်သေဒဏ်အပြစ်ပေးပြီး နောက်တွင် တစ်သက်တစ်ကျွန်းအပြစ်ဒဏ်သို့ပြောင်းလဲချမှတ်ခဲ့သည်။ ထောင်ထဲတွင် ၁၅ နှစ်မျှနေပြီးနောက် ၂၀၀၅ ခုနှစ်တွင် လွတ်မြောက်ခဲ့သည်။ ၎င်းထံတွင် ခွဲစိပ်ကုသရန်လိုအပ်သည့် အစာအိမ်ရောဂါရှိနေပြီး သူ့အားဖယ်ကြဉ်ထားမှုကြောင့် ဆေးကုသရန် မတတ်နိုင်ဘဲ နောက်ဆက်တွဲ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ ဆက်လက်ခံစားနေခဲ့သည်။ (အနာဂတ်အလင်းတန်းဆုံမှတ် – ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ)

နောက်ထပ်နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးသည်လည်း ၈၈၈၈ အရေးတော်ပုံတွင်ပါဝင်ခဲ့ပြီး ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့် အတူတိုက်ခဲ့သောကြောင့် အဖမ်းခံရသည် (အမှုဖြစ်ရပ် ၁၀၀)။ အုံကြွမှုအတွင်း တစ်ယောက်ယောက်ကို သတ်ခဲ့သည်ဟု မှားယွင်းစွပ်စွဲပြီး ရဲအရာရှိများက ဖမ်းဆီးနှိပ်စက်ညှဉ်းပန်းပါသည်။ သူသည် အရိုက်ခံရပြီး ရေမွန်းအောင်ပြုလုပ်နှိပ်စက်ခြင်းကြောင့် နောက်ဆုံးတွင် ရာဇဝတ်မှုကျူးလွန်ကြောင်းဝန်ခံရတော့သည်။ သူ့အနေဖြင့် နှိပ်စက်ခံရမှုနှင့် အကျဉ်းသွင်းခံရခြင်းနောက် ရရှိလာသော လူမှုရေးဖယ်ကြဉ်ခံရမှုများကြောင့် နလုံးရောဂါ၊ စိုးရိမ်ကြီးမှုနှင့် တခါတရံသေကြောင်းကြံစည်လိုသည့် အတွေးများကို ပိုမိုခံစားလာရသည်ဟု ဆိုပါသည်။ (အနာဂတ်အလင်းတန်းဆုံမှတ် – ဖေဖော်ဝါရီ ၂၀၁၇ ခုနှစ်)

## ပညာဆက်လက် မဆည်းပူးနိုင်တော့ခြင်း

*"လူ့အခွင့်အရေးချိုးဖောက်မှုများသည် နစ်နာခံစားရသူများ၏ဘဝများတင်သာမကဘဲ ၎င်းတို့မိသားစုဘဝများကိုပါ ကြေမွစေပါသည်။ မိသားစုတစ်ခုအနေဖြင့် ရှန်းကန်နေရချိန်တွင် ကလေးများ၏ပညာရေးသည် အနစ်နာခံရန်အတွက် ဦးစားပေးပထမကိစ္စရပ်များထဲမှ တစ်ခုဖြစ်ခဲ့ကာ အနာဂတ်မျိုးဆက်များအပေါ်တွင် ချိုးဖောက်မှုများ၏ ဒဏ်ရာအမာရွတ်များအား ထင်ကျန်စေပါသည်။ ဤဖြစ်ရပ်သည်လူငယ်များ၏အခွင့်အလမ်းများကို လုယူလိုက်ကာ လူ့အဖွဲ့အစည်းကိုလည်း အတိတ်၏ဒဏ်ရာများမှပျောက်ကင်းအောင် တားဆီးနေပါသည်"*
*သွင်လင်းအောင်၊ စစ်မှန်သောပြည်သူ့ကျေးကျွန်များအဖွဲ့ညွှန်ကြားရေးမှူး*

လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၏ရလဒ်ကြောင့် နစ်နာခံစားရသူများ သို့မဟုတ် သူတို့၏ကလေးသူငယ်များသည် ပညာရေးကို ဆက်လက်မဆည်းပူးနိုင်တော့ကြောင်း တွေ့ရှိရပါသည်။

၁၉။ လက်တလော များမကြာမီသေးခင်ကပင် စန်းကျော်ထွေးဟုခေါ်သော နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် အနုပညာရှင်တစ်ဦးသည် ထောင်ထဲတွင် ၁၂ နှစ် ကြာကြုံတွေ့ ခဲ့ရသော ကြမ်းတမ်းသောအတွေ့အကြုံများကြောင့် အသည်းကင်ဆာဖြင့် သေဆုံးခဲ့ရပါသည်။ The Irrawaddy တွင်ကြည့်ပါ။ Myanmar's Van Gogh Taken Too Soon, Leaves Legacy of Indomitable Beauty, 16 January 2018, HYPERLINK "https://www.irrawaddy.com/opinion/guest-column/myanmars-van-gogh-taken-soon-leaves-legacy-indomitable-beauty.html"

## ပဋိပက္ခ

ပဋိပက္ခကြောင့်နစ်နာရသူများသည်စီးပွားရေးအကြပ်အတည်းများကြောင့်၎င်းတို့၏ကလေးများပညာရေးကို ဆက်လက်မထောက်ပံ့နိုင်တော့ဘဲ တချို့မှာ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းကြောင့်ရရှိလာသော စိတ်ဒဏ်ရာများ ဖြင့်မိမိတို့ကိုယ်တိုင် ကျောင်းထွက်ကြရသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် ပဋိပက္ခများမှ ထွက်ပြေးရ ခြင်းကြောင့် ရွှေ့ပြောင်းအခြေစိုက်ရခြင်းမှာလည်း ကလေးများ၏ပညာရေးကို အနှောင့်အယှက်ဖြစ်ခြင်း သို့မဟုတ် အပြီးတိုင်ရပ် ဆိုင်းခြင်းမျိုးကို ဖြစ်စေရသည်။

၁၉၉၈ ခုနှစ် အောက်တိုဘာလတွင်ဖြစ် သောကိစ္စ (အမှုဖြစ်ရပ် ၂၃)၌ရန်ကုန်တွင် အသက် ၆၀ ရှိ လယ်သမား တစ်ဦးသည်အခြား ရွာသား ၁၃ ဦးနှင့်အတူ လူသတ်သည်ဟု စစ်တပ်က မားယွင်းစွပ်စွဲပြီး ကွားလဲကျော်စခန်းရှိ မုပွလင်ထောင်တွင် ၁၀ နှစ် အပြစ်ဒဏ်ချခဲ့သည်။ နောက်ထပ် ၇ လ အကြာတွင်ကျန်ရစ်သူ မိသားစုက ၎င်းသေဆုံး ကြောင်းအကြောင်း ကြားစာရရှိပြီး ဇနီးဖြစ်သူက ထောင်သို့လိုက်လံသွားရာ အလောင်းအားပြရန် ထောင်ဝန်ထမ်းများ ကငြင်းဆန်ပြီး သူသည်သမားရိုးကျရောဂါဖြင့်သေဆုံးခြင်းဖြစ်ကြောင်းသာပြောပါသည်။ ၎င်း၏ဇနီးအနေဖြင့် သူမ၏ ခင်ပွန်းသည် အသတ်ခံရသည်ဟုသာယုံကြည်ပြီး နောက်ဆက်တွဲ စီးပွားရေးအကြပ်အတည်းများကြောင့်မိသားစု အနေဖြင့် အိမ်ပါရောင်းလိုက်ရကာ သားသမီးများကိုလည်း ကျောင်းမှနုတ်လိုက်ခဲ့ရပါသည်။ (စစ်မှန်သော ပြည်သူ့ ကျေးကျွန်များအဖွဲ့ မှ ၂၀၁၇ ခုနှစ် ဇန္နဝါရီလတွင် မှတ်တမ်းတင်ထားခဲ့ပါ သည်။)



၂၀၁၀ ပြည့်နှစ်က ပဲခူးတိုင်းဒေသကြီးတွင် စစ်တပ်က ထိန်းသိမ်းခံလိုက်ရသော သူတစ်ဦး၏ပုံ။ ၎င်း၏ မိသားစုက သူ့သတင်းအား မည်သည့် အခါမျှ ထပ်မံမကြားရတော့ပါ။ (အမှုဖြစ်ရပ် ၅၂)

အခြားလူပျောက်ဆုံးမှုတစ်ရပ်တွင် (အမှုဖြစ် ရပ် ၅၂) အသက် ၄၀ အရွယ်ရှိအမျိုးသား တစ်ဦးကို ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီး ရှိ ဘုရားတဆူအရှေ့တွင် စောင့်ဆိုင်းနေစဉ်ခြေ လျင်တပ်ရင်း (၆၀)နှင့် (၃၅) က တရားလက် လွတ်ဖမ်းဆီးလိုက်ပါသည်။ အာဏာပိုင်များ သည် မိသားစုကို အကြောင်းကြားခြင်းမရှိဘဲ ထို သူဖမ်းဆီးခံရကြောင်း တွေ့မြင်လိုက်ရသူ၎င်း၏ သူငယ်ချင်းတစ်ဦး လာပြန်ပြောမှ မိသားစုအနေ ဖြင့် သိခဲ့ရခြင်းဖြစ်သည်။ ၎င်း၏အမျိုးသမီးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာ နိုင်ငံ) သို့ ပြောပြသည်မှာ - "သူအဖမ်းခံရတဲ့ သတင်းကို ကျမတို့ ကြားလိုက်တယ်။ ဒါပေမယ့် ကျမတို့က ကြောက်တော့ ဘယ်သူမှဒီကိစ္စကို ပုလိပ်ကိုသွားမတိုင်ရဲကြဘူး" သူ့မိသားစုအနေ ဖြင့် ထိုသူ၏အကြောင်းကို ဘယ်တော့မှ ထပ် မကြားရတော့ဘဲ သေဆုံးပြီဟုယူဆထားကြပါ သည်။ မိသားစုအနေဖြင့် စီးပွားရေးအခက်အခဲ ကိုရင်ဆိုင်ရပြီး သမီးများမှာလည်း ၎င်းတို့၏ ပညာသင်ကြားမှုကို ရပ်ဆိုင်းလိုက်ရသည်။ (စစ် မှန်သောပြည် သူ့ကျေးကျွန်များအဖွဲ့ - ၂၀၁၆ ခု နှစ် ဒီဇင်ဘာလ)



မိုင်းယုလေး ဒုက္ခသည်စခန်းမှ စာသင်ကျောင်းသို့သွားနေသော ကလေးများ

တချို့သော ပဋိပက္ခကြောင့် ဒုက္ခရောက်သူများသည် ရွှေ့ပြောင်း နေထိုင်ရမှုကြောင့်၎င်းတို့၏ ပညာဆက်လက်ဆည်းပူးရန်အခက်အခဲတွေ့ကြုံရသည်။ ၂၀၁၆ ခုနှစ်မတ်လတွင်ဖြစ်ပွားသောကိစ္စ (အမှုဖြစ်ရပ်၇၃) တွင် ခြေမြန်တပ်မ (၃၃)က ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ ရွာတချို့ကိုပစ်ခတ်ခြင်းများပြုလုပ်သောကြောင့် ရွာသားများအား လုံခြုံရာနေရာသို့ ထွက်ပြေးစေခဲ့သည်။ ရွာများကိုမီးရှို့ဖျက်ဆီးမှုကြောင့် အနီးအနားတွင် ရွှေ့ပြောင်းစခန်းတစ်ခု တည်ထောင်ကာ ရွာသားများဆက်လက် နေထိုင်ခဲ့ရသည်။ ၎င်းတို့၏ကျောင်းများကို ပြန်လည်သွားခွင့် မရှိတော့သော ကလေးများအနေဖြင့် ၎င်းတို့ရွှေ့ ပြောင်း ဒုက္ခသည်စခန်းနှင့် ဝေးကွာ လှသောအရပ်တွင်ရှိသည့် နောက်ကျောင်းတစ်ခုသို့ စမ်းချောင်းတစ်ခုကို ဖြတ်၍ တက်ရောက်ရသည်။ လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ ဒေသခံတစ်ဦးက ပြောပြသည်မှာ -

> *“ကလေးတွေကျောင်းသွားရင် မိဘတွေက သူတို့ကလေးတွေအတွက် တချိန်လုံး စိတ်ပူနေရတယ်”*
> *(တအာန်းအမျိုးသမီးအဖွဲ့အစည်းမှ ၂၀၁၇ ခုနှစ် ဇန္နဝါရီတွင် မှတ်တမ်းတင်ခဲ့သည်။)*

## မြေယာသိမ်းဆည်းခံရမှုများ

စီးပွားရေးအကြပ်အတည်းကြောင့်သော်လည်းကောင်း သို့မဟုတ် ၎င်းတို့၏ကလေးများကို ကျောင်းဆက်ထားနိုင်ရန် ငွေအလုံအလောက်မရှာနိုင်သောကြောင့်လည်းကောင်း၊ မြေယာသိမ်းဆည်းခံရမှုကြောင့် နစ်နာခံစားရသူအတော်များများသည် ၎င်းတို့၏ ကလေးများပညာရေးအတွက် ဆက်လက် မထောက်ပံ့နိုင်တော့ချေ။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်တွင် ၁၉၉၇ ခုနှစ်ကဖြစ်ပွားခဲ့သော ဖြစ်ရပ် (ဖြစ်ရပ်အမှု ၉၆) တွင် ဒေသခံစစ်အုပ်ချုပ်ရေးဌာနတခုက မိသားစု ၅ စုအား ၎င်းတို့အိမ်များမှထွက်ခွာပေးရန်နှင့် ရွာမှရွှေ့ပြောင်းရန် အမိန့်ထုတ်ကာ များမကြာမီမှာပင် ၎င်းတို့အားလျော်ကြေးမပေးဘဲ အိမ်များကို ဖြိုချဖျက်ဆီးလိုက်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သော မိသားစုတစ်စုက ၎င်းတို့၏ပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆုံးရှုံးရသည့်နောက် သူတို့သည် စားရမဲ့သောက်ရမဲ့အခြေအနေသို့ရောက်သွားကာ ကလေးများအားလည်း မဖြစ်မနေကျောင်းထုတ်လိုက်ရကြောင်းပြောပါသည်။ (လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီတွင် မှတ်တမ်းတင်ခဲ့ပါသည်။)

၂၀၁၆ ခုနှစ် ဖွန်လဖြစ်စဉ်ဆိုလျှင် (ဖြစ်ရပ်အမှု ၉၀) ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်မှ လယ်သမားတစုအား ၎င်းတို့ပိုင်ဆိုင်သော လယ်မြေဧက ၇၀၀ ကို ဆက်အလုပ်လုပ်ခွင့်မရှိတော့ကြောင်း မြန်မာကုမ္ပဏီတခုက ပြောလာခဲ့ပါသည်။ ထိုလယ်သမားများမှ သူတို့လယ်တွင် အလုပ်လုပ်ရန်တားမြစ်ခြင်းအား ငြင်းဆန်သောအခါ ကုမ္ပဏီမှ ၎င်းတို့အားတရားစွဲဆိုပါသည်။ ထိုအထဲမှ လယ်သမားတစ်ယောက်က သူတို့၏ အသက်ရှင်မှုဘဝကို အထောက်အကူပြုနေသည့်မြေကို ဆုံးရှုံးနေသည့်အထဲ တရားရုံးတက်ရန်ပေးရသည့် ကုန်ကျစရိတ်ကိုပေါင်းလျှင် သူ့ကလေး များ၏ ကျောင်းစရိတ်ကို ဆက်လက်ပေးနိုင် မပေးနိုင် မသေချာဖြစ်နေသည်ဟု ဆိုပါသည်။

*"ငါ့ကလေးတွေရဲ့ ပညာရေး အနာဂတ်အတွက် အကြီးအကျယ်ထိခိုက်တော့မယ်။ ကလေးတွေရဲ့ အနာဂတ်နဲ့သူတို့ပညာရေးက မိဘတွေလက်ထဲမှာရှိတယ်။ တကယ်လို့ ငါတို့မြေကို ဆုံးရှုံးပြီဆိုရင် ငါတို့ဘာမှ တတ်နိုင်မှာ မဟုတ်တော့ဘူး။"*
*(အနာဂတ်အလင်းတန်းဆုံမှတ် - ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ)*

## နိုင်ငံရေးအကျဉ်းသား

နိုင်ငံရေးအကျဉ်းသားများသည် ၎င်းတို့ကလေးများ၏ ပညာရေးကိုထောက်ပံ့ရန် သို့မဟုတ် ၎င်းတို့၏ ပညာရေးကိုဆက်လက်သင်နိုင်ရန်အတွက်စိန်ခေါ်မှုများဖြင့်ရင်ဆိုင်နေရပါသည်။နိုင်ငံရေးအကျဉ်းသားအများစုသည် ၎င်းတို့၏ပညာရေးကို ထောင်သွင်းအကျဉ်းချခံထားရမှုကြောင့် ဆက်လက်မတက်ရောက်နိုင်တော့ဘဲ တချို့အနေဖြင့် လွတ်မြောက်လာပြီးသည့်အချိန်မှာပင် မည်သည့်သင်ယူမှုမျိုးကိုမှ မပြုလုပ်နိုင်တော့ပါ။ ထိုကဲ့သို့ ပညာဆက်လက်မသင်ယူနိုင်ခြင်းမှာ ကျောင်းသားများအနေဖြင့် နိုင်ငံရေးလှုပ်ရှားမှုများအားလုံးကို မလုပ်ဆောင်တော့ပါဟု ခံဝန်လက်မှတ်ရေးထိုးမှုမရှိခဲ့ပါက အစိုးရမှကျောင်းတက်ရန်ပိတ်ပင်ခြင်း သို့မဟုတ် ၎င်းတို့၏ မှတ်ပုံတင်လက်မှတ်များသိမ်းဆည်းခံရခြင်းနှင့် ပြန်လည်မရရှိခြင်းတို့ကြောင့်လည်းဖြစ်တတ်သည်။ အကျဉ်းထောင်များထဲတွင် နိုင်ငံရေးအကျဉ်းသားများကို စာဖတ်ခြင်း သို့မဟုတ် စာရေးခြင်းမှတားမြစ်ထားပါသည်။ မိဘများထောင်သွင်း အကျဉ်းခံရခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ စီးပွားရေးအခက်အခဲများကြောင့် ကလေးသူငယ်များအနေဖြင့် ပညာဆက်လက်မဆည်းပူးနိုင်အောင် ဖြစ်ရရှာသည်။

၈၈၈၈ လူထုအရေးတော်ပုံအတွင်းပါဝင်ခဲ့မှုကြောင့် ၆ နှစ်ခွဲထောင်သွင်းအကျဉ်းချခံရသည့် နိုင်ငံရေးအကျဉ်းသားတစ်ဦး (အမှုဖြစ်ရပ် ၁၀၉) ကပြောသည်မှာ ဆင်းရဲမှုကိုကြုံတွေ့ခဲ့ရသည့်အခြေအနေက သူ၏ကလေး ၄ ဦးစလုံးကိုကျောင်းမှနုတ်ပယ်လိုက်ရသည်ဟု ဆိုပါသည်။ (အနာဂတ်အလင်းတန်းဆုံမှတ်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်ခဲ့ပါသည်။)


နောက်ထပ်ဖြစ်ရပ်တခုတွင် ခြေလျင်တပ်ရင်း (၆၁) စစ်သားများက ၈၈၈၈ လူထုအရေးတော်ပုံအတွင်း ပါဝင်ခဲ့သော မသန်စွမ်းကျောင်းသားတစ်ဦးကို ရိုက်နှက်၍ ရေမွန်းကြပ်သောနည်းဖြင့် စစ်ဆေးခဲ့ပြီး ၆ လ ထောင်သွင်းအကျဉ်းချခဲ့ရာ ထိုသူက ၎င်းအားပညာဆက်လက်သင်ယူခွင့်ပြုပါရန် အစိုးရထံ အသနားခံစာတင်သွင်းခဲ့ပြီး ငြင်းပယ်မှုကိုသာ ရရှိခဲ့သည်ဟု ဆိုပါသည်။ ထိုအချိန်ကတည်းကစ၍ သူ့အနေဖြင့် ၎င်း၏ပညာရေးကို ဆက်လက်မဆည်းပူးနိုင်တော့ချေ။ (အနာဂတ်အလင်းတန်းဆုံမှတ် - ၂၀၁၇ ခုနှစ် မတ်လတွင် မှတ်တမ်းတင်ခဲ့သည်။)

အခန်း
၅

# တရားမျှတမှုအတွက် လိုအင်ဆန္ဒများ

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ၎င်းတို့၏ဘဝများအပေါ်တွင် သက်ရောက်ခဲ့မှုများကိုအကြမ်းဖျင်းဖော်ပြပြောဆိုခဲ့ပြီးသည့်နောက် ချိုးဖောက်ခံရမှုများ၏ရလဒ်အဖြစ် လက်ရှိဖြစ်နေဆဲဖြစ်သော ၎င်းတို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအပေါ် ကြိုးစားတုံ့ပြန်နိုင်ရန်အတွက် အစိုးရ သို့မဟုတ် ကျူးလွန်သူများက မည်သည့်အရာလုပ်စေချင်သည်ကို ထင်မြင်ချက်ပေးပါရန် နစ်နာခံစားသူများကိုမေးမြန်းခဲ့ပါသည်။ မေးခွန်းများက လမ်းစပိတ်မထားသည့်အပြင် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုဆိုင်ရာတိကျသည့်နည်းလမ်းများနှင့်လည်း ရည်ညွှန်းထားခြင်းမရှိပါ။ လမ်းစဖွင့်ထားသော မေးခွန်းများ၏သဘောသဘာဝသည် တချို့သော အဖြေများကို ပိုမိုတိကျစေသည့်အပြင် နစ်နာသူများပြောဆိုသည်ကို အဓိပ္ပာယ်ကောက်ယူရာတွင်လည်း ၎င်းတို့တောင်းဆိုမှုများအတိုင်း အုပ်စုအလိုက်ခေါင်းစဉ်ခွဲ စုဖွဲ့ခဲ့သည်။ မေးမြန်းခံရသူများအနေဖြင့် ၎င်းတို့ဆန္ဒရှိသလောက် အဆိုပြုနိုင်ပြီး နစ်နာသူ တစ်ဦးခြင်းစီ၏ဖြစ်ရပ်များသည် အပိုင်းကဏ္ဍတခုထက် ပိုမိုပါဝင်နိုင်သည်ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။ လိုအပ်ချက်များဆန်းစစ်ချက်၏ တွေ့ရှိချက်များသည် မည်သို့မျှ ပြည့်စုံနိုင်မည် မဟုတ်သော်လည်း ကျန်ရစ်သူများအတွက် အစိုးရအနေဖြင့်မည်သို့သော အစားထိုးပေးလျော်မှုများ ပြုလုပ်မည်ဆိုသည့် ဆွေးနွေးမှုများစနိုင်ရန်အတွက် တံတားထိုးပေးခြင်းဟု ယူဆခံယူသင့်ပါသည်။

နစ်နာခံစားရသူက ၎င်းတို့ခံစားခဲ့ရသော ချိုးဖောက်မှုများ၏သက်ရောက်မှုများကို ဖယ်ရှားနိုင်ရေးအတွက် အစိုးရနှင့်ကျူးလွန်သူများထံမှ တစုံတရာသော လုပ်ဆောင်မှုကို လိုချင်သည်ဟု ဆိုပါသည်။




Victims were able to select more than one category so results do not add up to 100%.

# အမှုဖြစ်ရပ်များကို လေ့လာခြင်း
# နောက်တစ်ကြိမ်ပြန်လည်မဖြစ်ပွားစေရေးအတွက် အာမခံပေးခြင်းများ

> “ ကျမ မှာ
> ကလေးတွေအများရှိတယ်။
> ဒါပေမယ့် ဒီလိုမျိုးတခါမှ
> အရင်က မဖြစ်ဖူးဘူး။
> ကျမ အရမ်းရှက်တယ်၊
> ဒါမျိုးထပ်မဖြစ်ကြပါနဲ့လို့
> ကျမ မေတ္တာရပ်ခံချင်တယ် ”

နစ်နာခံစားရသများအနေဖြင့် ၎င်းတို့ ခံစားခဲ့ရသော ချိုးဖောက်ခံရမှုများ နောက်တစ်ကြိမ်ပြန်လည်မဖြစ်ပွားစေရန် အာမခံသည့်၊ ၎င်းတို့ အတွက်နှင့် လူ့အဖွဲ့အစည်းတရပ်လုံးအတွက်ပါအကျုံးဝင်သည့် လုပ်ဆောင်မှုမျိုးကို အစိုးရကဏ္ဍအပိုင်းပေါ်တွင် လုပ်ဆောင်စေရန် အများဆုံး ဆန္ဒပြုကြပါသည်။

## ပင်္ဂုပက္ခ

ပင်္ဂုပက္ခကြောင့် နစ်နာခံစားရသူများက တရားမျှတမှုအတွက် ၎င်းတို့၏လိုအင်ဆန္ဒများကိုမေးမြန်းသော အခါ နောက်တစ်ကြိမ်ပြန်လည်မဖြစ်ပွားရေးအတွက် အာမခံမှုအမျိုးမျိုးကို တိတိကျကျဖော်ထုတ်ကြပါသည်။ နစ်နာသူများက အသင်းအဖွဲ့ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးကို လိုချင်လေ့ရှိကြပြီး ပင်္ဂုပက္ခကိုအဆုံးသတ်စေရန်၊ ၎င်းတို့ ဒေသများတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများအပါအဝင် စစ်အင်အားတည်ဆောက်မှုများကို ဖျက်သိမ်းရန်၊ တပ်ဖွဲ့များအနေဖြင့် လူ့အခွင့်အရေးကိုလေးစားလိုက်နာပြီး ချိုးဖောက်ကျူးလွန်နေခြင်းများမှ ရပ်တန့်စေရေးအတွက် သေချာစေသော လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ရန်နှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးအစ ရှိသည်တို့ပါဝင်ပါသည်။ နစ်နာခံစားရသူအတော်များများက လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်စေရတော့ပါဟူသည့် လုံခြုံရေးတပ်ဖွဲ့များ၏ တရားဝင် ကတိကဝတ်ပြုမှုကို လိုချင်ကြောင်း တိတိကျ ကျပြောကြသည်။

ပင်္ဂုပက္ခအတွင်း နစ်နာခံစားနေရသူများအနေဖြင့် သူတို့ခံစားခဲ့ရသလို မည်သူ့ကိုမျှ မခံစားစေချင်တော့ ကြောင်း ထပ်တလဲလဲ အလေးထားပြောပါသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ၊ ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်တွင် ဖြစ်ပွားသောကိစ္စ၌ (အမှုဖြစ်ရပ် ၇၆) ထင်းခုတ်နေသော တအာန်းအမျိုးသား ၃ ဦးကို ခြေလျင်တပ်ရင်း (၁၁၅)မှ စစ်သားများက မြေမြှုပ်မိုင်းထောင်သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပါသည်။ ထိုသူများအား လက်ထိတ်ခတ်၍ ပြင်းထန်စွာ ရိုက်နှက်သောကြောင့် ထိုအထဲမှ နှစ်ဦးမှာ ပြန်လွတ်မြောက်လာပြီးသည့်နောက်တွင် ဆေးရုံတက်ကုသခဲ့ရပါသည်။ အစိုးရ အနေဖြင့် ၎င်းတို့အတွက် မည်သို့လုပ်ဆောင်ပေးစေချင်သနည်းဟု မေးမြန်းရာ ထိုအထဲမှ တစ်ဦးက လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ပြောပြသည်မှာ –

> *“ငါ့အနေနဲ့တော့ ဘယ်လိုမှန်းတီးမှု၊ လက်စားချေလိုမှုမှ မရှိပါဘူး။ ငါထင်တာက အဲ့ဒါ ငါ့မကောင်းတဲ့ ကံကြောင့်လို့ပဲထင်တယ်။ [....] ငါ့လိုမျိုး တခြားရွာသားတွေ ဒီလိုနှိပ်စက်မှုမျိုး မခံစားရစေချင်ဘူး။ ရွာသားတွေက ဘာတစ်ခုမှ အမှားလုပ်မိတာမရှိဘူး။ ငါတို့အားလုံး ကြောက်နေကြတယ်”*
> *(တအာန်းအမျိုးသမီးအဖွဲ့အစည်းမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မှတ်တမ်းတင်သည်။)*

၂၀၁၃ ခုနှစ်ဒီဇင်ဘာလတွင်ဖြစ်ပွားခဲ့သောဖြစ်စဉ်(အမှုဖြစ်ရပ် ၂၈) ၌မွန်ပြည်နယ်ရေးမြို့နယ်ရှိ၁၃နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို ခြေလျင်တပ်ရင်း (၃၁)မှ စစ်သားတစ်ဦးကမုဒိမ်းကျင့်ခဲ့သည်။ ထိုမုဒိမ်းမှုကိုကလေးမ၏

ပထွေးဖြစ်သူကမြင်တွေ့ခဲ့သော်လည်းအခြားသူများကိုပြန်ပြောပါကအသတ်ခံရမည်ဟုထိုစစ်သားကခြိမ်းခြောက်ခဲ့သည်။

မိခင်ဖြစ်သူမှ မုဒိမ်းမှုကို ခြေလျင်တပ်ရင်း၏ ဗိုလ်ကြီးဖြစ်သူထံ တိုင်ကြားခဲ့ရာ ထိုဗိုလ်ကြီးက တရားဥပဒေကြောင်းအရဆောင်ရွက်မှုများကို ရပ်ဆိုင်းရန် နှင့် မိသားစုအား ငွေကျပ် ၅ သိန်းကို ပေးခဲ့သည်။ ဗိုလ်ကြီးကပြောသည်မှာ ထိုစစ်သားကို အရေးယူပေးမည်ဖြစ်ပြီး ၎င်းတို့၏သမီး မုဒိမ်းမှုကျူးလွန်ခံရခြင်းမဟုတ်ကြောင်း သဘောတူချက်ကိုလက်မှတ်ရေးထိုးပေးရန် မိသားစုအား ဖိအားပေးခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် ကျူးလွန်သည့်စစ်သားကို ရွာတွင်ဆက် လက်မြင်တွေ့နေရပြီး အပြစ်ပေးအရေးယူမခံရသကဲ့သို့ ဖြစ်နေသည်။ ထိုမိသားစုသည် ၎င်းတို့ရွာ အသိုင်းအဝန်းမှရှောင်ဖယ်မှုကိုခံရသည့်နောက်ဆုံးတွင် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားရခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ အစိုးရမှ၎င်းတို့ အတွက် မည်သို့ပြုလုပ်ပေးသင့်သည်ကို ထိုမိခင်က လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ပြောပြ သည်မှာ -

*"ကျမမှာ ကလေးတွေအများရှိတယ်။ ဒါပေမယ့် ဒီလိုမျိုးတစ်ခါမှ အရင်ကမဖြစ်ဖူးဘူး ကျမအရမ်းရှက်တယ်၊ ဒါမျိုးထပ်မဖြစ်ကြပါနဲ့လို့ ကျမ မေတ္တာရပ်ခံချင်တယ်"*

*(မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း မှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် မှတ်တမ်းတင်ခဲ့သည်။)*

၂၀၁၆ ခုနှစ် မေလတွင်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ဖြစ်ပွားခဲ့သောကိစ္စ၌ ခြေမြန်တပ်မ (၈၈) မှ စစ်သားများက ကချင်သင်းအုပ်ဆရာတစ်ဦးကိုဖမ်းဆီးခဲ့ပြီး ကေအိုင်အေအကြောင်း စစ်ဆေးမေးမြန်းခဲ့ပါသည်။ စစ်သားများက ထိုသူအားရိုက်နှက်ပြီး ၃ ရက်တိုင်တိုင် အစာရေစာမပေးဘဲထားခဲ့ပါသည်။ စစ်သားများက (ခရစ်ယာန်) ဘာသာဝင်အများစုသည် ကေအိုင်အေများဖြစ်သည်ဟုဆိုကာ "ခင်ဗျားက ခရစ်ယာန်တစ်ယောက်ပဲ။ ခင်ဗျားတို့ရဲ့ဘုရားလည်း အသတ်ခံခဲ့ရတယ်။ ခင်ဗျားလည်းခင်ဗျားဘုရားလိုပဲ အသတ်ခံရမယ်" ဟုပြောဆိုခဲ့သည်။ အနှိပ်စက်ခံရမှုကြောင့် နားတစ်ဖက်မကြားရတော့သောဒဏ်ရာကို ခံစားခဲ့ရသော သင်းအုပ်ဆရာက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ပြောပြသည်မှာ -

*"ကျနော် ဒီကိစ္စနဲ့ပတ်သက်ပြီး ရဲစခန်းမှာ အမှုမဖွင့်ချင်ပါဘူး။ သူတို့က ဥပဒေအထက်ကလေ။ ကျနော်တို့ပြည်သူတွေက အသက်ရှင်နေထိုင်ဖို့ လုံခြုံတယ်လို့မခံစားရတော့ဘူး။ ကျနော်သူတို့ကို ခွင့်လွှတ်ပါတယ်။ ကျနော့်အနေနဲ့ ဒီလိုမျိုးနှိပ်စက်ညှဉ်းပန်းမှုတွေကို ပြည်သူတွေ အနာဂတ်မှာမကြုံတွေ့စေချင်ဘူး။ ပြည်သူအားလုံး လုံလုံခြုံခြုံနေရစေချင်တယ်။ အစိုးရကသူ့ပြည်သူတွေကို စောင့်ရှောက်တာမျိုးကျနော်ဖြစ်စေချင်ပါတယ်"*

*(ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ ၂၀၁၇ ခုနှစ် ဇန္နဝါရီလတွင် မှတ်တမ်းတင်ခဲ့ သည်။)*



မွန်ပြည်နယ်တွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များက နှိပ်စက်အကျဉ်းချခံရသူတစ်ဦး၏ ကျန်ရစ်သူဇနီး (အမှုဖြစ်ရပ် ၃၆)

၂၀၀၄ ခုနှစ် ဖြစ်စဉ်တစ်ခု (အမှုဖြစ်ရပ် ၃၆) တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်မှ ရွာသား ၉ ဦးအား တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို ထောက်ပံ့နေသည်ဟု သံသယရှိမှုဖြင့်ခြေလျင်တပ်ရင်း(၄၀၁) သို့မဟုတ် (၄၀၄)၏စစ်သားများက ဖမ်းဆီးခဲ့ပါသည်။ စစ်တပ်ကသူမ၏ ခင်ပွန်းကို ဆိုးဆိုးရွားရွားရိုက်နှက်ပြီး မော်လမြိုင်စစ်တပ်စခန်းတွင် တစ်နှစ်ကျော်မျှ ထိန်းသိမ်းခဲ့သည်ဟု ရွာသားများထဲမှ တစ်ဦး၏ဇနီးကဆိုပါသည်။ မိသားစုဝင်ငွေ ရှာဖွေပေးနေသူတစ်ဦး ဆုံးရှုံးရခြင်းနှင့် သူမ၏အမျိုးသားအား စခန်းတွင်ပုံမှန်သွားရောက်ကြည့်ရှုနေရသည့် စရိတ်စကများ

ကြောင့် မိသားစုတွင် အကြွေးဝန်ပိခဲ့ရသည်။ ထို အမျိုးသားသည် လွတ်မြောက်လာပြီး တစ်လအကြာတွင် ထောင်တွင်း ဦးနှိပ်စက်ခံရခြင်း ရလဒ်များကြောင့် သေဆုံးခဲ့ပါသည်။ ၎င်း၏ဇနီးနှင့်ကလေး ၃ ဦးသည် ယခုတိုင်အောင်အကြွေးများ ကို ပြန်လည်ပေးဆပ် နိုင်ခြင်းမရှိသေးပါ။ တရားမျှတမှုအတွက် သူမ၏ဆန္ဒများအပေါ် မေးမြန်းသည့်အခါ လူ့အခွင့် အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြသည်မှာ –

*"ကျမတို့က အားလုံးကိုကြောက်ရတယ်။ ဆိုလိုတာက လုံခြုံရေးတပ်ဖွဲ့တွေရော၊ တိုင်းရင်းသားလက် နက်ကိုင်တပ်ဖွဲ့တွေရောပဲ။ သူတို့လက်အောက်မှာ ကျမတို့က အသက်ရှင်နေနိုင်ဖို့ ကြိုးစားနေရတယ်။ သူတို့ ကျမမိသားစုကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် လုပ်လိုက်ပြီ။ [...] စစ်တပ်မရှိဘဲနဲ့ရွာသားအား လုံး အေးအေးချမ်းချမ်းနေနိုင်တယ်။ ရွာနားမှာ သူတို့တပ်ဖွဲ့တွေချမထားဘူးဆိုရင် ပြဿနာတွေဖြစ်မှာ မဟုတ်ဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးရှိလားမရှိလားဆိုတာ စစ်တပ်နဲ့ တိုက်ရိုက်သက်ဆိုင်တယ်။ဒါပေမယ့် သူတို့ဘာသာသူတို့ ချုပ်ကိုင်ပြီး တိုင်းပြည်ကို အုပ်ချုပ်နေတယ်"*
*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာတွင် မှတ်တမ်းတင်ခဲ့သည်။)*

၂၀၁၆ ခုနှစ် မေလ ဖြစ်စဉ် (အမှုဖြစ်ရပ် ၇၉) တွင် ရှမ်းပြည် ပြန်လည်တည်ဆောက်ရေးကောင်စီ/ ရှမ်းပြည် တပ်မတော် (RCSS/SSA) မှ ရှမ်းပြည်နယ်၊ မန်တုန် မြို့နယ်ရှိ ၄၇ အရွယ်အမျိုးသားတစ်ဦးအား TNLA စစ်သားဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပါသည်။[၂၀] သူသည် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရပြီး အသတ်ခံရတော့မည်ဟု မျှော်လင့် နေခဲ့ပါသည်။ နောက်ဆုံးတွင် ၁၀လမျှ ထိန်းသိမ်းခံရပြီးနောက် လွတ်မြောက်ခဲ့သည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာ နိုင်ငံ) က တရားမျှတမှုအတွက်လိုအင်ဆန္ဒများကို ၎င်း၏သားအား မေးမြန်းသောအခါ –

*"ဒီတိုင်းပြည်မှာ ငြိမ်းချမ်းရေးနဲ့ လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာမှု(ရှိသင့်တယ်)။ ရှမ်းနဲ့တအာန်း လူမျိုးတွေဟာ ဒီနေရာမှာ အတူတူနှစ်ပေါင်းများစွာ နေလာခဲ့ကြတယ်။ ပြည်သူတွေဟာ ပြဿနာ မရှိဘဲ အတူတူနေနိုင်ဖို့ ခေါင်းဆောင်တွေ ငြိမ်းချမ်းရေးရအောင် ဆွေးနွေးသင့်တယ်"*
*(တအာန်းအမျိုးသမီးအဖွဲ့အစည်းမှ ၂၀၁၆ ခုနှစ် မတ်လတွင် မှတ်တမ်းတင်ခဲ့သည်။)*

လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်ရန် အသင်းအဖွဲ့ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် တိကျ သောအဆိုပြုချက်များ အခြားသောပင္မံပက္ခကြောင့် နစ်နာသူများထံ၌ရှိကြသည်။ ၂၀၁၇ ခုနှစ် ဇန္နဝါရီလ မွန်ပြည်နယ် ရေးမြို့နယ်တွင် ဖြစ်ပွားသောကိစ္စရပ်၌ (အမှုဖြစ်စဉ် ၃၀) ခြေလျင်တပ်ရင်း (၃၁) မှ စစ်သားများက ရွာသား ၁၁ ဦးကို မွန်လက်နက်ကိုင်အုပ်စုတခုကို ငွေကြေးပေးခဲ့သည်ဟု စွပ်စွဲကာ ဖမ်းဆီးနှိပ်စက်ခဲ့ပါသည်။ ထိုရွာသားများသည် အရိုက်ခံ၊ အသတ်ခံရမည်ဟု ခြိမ်းခြောက်ခံရပြီး သူတို့အားနှိပ်စက်မှုများ ရပ်တန့်စေရန်အတွက် စစ်သားများကို ငွေကျပ် ၃ သိန်း ပေးခဲ့ရပါသည်။ တရားမျှတမှုအတွက် လိုအင်ဆန္ဒများကို မေးမြန်းသည့်အခါ သူတို့အနေဖြင့် တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနှင့် လုံခြုံမှု၊ ၎င်းတို့ဒေသအတွင်း မွန်လက်နက်ကိုင်အဖွဲ့အား မောင်းထုတ်မှုအပါအဝင် စစ်အင်အားတည် ဆောက်မှုများဖျက်သိမ်းမှု၊ ၎င်းတို့အပေါ်တွင် ကာကွယ်ပေးမည့်အစိုးရတရပ်နှင့် ပြည်သူအပေါ် မျှတကောင်းမွန်စွာ ဆက်ဆံမည့်စစ်တပ်တရပ် တို့ဖြစ်ကြောင်းပြောဆိုခဲ့ပါသည်။ (မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မှတ်တမ်းတင်ခဲ့ပါသည်။)

---

၂၀။ ၂၀၁၅ခုနှစ်၌ တနိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေးစာချုပ်ကို RCSS/SSA လက်မှတ်ထိုးပြီးကတည်းက TNLA နှင့် RCSS/SSA အကြားတွင် လက်နက်ကိုင်တိုက် ပွဲများ ဖြစ်ပွားခဲ့ကြပါသည်။

တချို့နှစ်နာသူများအနေဖြင့် ကျူးလွန်သူများထံမှ နောက်တကြိမ်ပြန်လည်မဖြစ်ပွားစေရန် ရှင်းရှင်းလင်းလင်း ဖေါ်ပြထားသော အာမခံချက်များကို တောင်းဆိုကြပါသည်။ ၁၉၉၂ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် ဖြစ်ပွားသောကိစ္စ (အမှုဖြစ်ရပ် ၃၁)တွင် စစ်တပ်မှ ရွာသား ၁၀ ဦးအားပေါ်တာအဖြစ် စစ်လက်နက်ပစ္စည်းများသယ် ဆောင်ပေးရန်၊ စစ်စခန်းတစ်ခု တည်ဆောက်ပေးရန်နှင့် မြေမြှုပ်မိုင်းများ၏လမ်းကြောင်းများကို ရှင်းလင်းပေးရန် အတွက်ခိုင်းစေခဲ့ပါသည်။နှစ်ဦးမှာမြေမြှုပ်မိုင်းများကိုနင်းမိသောကြောင့်သေဆုံးခဲ့ရပြီးတစ်ဦးမှာညည်းပန်းနှိပ်စက်မှုခံရ ပြီး သူ၏ဦးခေါင်းခွံအရိုးကျိုးခဲ့ရပါသည်။ မြေမြှုတ်မိုင်းကြောင့် သေဆုံးခဲ့ရသူတစ်ဦး၏ ဆွေမျိုးသားချင်းတစ်ဦးက လူ့အခွင့် အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)ကို ပြောပြခဲ့သည်မှာ -

*"အစိုးရတပ်တွေက ပေါ်တာတွေကို ကျွန်လို၊ တိရစ္ဆာန်လို အသုံးပြုကြတယ်။ အစိုးရတပ်တွေက ကျနော် တို့ကို လူ့ဂုဏ်သိက္ခာထားပြီး မဆက်ဆံကြဘူး။ သူတို့တပ်ရင်းနား ဖြတ်သွားတဲ့အခါတိုင်း ကျနော်တို့ ဒီကိစ္စကို ဘယ်တော့မှမမေ့လို့ရမှာမဟုတ်ဘူး။ ကျနော်တို့အပေါ် ဒီလိုလုပ်ထားတာကို အမှတ်ရ နေမှာပဲ။ [....] အစိုးရက နောက်တခါပြန်လည်မဖြစ်ဖို့ ကတိပြုမယ်ဆိုရင်တောင် ဆယ်နှစ်လောက်ကြာမှပြည်သူ ကစစ်တပ်ကို ယုံကြည်လာလိမ့်မယ်။ ဒီတော့ မေးခွန်းက စစ်တပ်ဒီလိုချိုးဖောက်မှုတွေ မလုပ်အောင် သေချာစေဖို့ စစ်တပ်ကို ဘယ်သူက ထိန်းချုပ်မလဲဆိုတာဘဲ"*

*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် မှတ်တမ်းတင်ထားသည်။)*

အမှုကိစ္စတချို့တွင် တရားကြောင်းအရ ထိုချိုးဖောက်ခံရမှုများကို စုံစမ်းစစ်ဆေးမှုများပြုသော်လည်း ကျေနပ် ဖွယ်ရာအဖြေများကို မပေးနိုင်ချေ။ ထိုကဲ့သို့သောကိစ္စများမှ နစ်နာသူများက အသင်းအဖွဲ့ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်းမှတဆင့် နောက်တကြိမ်ပြန်လည်မဖြစ်ပွားရေး အာမခံချက်များနှင့် တရားမျှတမှုနှစ်မျိုးစလုံးကို တောင်း ဆိုပါသည်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်တွင် ၂၀၁၃ ခုနှစ် ဧပြီလက ဖြစ်ပွားခဲ့သောကိစ္စ၌ (အမှုဖြစ်ရပ် ၆၀) လူငယ်စုံတွဲတစ်တွဲသည် ကမ်းခြေတွင်လမ်းလျှောက်နေခိုက် လူ ၃ ဦးက ၎င်းတို့အားတိုက်ခိုက်ခဲ့ပါသည်။ ၎င်းတို့နှစ် ဦးအားသီးခြားစီခွဲ၍ အမျိုးသမီးကို လိင်ပိုင်းဆိုင်ရာစော်ကားမှုပြုကာ မေ့မြောသည်အထိ ရိုက်နှက်ခဲ့ပါသည်။ နောက် နာရီအနည်းငယ်အကြာတွင် ထိုအမျိုးသားသေဆုံးနေသည်ကို တွေ့ရှိခဲ့ကြပါသည်။ ထိုသို့တိုက်ခိုက်သူများမှာ ခြေလျင် တပ်ရင်း ၇၅ မှဖြစ်ကြောင်းသိရှိပြီးနောက် မိသားစုအဖွဲ့ဝင်တစ်ဦးက ဒေသရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ပါသည်။ မည် သို့ပင်ဖြစ်စေ ရဲစခန်းက ထိုအမှုကို သက်ဆိုင်ရာတပ်ရင်း တာဝန်ရှိသူထံသို့ လွှဲပြောင်း ပေးခဲ့သည့်နောက် ထိုသူ ၃ ဦးလဲ အစပျောက်သွားကာ ထိုအမှုသည်လည်း ယနေ့တိုင် မဖြေရှင်းနိုင်ဘဲ ဖြစ်နေဆဲဖြစ် သည်။ ထိုခံစားခဲ့ရသူ အမျိုးသမီးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြခဲ့သည်မှာ -

*"ရဲတွေက ပြည်သူကို ကာကွယ်ရမယ်။ အရင်တုန်းကတော့ ရဲနဲ့စစ်သားတွေဟာ ပြည်သူကို ကူညီဖို့ပဲ လို့ ကျမကတွေးထင်ခဲ့မိတာ။ အခုတော့စစ်တပ်နဲ့ပတ်သက်လို့ ကျမအမြင်ပြောင်းသွားပြီ အခြားလူတွေ ထက်စာရင် သူတို့ကိုတောင် ကျမက ပိုကြောက်သွားပြီ"*

*(လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့က ၂၀၁၆ ခုနှစ် နိုဝင်ဘာတွင် မှတ်တမ်းတင်ခဲ့သည်။)*

## မြေယာသိမ်းဆည်းခံရမှုများ

အကျင့်ပျက်ခြစားသော တရားဥပဒေစနစ်၏လက်ဝယ် ခံစားခဲ့ရပြီးသည့်နောက် မြေယာသိမ်းဆည်းခံရသူ များက အသင်းအဖွဲ့ဆိုင်ရာပြုပြင်ပြောင်းလဲမှုမှတဆင့် နောက်တကြိမ်ပြန်လည်မဖြစ်ပွားရေးအာမခံမှုများကို လိုချင် သည် ဟုဆိုပါသည်။

၂၀၀၉ ခုနှစ်က မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင်ဖြစ်ပွားခဲ့သော ဖြစ်စဉ်တခု၌ (အမှုဖြစ်စဉ် ၉၄) စစ်တပ်ပိုင်သောကုမ္ပဏီတစ်ခုနှင့် မြန်မာကုမ္ပဏီတစ်ခုတို့က ရွာသားများ၏မြေယာများကို စတင်သိမ်းယူခဲ့ပါသည်။ ထိုစီမံကိန်းကို ပုဂ္ဂလိက ကုမ္ပဏီတစ်ခုသို့ ၂၀၁၀ တွင်ပေးအပ်ခဲ့ရာ အငြိမ်းစား ဗိုလ်မှူးကြီး ၂ ဦးမှ ကြီးကြပ်ပြီး ရွာသားများအား ၎င်းတို့၏မြေများအားပေးအပ်ကြောင်း လက်မှတ်ထိုးပေးရန် ဖိအားပေးခဲ့ပါသည်။ ရွာသားများက ကန့်ကွက်ဆန္ဒပြသောအခါ ကုမ္ပဏီဝန်ထမ်းများက ရွာသားများကို ရိုက်နက်ခဲ့ပြီး ရဲများက လိုက်လံဖမ်းချုပ်ကာ တရားစွဲဆိုမှုများလည်းပြုလုပ်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ၎င်းတို့အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်နှင့် ၇ လချမှတ်ခဲ့သည်။ အယူခံဝင်ပြီးသည့်နောက်တွင် ထောင်ဒဏ်ကို ၈ လ အထိလျှော့ချလိုက်ပါသည်။ တရားမျှတမှုအတွက် လိုချင်သောဆန္ဒများကို မေးမြန်းသည့်အခါ တစ်ယောက်သော နစ်နာခံစားရသူက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ -

*“ဤအမှု၏ အမှန်တရား၊ တရားမျှတမှု နှင့် ခြစားမှု အဆုံးသတ်ရေး” ဟုဆိုပါသည်။*
*(စစ်မှန်သော ပြည်သူ့ကျေးကျွန်အဖွဲ့ - ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ)*

၁၉၉၇ ခုနှစ်က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၏ မြေယာအသိမ်းခံရမှုတခုတွင် (အမှုဖြစ်ရပ် ၉၀၊ သက်ရောက်မှုအခန်းကဏ္ဍတွင်ကြည့်ပါ။) သူ၏မြေပေါ်တွင် တရားမဝင်ဖြတ်ကျော်မှုဖြင့် တရားစွဲခံရထားသူတစ်ဦးက ယခုပြုလုပ်သည့် လိုအပ်မှုဆန်းစစ်ချက်များ ကောက်နေသောအချိန်တွင် NLD အစိုးရသစ်အောက်တွင် ပြောင်းလဲမှုများမရှိသေးသောကြောင့် သူ၏မကျေနပ်မှုကို ထုတ်ဖော်ခဲ့ပါသည်။

*“သူတို့က ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူတွေအတွက် ငြိမ်းချမ်းရေးကို လုပ်ပေးနိုင်မယ်လို့ ကျနော်တို့က ယုံကြည်လို့ မဲပေးခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် လက်ရှိမှာရွာကလည်း ဖွံ့ဖြိုးတိုးတက်မလာသလို၊ ရွာသားတွေရဲ့ဘဝကလည်း လုံခြုံငြိမ်းချမ်းမလာဘူး။ ကျနော့်အနေနဲ့ မြေယာအငြင်းပွားမှုကိစ္စ တရားရုံးကို တက်နေရတော့ မိသားစုအတွက် အသက်ရှင်ရပ်တည်မှု ပြဿနာကို အကြီးအကျယ်ရင်ဆိုင်နေရတယ်”*
*(အနာဂတ်အလင်းတန်းဆုံမှတ်မှ ၂၀၁၆ ခုနှစ် ဇန္နဝါရီလတွင် မှတ်တမ်းတင်ခဲ့ပါသည်။)*

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၌ ဖြစ်ပွားသောအမှုတွင် စစ်တပ်ခရိုနီကုမ္ပဏီတစ်ခုသည် ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း လယ်သမားများထံမှ လယ် ၄၂၂ ဧကကို သိမ်းဆည်းခဲ့ပြီး သူတို့လယ်များတွင်အလုပ်လုပ်လိုလျှင် ကုမ္ပဏီကို ပိုက်ဆံပေးရမည်ဟု တောင်းဆိုပါသည် (အမှုဖြစ်ရပ် ၉၃)။ ၂၀၁၁ ခုနှစ်တွင်စခဲ့သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အပေါ်တွင် ကျေနပ်ယုံကြည်မိသည့်အလျောက် နောက်တစ်နှစ်တွင် လယ်သမားများက ၎င်းတို့၏ လယ်များကို ပြန်လည်ပေးအပ်ရေးအတွက် အစိုးရထံသို့ စာဖြင့်တင်ပြခဲ့ရာ များမကြာမီတရားစွဲဆိုခြင်းခံခဲ့ရပါသည်။ နစ်နာခံစားရသူများက ၎င်းတို့လယ်များ ပြန်လည်ရရှိရန်အတွက် ခြစားလာဘ်ယူမှုများအား အဆုံးသတ်ပေးရန်နှင့် အသင်းအဖွဲ့ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ပေးရန် တောင်းဆိုကြသည်။

*“အာဏာနဲ့ပိုက်ဆံရှိတဲ့သူတိုင်းက ကိုယ်လိုချင်သမျှအတွက် လုပ်ချင်တာလုပ်လို့ရနိုင်တာ မတရားပါဘူး။ ကျနော်တို့က တကယ့်မြေပိုင်ရှင်အစစ်အမှန်တွေဖြစ်ပြီး ကျနော်တို့ အဲဒါတွေပြန်လိုချင်တယ်။ အစိုးရအနေနဲ့အဲဒီအမှုတွေကို သေသေချာချာစစ်ဆေးပြီး ဆုံးရှုံးသွားခဲ့ရတဲ့ ပိုင်ရှင်တွေကိုပြန်ပေးသင့်တယ်။ ဒါမှ အမှုကိုပိတ်လို့ရမယ် ”*
*(အနာဂတ်အလင်းတန်းဆုံမှတ်မှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် မှတ်တမ်းတင်ခဲ့သည်။)*

## နိုင်ငံရေးအကျဉ်းသား

နိုင်ငံရေးအကျဉ်းသားဟောင်းများက နိုင်ငံရေးယုံကြည်ချက်များကြောင့် ပြည်သူများ မည်သည့်အချိန်မျှ အဖမ်းခံရမှုမရှိစေရေးအတွက် သေချာစေမည့်အနာဂတ်တွင် အလားတူထပ်မံမဖြစ်ပွားစေရန် အာမခံမှုများလိုချင်ပါသည်ဟုဆိုပါသည်။ ဤအထဲတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ နိုင်ငံ၏တိုင်းရင်းသားလူမျိုးစုများအတွက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် တို့ကို အာမခံသည့် ပြုပြင်ပြောင်းလဲမှုများနှင့် အကျဉ်းထောင်ပြုပြင်ပြောင်းလဲမှုတို့ ပါဝင်ပါသည်။ [၂၁]

၁၉၉၀ပြည့်နှစ်တွင်စစ်အစိုးရ၏မတရားဖမ်းဆီးပြီးနှိပ်စက်ခံရသောနိုင်ငံရေးအကျဉ်းသားတစ်ဦးက (အမှုဖြစ်ရပ် ၁၀၀၊ သက်ရောက်မှု အခန်းကဏ္ဍတွင်ကြည့်ပါ) လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကိုပြောပြသည်မှာ နောက်တကြိမ်ပြန်လည်မဖြစ်ပွားရေး သေချာစေရန်အတွက် အသင်းအဖွဲ့ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် စိတ်ခံယူမှုပိုင်းဆိုင်ရာ အပြောင်းအလဲတရပ်ကို လိုချင်သည်ဟု ဆိုပါသည်။

> *"ကျနော့်ကို နှိပ်စက်တဲ့ရဲကို ကျနော် မကျေနပ်ပါဘူး၊ ကျနော့်အနေနဲ့ ဘယ်တော့မှ ဒါမျိုးထပ်မဖြစ်ဘူးလို့ ဆုတောင်းပါတယ်။ အခု အစိုးရအသစ်ဖြစ်လာတာ မြင်ရတာကို ကျနော်ပျော်ပါတယ်။ ကျနော့်လို အခြေအနေမျိုး အခြားလူတွေမကြုံရစေဖို့ မျှော်လင့်မိပါတယ်။ အစိုးရအနေနဲ့ ကျနော်တို့အားလုံးကို လူသားလို လေးစားပြီး ဆက်ဆံသင့်တယ်"*
>
> *(အနာဂတ်အလင်းတန်းဆုံမှတ်က ၂၀၁၇ ခုနှစ် ဇန္နဝါရီလတွင် မှတ်တမ်းတင်ခဲ့သည်။)*

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်တွင် ၂၀၁၀ ခုနှစ်က ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများအတွက် တိုက်တွန်းနှိုးဆော်မှုကြောင့် အဖမ်းဆီးခံရပြီး နှိပ်စက်ခံရသူ သံဃာတော်တစ်ပါးက ၎င်းခံစားသကဲ့သို့ ပြည်သူများထပ်မံမခံစား ရရန် တိကျသော ပြုပြင်ပြောင်းလဲမှုများကို မြင်လိုသည်ဟု မိန့်ကြားပါသည်။ (အမှုဖြစ်ရပ် ၁၀၂) ဤအချက်များထဲတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရရှိခြင်း၊ "အဲဒါဆို ဒါကငါတို့မြန်မာပြည်အတွက် ယဉ်ကျေးမှုအစိတ်အပိုင်းတစ်ရပ်ဖြစ်လာမယ်"၊ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် အစိုးရက အသိအမှတ်ပြုခြင်း၊ အကျဉ်းထောင်ပြုပြင်ပြောင်းလဲခြင်းနှင့် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး တို့ပါဝင်ပါသည်။ (မွန်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၁၇ ခုနှစ် ဇန္နဝါရီလ တွင် မှတ်တမ်းတင်ခဲ့သည်။)

# ကျေနပ်အားရခြင်း

နစ်နာခံစားရသူများအနေဖြင့် လူ့အခွင့်အရေးများ ချိုးဖောက်ခံရခဲ့ပြီးသည့်နောက် အတိတ်ကဒဏ်ရာအနာများ ပျောက်ကင်းစေရန်နှင့် ၎င်းတို့ဘဝများကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ကူညီပေးနိုင်မည့် ကျေနပ်နှစ်သိမ့်မှုကို ကိုယ်စားပြုနိုင်သည့် ပုံစံတစ်စုံတစ်ရာကို အစိုးရထံမှသော်လည်းကောင်း သို့မဟုတ် ကျူးလွန်သူများထံမှ သော်လည်းကောင်း လိုချင်သည်ဟုပြောပါသည်။

## ပင့်ပက္ခ

ပင့်ပက္ခကြောင့်ခံစားရသူများက ကျေနပ်နှစ်သိမ့်မှုရနိုင်မည့်ပုံစံတခုကို တောင်းဆိုကြရာတွင် ၎င်းတို့ခံစားခဲ့ရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို အသိအမှတ်ပြုခြင်းနှင့် တောင်းပန်ပေးခြင်း၊ မည်သို့ဖြစ်ခဲ့သည်ဆိုသည့်အမှန်တရားကို သိရှိနားလည်ရန်နှင့် အများသူငါသိရှိအောင် ပြုလုပ်ပေးရန်၊ ပျောက်ဆုံးသွားသော ၎င်းတို့၏

---

၂၁။ အကျဉ်းထောင်များပြုပြင်ပြောင်းလဲရေးနှင့် ပါတ်သက်သော နောက်ခံအကြောင်းအရာကို AAPP ၏ မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအခြေအနေနှင့်အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအတွက် အခြေအနေကောင်းများတွင်ကြည့်ပါ။ September 2016, HYPERLINK "http://aappb.org/wp-content/uploads/2016/09/Report-eng.pdf"

မိသားစုဝင်များ၏ရုပ်ကြွင်းများကိုကောင်းမွန်စွာသင်္ဂြိုဟ်နိုင်ရေးအတွက်ပြန်လည်ရရှိစေရန်၊ လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် အမှတ်တရအထိမ်းအမှတ် များပြုလုပ်ပေးရန်တို့ဖြစ်ပါသည်။ [၂၂]

၂၀၁၅ ခုနှစ် ဇွန်လက ကချင်ပြည်နယ် ဖားကန့်တွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခု၌ (အမှုဖြစ်ရပ် ၄) အမျိုးသားတစ်ဦးအား အစိုးရစစ်သားများကဖမ်းဆီးပြီး အနီးအနားရှိ စစ်စခန်းသို့ခေါ်ဆောင်သွားခဲ့ပါသည်။ သူ၏ဇနီးက စစ်စခန်းသို့ ဆက်သွယ်မေးမြန်းသော်လည်း မည်သည့်သတင်းအချက်အလက်မှ မရရှိချေ။ ရက်သတ္တပတ်တချို့ကြာပြီးသောအခါ ထိုသူ၏ ရုပ်အလောင်းကို စစ်စခန်းအနီးတွင် ညှဉ်းပန်းခံရသည့်ဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိပါသည်။ ထိုသူ၏ဇနီးတွင် စီးပွားရေးအခက်အခဲများ ဖြစ်ပေါ်ခံစားရပြီး နောက်ဆုံးတွင် သူမ၏ကလေး ၆ ယောက်ကို မိဘမဲ့ကလေးဂေဟာသို့ ပို့လိုက်ရခြင်းဖြင့် အဆုံးသတ်သွားခဲ့သည်။ တရားမျှတမှုအတွက် လိုအင်ဆန္ဒများကို မေးမြန်းသောအခါ ထိုမုဆိုးမ အမျိုးသမီးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြသည်မှာ -

*"ကျမအနေနဲ့ ကျမအမျိုးသားကို အစိုးရစစ်သားတွေက ဖမ်းဆီးသွားပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်ဆိုတာ ကမ္ဘာကို ပေးသိစေချင်တယ်။ ကျမအမျိုးသားကို ဘယ်သူသတ်ခဲ့သလဲဆိုတာ ကျမသိချင်တယ်။ [...] စစ်သားတွေက အိမ်ကိုလာပြီး ကျမတို့ကို တောင်းပန်တာမျိုး ကျမလိုချင်တယ်"*
*(ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် မှတ်တမ်းတင်ခဲ့သည်။)*

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သောကိစ္စ၌ မြေမြန်တပ်မ (၉၉) အောက်ရှိ စစ်ဆင်ရေးကွပ်ကဲဌာန (၁၀) မှ စစ်သားများက ၂၄ နှစ်အရွယ်ရှိ လူငယ်တစ်ဦးကို ၎င်း၏နေအိမ်မှ ခေါ်ဆောင်သွားပြီး ၎င်း၏အမေကို တနာရီအတွင်း အိမ်ပြန်ပို့ပေးမည်ဟု ပြောကြားခဲ့ပါသည်။ ခြောက်လကြာပြီးနောက် ယခုတွေ့ဆုံမေးမြန်းမှု ပြုလုပ်သည့်အချိန်အထိ မိသားစုအနေဖြင့် ၎င်းအကြောင်းမည်သည့်သတင်းမျှမရရှိခဲ့ပါ။ ပျောက်ဆုံးနေသော သူမ၏သားကိုရှာဖွေရန် ပိုက်ဆံ ၂ သိန်းကျပ် သုံးစွဲခဲ့ရသော မိခင်ကြီးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြသည်မှာ -

*"ငါ့သားဘယ်ရောက်နေတယ်ဆိုတာ ငါသိချင်တယ်။ ငါ့သားလေးအသက်ရှင်မရှင် သိရအောင်လို့ငါ့သားကို အခုထိ လိုက်ရှာနေတုန်းပဲ။ [....] ငါ့အနေနဲ့ တပ်မ ၉၉ အောက်က စစ်ဆင်ရေးကွပ်ကဲအဖွဲ့က ဗိုလ်ကြီးထွန်းထွန်းအောင်ကို စကားပြောခွင့်ရရင် ငါတို့ အဖြေတခုရှာနိုင်လိမ့်မယ်လို့ ငါယုံကြည်တယ်။ ငါ့သားအတွက် တရားမျှတမှုကို ငါလိုချင်တယ်"*
*(ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ ၂၀၁၇ ခုနှစ် မတ်လတွင် မှတ်တမ်းတင်ခဲ့သည်။)*

ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်မှ အသက် ၄၂ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးကို ခြေမြန်တပ်မ (၇၇)က စစ်သားများက ဖမ်းဆီးရိုက်နှက်ပြီး TNLA အကြောင်း မေးမြန်းသောဖြစ်ရပ်တစ်ခု ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ပွားခဲ့ပါသည်။ ၎င်းကို ပြန်လည်လွှတ်ပေးပြီး ၂ လအကြာတွင်ထပ်မံဖမ်းဆီးကာ ပေါ်တာအဖြစ် အစေခိုင်းစေခဲ့ပြန်သည်။ တရားမျှတမှုအပေါ် သူ၏လိုအင်ဆန္ဒများကို မေးမြန်းသောအခါ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်နိုင်ရေးအတွက် ပြည်သူများက အမှန်တရားကို သိရှိရန်လိုအပ်မှု အကြောင်းကို ထုတ်ဖော်ပြောဆိုပါသည်။

---

၂၂။ ပြန်လည်ကုစားပေးလျော်ရေးပုံစံတရပ်အနေဖြင့် တောင်းပန်မှုများအကြောင်း နောက်ခံအချို့ကို လေ့လာရန် ဤတွင်ကြည့်ပါ။ ICTJ: စကားလုံးများထက်ပိုသည့် ပြန်လည်ကုစားပေးလျော်ရေးပုံစံတရပ်အနေဖြင့် တောင်းပန်မှုများ၊ December 2015, HYPERLINK "https://www.ictj.org/sites/default/files/ICTJ-Report-Apologies-2015.pdf", ပြန်လည် ကုစားပေးလျော်ရေးပုံစံတရပ်အနေဖြင့် အောက်မေ့သတိရမှုများပြုလုပ်ခြင်းအကြောင်း နောက်ခံကို သိရှိလိုပါက ဤနေရာတွင်ကြည့်ပါ။ ဗမာ/မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းရေးကာလဖြစ်စဉ်နှင့် ဆက်စပ်၍ အောက်မေ့သတိရမှုများ ပြုလုပ်ခြင်းကို စူးစမ်းခြင်းတရပ်၊ 2015, Impunity Watch: HYPERLINK "https://www.impunitywatch.org/docs/BurmaCountryExploration.pdf"

*"ငါ သိပ်ဝမ်းနည်းမိတယ်။ [...] ငါတို့ဒေသမှာ ဒီလိုမျိုး ချိုးဖောက်မှုတွေဖြစ်နေတယ်ဆိုတာ အာဏာပိုင်တွေကို သိစေချင်တယ်။ လူတိုင်း အဖြစ်မှန်ကို သိမှရမယ်။"*
*(တအာန်းအမျိုးသမီးအဖွဲ့အစည်းမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်ခဲ့ပါသည်။)*

မိသားစုအဖွဲ့ဝင်များပျောက်ဆုံးသွားရသောကြောင့် နစ်နာခံစားရသူများက ပျောက်ဆုံးသွားသူတို့၏ ကျန်ရစ်သောရုပ်ကြွင်းများကို လက်ခံရယူလိုကြောင်း ၎င်းတို့ဆန္ဒကို ပြောပြကြသည်။ ၂၀၁၁ ခုနှစ်တွင် လိမ္မော်သီးများဆွတ်ခူးနေသည့် သူမ၏သားအား ခြေမြန်တပ်ရင်း (၃၉၀) နှင့် (၃၉၈)က ဖမ်းဆီးသွားသည်ဟု ကချင်ပြည်နယ်၊ လိုင်ဇာမှ အမျိုးသမီးတစ်ဦးကပြောပါသည်။ နောက်တစ်လကြာသည်အထိ သူ့ကိုပြန်လည်မတွေ့ရှိရဘဲ အနီးရှိလယ်ကွင်းတစ်ခုထဲက အိမ်သာကျင်းအဖြစ်အသုံးပြုထားသော တွင်းတစ်ခုထဲက သူ၏ရုပ်အလောင်းအား သူငယ်ချင်းနှစ်ဦး၏ ရုပ်အလောင်းနှင့်တူ ပြန်လည်တွေ့ရှိခဲ့ရပါသည်။ လူငယ်၏မိခင်မှ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ပြောပြသည် မှာ -

*"ကွယ်လွန်သွားတဲ့သားအတွက် အမှန်တရားနဲ့ တရားမျှတမှုကို ငါရချင်တယ်။ ငါ့သားအသတ်ခံရတဲ့အကြောင်း ကမ္ဘာကြီးကို ပေးသိလိုက်ချင်တယ်။ ငါ့ဒေါသနဲ့ မကျေနပ်မှုတွေကို ကမ္ဘာကြီးကသိသွားစေချင်တယ်။ [...] အိမ်သာတွင်းထဲက အလောင်းကို လူတွေက အရင်ယူလာပေးစေချင်တယ်။ ငါထင်တာ ကွယ်လွန်သွားတဲ့ ငါ့သားရဲ့ကျန်နေတဲ့ အရိုးတွေမြင်ရလိမ့်မယ်ပေါ့။ ခြေမြန်တပ်ရင်း (၃၉၀) နဲ့ (၃၉၈) က စစ်သားတွေ ငါ့သားကို သတ်တဲ့အကြောင်း လာဝန်ခံစေချင်တယ်"*
*(ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် မှတ်တမ်းတင်ခဲ့သည်။)*

> *"အသတ်ခံလိုက်ရတဲ့သူရဲ့ မိသားစုဝင်တွေဟာ သူတို့ချစ်ခင်ရသူရဲ့ ရုပ်အကြွင်းအကျန်ကို ဂုဏ်သိက္ခာရှိရှိ မြှုပ်နှံပြီး ဈာပနအခမ်းအနားလေး လုပ်ပေးနိုင်ဖို့ အလောင်းပြန်ရဖို့ထက်တောင်မပိုတဲ့ လိုအပ်မှုတွေကို တော်ရုံသင့်ရုံပဲ တောင်းဆိုကြတာပါ။ အဲဒီလောက် သေးသေးလေး တောင်းဆိုမှုကိုတောင် အမြဲတမ်းငြင်းပယ်ခံရတယ်"*
>
> *(ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံ၊ အထွေထွေအတွင်းရေးမှူး မွန်းနေလီ)*

ချစ်ခင်ရသူများ အသတ်ခံရသည့်အတွက် ဆုတောင်းအမှတ်ရပွဲများ ကျင်းပရန်အတွက် တချို့သောခံစားရသူများက တောင်းဆိုကြပါသည်။ ၂၀၁၅ ခုနှစ် ဇန္နဝါရီလက ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်တွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ်၌ (အမှုဖြစ်ရပ် ၇၀) သူငယ်ချင်းတစ်ဦးနှင့်ထင်းခွေနေသော ၂၂ နှစ် အရွယ်ရှိ အမျိုးသားတစ်ဦးကို ခြေမြန်တပ်ရင်း (၆၈) မှစစ်သားများက နိပ်စက်သတ်ဖြတ်လိုက်ခဲ့ကြပါသည်။ သူတို့နှစ်ဦးအား ခွဲခြားချုပ်နှောင်မှုမပြုခင် ၎င်းတို့သည် ကေအိုင်အေအတွက် ထင်းစုဆောင်းနေလားဟု မေးမြန်းခံခဲ့ရပါသည်။ တစ်ဦးမှာ တစ်ညသာ အချုပ်ခံရပြီးနောက် လွတ်မြောက်လာသော်လည်း နောက်တစ်ဦးမှာ နောက်နေ့တွင် သေဆုံးနေသည်ကို တွေ့ရှိရပါသည်။ သူ၏တကိုယ်လုံးတွင် ဓားဒဏ်ရာများ၊ သေနတ်ဒဏ်ရာများဖြင့် ပြည့်နှက်နေပြီး လိင်အင်္ဂါ၏အရေပြားကို ဖြတ်တောက်ထားပါသည်။ သူ့အား စစ်အင်္ကျီတထည်ဝတ်ပေးထားပြီး ခြေမြန်တပ်ရင်း (၆၈) မှစစ်သားများက ကေအိုင်အေ စစ်သားတစ်ယောက်ကို သတ်ဖြတ်လိုက်ကြောင်း ကြွားဝါပြောဆိုနေကြပါသည်။ ထိုတပ်ရင်းမှ ဗိုလ်ကြီးတစ်ဦးက အသုဘစားရိတ်အတွက် ပိုက်ဆံကျပ် ၃ သောင်းပေးခဲ့သော်လည်း မိသားစုကငြင်းပယ်ခဲ့ပါသည်။ တရားမျှတမှုအတွက် မိသားစု၏ လိုအင်ဆန္ဒကို မေးမြန်းသောအခါ ကျူးလွန်သူများကဝန်ခံစေချင်ပြီး ၎င်းတို့ပြုလုပ်ခဲ့မှုကြောင့် ဘယ်သူမှမခံစားစေချင်ကြောင်းပြောပါသည်။ အသတ်ခံရသူ၏ ညီဖြစ်သူက ၎င်းအတွက် အမှတ်တရ ကျောက်တိုင်တစ်ခု စိုက်ထူချင်ကြောင်း ထပ်မံပြောဆိုပါသည်။ (စစ်မှန်သောပြည်သူ့ကျေးကျွန်အဖွဲ့မှ ၂၀၁၇ ခုနှစ်၊ ဇန္နဝါရီလတွင် မှတ်တမ်းတင်ထားသည်။)

### နိုင်ငံရေးအကျဉ်းသားများ

နိုင်ငံရေးအကျဉ်းသားဟောင်းအတော်များများက တောင်းပန်ခြင်းများနှင့် အောက်မေ့အမှတ်ရဖွယ်ပြုခြင်းများမှ တဆင့် ကျေနပ်မှု တစ်စုံတရာကို တောင်းဆိုကြပါသည်။

၂၀၀၇ ခုနှစ်၊ ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်မှုကြောင့် စစ်တပ်၏နှိပ်စက်ခြင်းခံခဲ့ရပြီး ထောင်သွင်းအကျဉ်းချခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြသည်မှာ –

*"ကျနော့်အနေနဲ့ အစိုးရက နိုင်ငံရေးအကျဉ်းသားတွေကို တောင်းပန်စေချင်တယ်၊ နောက်ပြီး သူတို့ရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ပေးနိုင်ဖို့ တစ်ခုခုလုပ်ပေးစေချင်တယ်။ ဒီမိုကရေစီနည်းကျ လူ့အဖွဲ့အစည်း တစ်ခုမှာ ဆန္ဒပြတယ်၊ သပိတ်မှောက်တယ်ဆိုတာ ဖြစ်နေမှာပဲ၊ အဲဒီတော့ အာဏာပိုင်တွေအနေနဲ့ရက်ရက်စက်စက် နှိမ်နင်းဖြိုခွဲမယ့်အစား လူ့အခွင့်ကို ငြိမ်းငြိမ်းချမ်းချမ်း ကိုင်တွယ်စီမံသင့်တယ်"*
*(အနာဂတ်အလင်းတန်းဆုံမှတ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် မှတ်တမ်းတင်ခဲ့သည်။)*

## လျော်ကြေးပေးခြင်း

နစ်နာခံစားရသူအတော်များများက ကျန်းမာရေးစရိတ်နှင့် ပညာရေးအတွက် ကုန်ကျမှုများကို အထောက်အပံ့ဖြစ်စေရန်အတွက် တစ်စုံတစ်ရာသော လျော်ကြေးပေးမှုကို တောင်းဆိုကြသည်။ ၎င်းတို့၏ လက်ရှိလိုအပ်ချက်များကို တာဝန်ယူနိုင်ရန်အတွက် ကျူးလွန်သူများနှင့် အစိုးရထံက ကူညီထောက်ပံ့မှုကို မကြာခဏ တောင်းဆိုကြပါသည်။ ပြန်လည်ကုစားပေးလျော်ရေး အနာဂတ်အစီအစဉ်တစ်ခုတွင် ဤကဲ့သို့သော ထောက်ပံ့မှုကို လျော်ကြေးပုံစံ သို့မဟုတ် ပြန်လည်ပြုစုထူထောင်ရေးပုံစံအဖြစ် နစ်နာခံစားရသူများအတွက်အသင့်လျော်ဆုံးဖြစ်နိုင် မည့်အခြေအနေ ပေါ်မူတည်၍ ပုံဖော်သင့်ပါသည်။

### ပဋိပက္ခ

ပဋိပက္ခကြောင့်နစ်နာခံစားရသူများက ညှဉ်းပန်းနှိပ်စက်ခံရမှုများအပေါ် ကုသစရိတ်ကို အထောက်အကူပြုနိုင်စေရန်အတွက် လျော်ကြေးကို အများဆုံး တောင်းဆိုကြပါသည်။ နစ်နာခံစားရသူများ၏ စီးပွားရေးအခြေအနေပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများက သက်ရောက်မှုရှိခဲ့သည့်အတွက် ကလေးများ၏ ကျောင်းစရိတ်ပေးနိုင်ရန်အတွက် တချို့သော နစ်နာသူများက လျော်ကြေးကို တောင်းခံကြပါသည်။

၂၀၁၆ ခုနှစ် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ ဖြစ်ပွားသောအမှုတွင် (အမှုဖြစ်ရပ် ၅၀) အသက် ၃၉ နှစ်ရှိ အမျိုးသားတစ်ဦး သူ၏လယ်မှပြန်လာစဉ် ခြေလျင်တပ်ရင်း (၄၂၇) မှ စစ်သားများနှင့်တွေ့ပါသည်။ ထိုစစ်သားများက သူ့အား မြေမြှုပ်မိုင်းများ ထောင်နေသည်ဟုစွပ်စွဲကာ ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ခေါ်ဆောင်သွားပြီး ကေအိုင်အေနှင့် ပတ်သက်၍ ၃ ရက်တိုင်တိုင် စစ်ဆေးပါသည်။ ထိုသို့ပြုမူခံရသူက ပြောသည်မှာ "သူတို့ကျနော့်ကိုယ်ပေါ်ကို စစ်ဖိနပ်တွေနဲ့နင်းတယ်။ နောက်ပြီး တစ်ကိုယ်လုံးကို ထင်းချောင်းတွေနဲ့ရိုက်တယ်။ ကျနော့်နံရိုးတွေကို သူတို့ရိုက်တယ်။ အဲဒီနောက် ကျနော်သွေး ၂ ခါတောင်အန်တယ်" အပြုခံရသူအနေဖြင့် နှိပ်စက်ညှဉ်းပန်းမှုဒဏ်ကြောင့် နားထိုင်းသွားခဲ့ပြီး ကျန်းမာရေးအခြေအနေမှာလည်း ဆက်၍ဆိုးဝါးနေဆဲဖြစ်သည်။ သူကထပ် ပြောသည်မှာ –

*"ကျနော် လျော်ကြေးလိုချင်ပါတယ်။ ကျနော့်ကျန်းမာရေးအတွက် အစိုးရက တာဝန်ယူပေးတာကိုလိုချင်ပါတယ်။ ကျနော် ဒီလိုအချိုးဖောက်ခံရတာတွေအတွက် တရားမျှတမှုကိုလိုချင်တယ်။ ဒါတွေကို ကမ္ဘာ့အသိုင်းအဝန်းက သိစေချင်တယ်"*
*(ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံမှ ၂၀၁၆ ခုနှစ် ဇန္နဝါရီလတွင် မှတ်တမ်းတင်ခဲ့သည်။)*

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် အသက် ၅၀ နှစ်ရှိသော အမျိုးသားတစ်ဦး သူ၏လယ်သို့အသွားတွင် ခြေမြန်တပ်ရင်း (၃၈၉)၊ (၃၉၀) နှင့် (၃၉၉) တို့မှ စစ်သားများက ဖမ်းဆီးသွားသောဖြစ်ရပ်တခု ၂၀၁၁ ခုနှစ် နိုဝင်ဘာတွင် ဖြစ်ပွားခဲ့ပါသည် (အမှုဖြစ်ရပ် ၄၆)။ ၎င်းအား ကေအိုင်အေစစ်သားအဖြစ်စွပ်စွဲပြီး ညှဉ်းပန်းနှိပ်စက်ကာ "ခင်ဗျားက တော်တော်ခေါင်းမာတဲ့လူပဲ၊ ငါတို့မင်းကိုသတ်ပစ်မယ်" ဟု စစ်သားများက ပြောဆိုခဲ့ပါသည်။ ထို့နောက် ၎င်းအား ပေါ်တာအဖြစ် တလနီးပါးမျှခိုင်းစေကာ ပြန်လွှတ်ပေးခဲ့ပါသည်။ သူက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြသည်မှာ သူ၏ကျန်းမာရေးအတွက် ကုသရမည့်စရိတ်ထက် ဘာကိုမျှမလိုချင်ပါဟု ဆိုပါသည်။ (ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် မှတ်တမ်းတင်ခဲ့ပါသည်။)

## မြေယာသိမ်းဆည်းခြင်းများ

မြေယာနှင့်ပတ်သက်သော နစ်နာခံစားရသူအများစုအနေဖြင့် ၎င်းတို့၏ မြေယာနှင့်ပိုင်ဆိုင်မှုများကို ပြန်လည်ဖြည့်ဆည်းပေးစေလိုပြီး ၎င်းတို့၏မြေများ ဖျက်ဆီးခံရပြီးသားဖြစ်မှသာ လျော်ကြေးကို တောင်းဆိုကြပါသည်။ ဖြစ်ရပ် ၇ ခု (၅၄%) မှ နစ်နာခဲ့ရသူများက ၎င်းတို့ပိုင်ဆိုင်မှုများအား ပြန်လည်ပေးအပ်ရန် မလွယ်ကူတော့လျှင် လျော်ကြေးငွေကို တောင်းခံပါသည်။

၂၀၀၂ ခုနှစ်က ဖြစ်ခဲ့သောဖြစ်စဉ်တွင် (အမှုဖြစ်ရပ် ၉၅)တွင် မောရဝတီရေတပ်အခြေစိုက်စခန်းက တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်ရှိ ရွာသား ၂၈ ဦးအား သူတို့အိမ်မှ အဓမ္မမောင်းထုတ်ခဲ့ပါသည်။ စစ်သားများက ထိုနေရာသို့ ၁၉၉၅ ခုနှစ်ကတည်းက ရွှေ့ပြောင်းလာကြပြီး ဥပဒေအရ ခြိမ်းခြောက်ခြင်းများအပါအဝင် အခြားသော နည်းများဖြင့်လည်း ရွာသားများကို နှောင့်ယှက်မှုများ ဆောင်ရွက်လာခဲ့ပါသည်။ နစ်နာခံစားရသူတစ်ဦးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြသည်မှာ –

*"ကျနော်ပိုင်ဆိုင်ခဲ့တဲ့ လယ်နားဖြတ်သွားတိုင်း မကြည့်မိအောင် ကြိုးစားပေမယ့်လည်း စိတ်ထိန်းမရဘူး။ ကျနော့်ခြံထဲမှာ သူတို့ အရာရှိတန်းလျားတစ်ခုဆောက်ထားတယ်။ တချိန်ချိန်မှာ သူတို့က ကျနော့်မြေတစိပ်တပိုင်း ပြန်ပေးရင်ဖြစ်ဖြစ်၊ စိုက်ထားတဲ့အပင်တွေအတွက် သင့်တော်တဲ့လျော်ကြေးဖြစ်ဖြစ်ပေးရင် ကျနော် ကျေနပ်နိုင်ပါတယ်"*
*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၆ ခုနှစ်၊ မတ်လတွင် မှတ်တမ်းတင်ခဲ့သည်။)*

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်က ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားသည့် အမှုကိစ္စကိုကြည့်လျှင် (အမှုဖြစ်ရပ် ၈၇၊ သက်ရောက်မှု အပိုင်းကဏ္ဍတွင်ပါကြည့်ပါ။) မောရဝတီရေတပ်စခန်းအသစ်တစ်ခုအတွက် နေရာပေးနိုင်ရန် ဒေသဆိုင်ရာအာဏာပိုင်များက မိသားစုတစုအား ၎င်းတို့ပိုင်ဆိုင်သောပစ္စည်းများအား ဖျက်ဆီးပစ်ရန် ညွှန်ကြားခဲ့ပါသည်။ ၎င်းတို့အတွက် တရားမျှတမှုအပေါ် လိုအင်ဆန္ဒများကို မေးမြန်းသောအခါ နစ်နာခံစားရသူတစ်ဦးက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ပြောပြသည်မှာ –

*“ကျနော့် စိတ်ဆန္ဒက အသက်ကြီးလာတဲ့အခါ ကျနော့်မိသားစုရဲ့အမွေအနှစ်ဖြစ်တဲ့မြေပေါ်မှာ ဆွေမျိုးတွေနဲ့အတူတူနေချင်တာ။ အခုတော့ အာဏာပိုင်တွေကြောင့် ကျနော့်ဆန္ဒတွေ ပြည့်စုံတော့မယ် မထင်ပါဘူး။ ကျနော်တို့အိမ်တွေကို ဖျက်ဆီးပစ်လိုက်ဖို့ အမိန့်ကိုရထားပြီးပြီ။ အရင်တုန်းက ကျနော်တို့မိဘတွေ ပိုင်ဆိုင်ခဲ့တဲ့မြေတွေ၊ ယာတွေ စစ်တပ်ကသိမ်းဆည်းတာခံရခဲ့ပြီးပြီ။ အခုအသက်ရှင်ရပ်တည်ရမယ့် အိမ်နဲ့ဆိုင်တွေကို ဖျက်ဆီးခံရတယ်။ ကျနော်တို့ဖိနှိပ်ခံရတယ်။ ကျနော်တို့နဂိုတုန်းက ရှိတဲ့အခြေအနေအတိုင်း လျော်ကြေးရရင်ကျေနပ်နိုင်ပါတယ်။ ကျနော်တို့ချမ်းသာချင်လို့ပြောနေတာမဟုတ်ပါဘူး၊ အရင်ကအတိုင်း ပြန်ရှိဖို့လောက်ပါပဲ။”*

*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မှတ်တမ်းတင်ထားသည်။)*

## နိုင်ငံရေးအကျဉ်းသား

နိုင်ငံရေးအကျဉ်းသားဟောင်းအကျဉ်းချခံရခြင်းနှင့်နှိပ်စက်ညှဉ်းပန်းခံရခြင်း၏နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုများကို တုံ့ပြန်ရန်အပြင် အသက်ကြီးသည်နှင့်အမျှ ကြုံတွေ့လာရသော ကျန်းမာရေးပြဿနာများအတွက် အစိုးရ၏လျော်ကြေးပေးမှုကို လိုအပ်သည်ဟု ပြောဆိုကြပါသည်။

၈၈၈၈ အရေးတော်ပုံကြီးတွင်ပါဝင်ခဲ့ပြီးနောက် မှားယွင်းသောစွပ်စွဲမှုနှင့် ၆ နှစ်ခွဲ ထောင်သွင်းအကျဉ်းချခံခဲ့ရသည့် နစ်နာခံရသူများ၏လိုအပ်ချက်များ ဆန်းစစ်ချိန်တွင် အသက် ၇၀ ရှိနေပြီဖြစ်သော နိုင်ငံရေးအကျဉ်းသားတစ်ဦးက (အမှုဖြစ်ရပ် ၁၀၈ သက်ရောက်မှုများအခန်းတွင်ကြည့်ပါ) ပြောသည်မှာ -

*“ကျနော့်လို အသက်ကြီးတဲ့သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အစိုးရကို တာဝန်ယူစေချင်ပါတယ်”*

*(အနာဂတ်အလင်းတန်းဆုံမှတ်က ၂၀၁၇ ခုနှစ် ဇန္နဝါရီလတွင် မှတ်တမ်းတင်ခဲ့သည်။)*

ဆန္ဒပြမှုများဖြစ်ပွားပြီးဒေသန္တရအုပ်ချုပ်ရေးများ ရပ်ဆိုင်းနေချိန် ကျေးရွာသမဝါယမဆိုင်ကို ဆက်လက် လည်ပတ်နေအောင် တာဝန်ယူဆောင်ရွက်ခဲ့မှုကြောင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦး အဖမ်းဆီးခံခဲ့ရပါသည် (အမှုဖြစ်ရပ် ၁၀၇)။ စစ်အစိုးရက ၎င်းသည် ထိုဆိုင်အား တရားမဝင်သိမ်း ယူခဲ့သည်ဟူ သောစွပ်စွဲချက်ဖြင့် အဖမ်းခံရကာ ၁ နှစ်ထောင်ချခံခဲ့ရပါသည်။ သူသည် ညှဉ်းပန်းနှိပ်စက်မှုကိုခံခဲ့ရပြီး အကျဉ်းကျနေချိန်အတွင်းတွင်လည်း ဆိုးရွားသော အခြေအနေများကို ခံစားရကာ လွတ်မြောက်လာပြီးသည့်နောက် ငွေကြေးဆိုင်ရာ အခက်အခဲများကြုံတွေ့ခဲ့ရပါသည်။ ဤလေ့လာဆန်းစစ်ချက်လုပ်ချိန်တွင် အသက် ၆၅ နှစ်ရှိပြီဖြစ်သော သူက ပြောသည်မှာ သူ့အနေဖြင့် အသက်အရွယ်ကြီးလာပြီဖြစ်သဖြင့် အစိုးရထံမှ ငွေကြေးအရကူညီပါက အထောက်အကူဖြစ်လိမ့်မည်ဟု ဆိုပါ သည်။ (အနာဂတ်အလင်းတန်းဆုံမှတ်က ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် မှတ်တမ်းတင်ထားပါသည်။)

# ပြန်လည်ဖြည့်ဆည်းပေးခြင်း

နစ်နာခံစားရသူများက ပြန်လည်ဖြည့်ဆည်းပေးမှု တစုံတရာကိုတောင်းဆိုပါသည်။ အများစုက ၎င်းတို့၏ မြေယာများနှင့် ပိုင်ဆိုင်မှုများ သို့မဟုတ် တခုမဟုတ်တခု သို့မဟုတ် မတရားဖမ်းဆီးခံထားရသော သူတို့၏မိသားစုဝင်များကို ပြန်လည်လွှတ်ပေးခြင်းတို့ကိုလိုလားပါသည်။ တချို့ကမူ ၎င်းတို့၏အလုပ်အကိုင် သို့မဟုတ် ပင်စင်ကို ပြန်လည်ပေးရန် တောင်းဆိုကြသည်။

## ပဋိပက္ခ

ပဋိပက္ခအတွင်း ဖမ်းဆီးခံရပြီးနောက် သိမ်းဆည်းခံခဲ့ရသည့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ပြန်လည်ပေးအပ်ရန် မြောက်မြားစွာသော ပဋိပက္ခကြောင့်နစ်နာ သူများကလိုချင်ကြသည်။ အခြားသူများကမူ မှားယွင်းစွာအဖမ်းခံရသည့် သူတို့ဆွေမျိုးများအား လွတ်မြောက် စေချင် ကြသည်။

၁၉၉၁ ခုနှစ် ဘိုကလေး အဓိကရုဏ်းကာလ၌ ဖြစ်ပွားသောအမှုတခုတွင် (အမှုဖြစ်ရပ် ၅၅) အမျိုးသားတစ်ဦး အား စစ်ထောက်လှမ်းရေးက KNLA စစ်သားဟုဆိုကာ ဖမ်းဆီးမှုဖြစ်ပါသည်။ သူ့အား ဓားဖြင့်မွှန်းသည့်အပြင် အကာ အကွယ်အဖြစ်ရေးထိုးထားသည့် (၎င်းကိုယ်တွင် ရေးထိုးထားသည့်) ဝက်ကုန်းအင်း ဆေးမှင်ကြောင်အားပျက်ပြယ် စေရန် ရည်ရွယ်၍ ရေနွေးပူများဖြင့် လောင်းချခြင်းများကို လုပ်ဆောင်ခဲ့သည်။ သူသည်ထောင်ထဲတွင် ၁၀ နှစ်နေ ထိုင်ခဲ့ရပြီးသူ၏မြေကိုလည်းသိမ်းဆည်းခဲ့ပါသည်။ယခုမေးမြန်းချိန်တွင်အသက်၆၁နှစ်ရှိပြီဖြစ်သည့်၎င်းကပြောသည် မှာ သူ့အနေဖြင့် ကျန်းမာရေးချူချာနေသည့်အပြင် ပိုက်ဆံရှာရန်နည်းလမ်းမရှိသည့်နောက် ခြံမြေကို ငှားရမ်းလုပ်ကိုင် နေခဲ့ရပါသည်။ သူ့အား အစိုးရအနေဖြင့် မည်သည့်အရာ လုပ်ပေးစေချင်သနည်းဟု မေးမြန်းသောအခါ လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ပြောသည်မှာ သူ၏လယ်မြေကို ပြန်ရလျှင် သူ့အနေဖြင့် "အဆင်ပြေပါသည်" ဟု ဆိုသည်။ (အနာဂတ်အလင်းတန်းဆုံမှတ်က ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင်မှတ် တမ်းတင်ခဲ့သည်။)

ပဋိပက္ခအတွင်းက အတင်းအဓမ္မရွှေ့ပြောင်းခံရမှုများကြောင့် မြေယာဆုံးရှုံးရသော သူများသည် တရားမျှတမှု အတွက် သူတို့အိမ်ရာသို့ပြန်ခွင့်ရရန်ကိုသာ အဓိကတောင်းဆိုကြပါသည်။ ချေမြန်တပ်ရင်း (၄၅) မှ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်ရှိ ရွာသား ၈၀ အား ၎င်းတို့နေရာမှ မောင်းထုတ်ခဲ့သောဖြစ်စဉ်တခု ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ခဲ့ဖူးပါသည် (ဖြစ်ရပ်အမှု ၁၇)။ ရွာသားများအနေဖြင့် ၎င်းတို့အိမ်နှင့် ၁၅ မိုင်ဝေးသောနေရာတွင် ရွှေ့ပြောင်းနေထိုင် သူများစခန်းကိုတည်ထောင်ခဲ့ကြပြီး –

နောက်ထပ်တစ်နှစ်ကျော်ကြာသည့်အချိန် ယခုတွေ့ဆုံမေးမြန်းသည်အထိ ထိုနေရာတွင် နေထိုင်နေရဆဲဖြစ် သည်။ ၎င်းတို့လိုချင်သော တရားမျှတမှုအတွက် ဆန္ဒများကိုမေးမြန်းသောအခါ ၎င်းတို့က လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက် (မြန်မာနိုင်ငံ)ကို ပြောပြသည်မှာ သူတို့အနေဖြင့် အိမ်ကိုသာပြန်ချင်ပြီး သူတို့၏လယ်ယာမြေများတွင် ငြိမ်း ငြိမ်းချမ်းချမ်းသာ အလုပ်လုပ်ခွင့်ပြုရန်ဟူ၍ ဖြစ်ပါသည်။ (စစ်မှန်သောပြည်သူ့ကျေးကျွန်အဖွဲ့က ၂၀၁၇ ခုနှစ်၊ ဖေဖော် ဝါရီလတွင် မှတ်တမ်းတင်ခဲ့ပါသည်။)

နစ်နာခံစားရသူတစ်ဦးက ပဋိပက္ခကာလအတွင်း ထောင်သွင်းအကျဉ်းချခံရမှုကြောင့် သူမ၏ပင်စင်ရုပ်သိမ်းခံ ရမှုကို ပြန်လည်ပေးစေချင်သည်ဟု တိတိကျကျ ပြောပါသည်။ ၁၉၉၁ ဘိုကလေးအရေး အခင်းဖြစ်ချိန်တွင် မူလတန်း ကျောင်းဆရာမအဖြစ် အမှုထမ်းနေသူ အမျိုးသမီးတစ်ဦးသည် အခြားကရင်တိုင်းရင်းသား ၁၂ ဦးနှင့်အတူ ရုတ်တရက် အဖမ်းခံရကာ သူမ၏ တာဝန်လည်း ရုပ်သိမ်းခံခဲ့ရပါသည် (ဖြစ်ရပ်အမှု ၁၆)။ သူမအနေဖြင့် ထောင်ထဲတွင် ၂ နှစ် အကျဉ်းချခံခဲ့ရခြင်းဖြင့်အဆုံးသတ်ခဲ့ရပါသည်။ သူမလွတ်မြောက်လာပြီးသည့်အချိန်ကတည်းကစ၍စီးပွားရေးအကြပ် အတည်းကြုံခဲ့ရသလို လူမှုရေးဆိုင်ရာ ဖယ်ကြဉ်မှုကိုလည်း ခံစားခဲ့ရပါသည်. တရားမျှတမှုနှင့်ပတ်သက်၍ သူမ၏ ဆန္ဒကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြရာတွင် –

> *"အပြုံခံနစ်နာသူ ဆရာမများအတွက် အစိုးရကနေ ပင်စင်တွေကို ထောက်ပံ့ရင် ကောင်းမှာပဲ။ သူတို့က အသက်ကြီးသွားပြီဆိုတော့ စီးပွားရေးလည်း လုပ်ဖို့ မလွယ်တော့ဘူးလေ"*
> *(အနာဂတ်အလင်းတန်းဆုံမှတ်က ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်သည်။)*

## မြေယာသိမ်းဆည်းခြင်း

> “ တကယ်လို့ ကျနော်တို့က ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုထားခြင်းကို တည့်တည့်မပြောဘူးဆိုရင် ငြိမ်းချမ်း ရေးဖြစ်စဉ်ကို နှောင့်နှေးစေလိမ့်မယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြန့်ကြာ စေလိမ့် မယ် ”

မြေယာသိမ်းဆည်းမှုကြောင့် နစ်နာခံစားရသူတိုင်းကို တွေ့ဆုံမေးမြန်းရာ လူတိုင်း ၎င်းတို့မြေယာနှင့်ပိုင်ဆိုင်မှုများ ပြန်လည်ဖြည့်ဆည်းပေးရန် လိုချင်ပါသည်ဟု တောင်းဆိုကြပါသည်။ ပြန်လည်ဖြည့်ဆီးပေးမှုများ အပြည့်အဝမဖြစ်နိုင်ပါက လျော်ကြေးပေးဆောင်မှုရလျှင် နစ်သိမ့်ကျေနပ်နိုင်သည်ဟု အများစုကဆိုပါသည်။[၂၃]

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်တွင်ဖြစ်ပွားသော မိသားစုတစုထံမှ မောရဝတီရေတပ် အခြေစိုက်စခန်းက မြေ ၇ ဧကကို နစ်ကြိမ်တိုင်သိမ်းဆည်းသော ဖြစ်ရပ်တွင် (အမှုဖြစ်ရပ် ၉၁) တွင် ထိုမိသားစုအနေဖြင့် ငွေရေးကြေးရေးကြပ်တည်းမှုဖြစ် ပေါ်ခဲ့ရသည်။ ထိုမိသားစုမှ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)ကိုပြောသည်က ၎င်းတို့အနေဖြင့်ပြန်လည် ဖြည့်ဆည်းပေးမှုကိုလိုအပ်ပြီး မြေယာကို ပြန်လည်ရရှိရေးအတွက် ဒေသန္တရအာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်ဟု ဆိုသည်။

> *“[....] သူတို့က ကျနော့်ရဲ့မြေကို သိမ်းထားတာ တော်တော့်ကိုကြာပြီ။ အခု သူတို့ ကျနော့်မြေကိုပြန်ပေးမယ်ဆိုရင်၊ ကျေနပ်နိုင်ပါတယ်။ သူတို့ရဲ့မြေယာတွေကို သိမ်းဆည်းခံရတဲ့သူတွေကိုယ်စား လက်ရှိ အာဏာပိုင်တွေနဲ့စီမံခန့်ခွဲရေးအရာရှိတွေက ကျနော်တို့ရဲ့ကိစ္စကို ကူညီရင်ကောင်းမယ်။ မြေဆုံးရှုံးတဲ့ ကျနော်နဲ့ အခြားရွာသားတွေ သူတို့မြေတွေပြန်မရသေးသရွေ့ ငွေကြေးပြဿနာတက် နေမှာပဲ ”*
> *(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာတွင် မှတ်တမ်းတင်ထားသည်။)*

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ဖြစ်ပွားခဲ့သောအမှုတစ်ခု၌ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်ရှိ မြန်မာကုမ္ပဏီတခုမှ ရွာသား တချို့၏ မြေယာများအား မိုင်းတူးရေးအတွက် သိမ်းဆည်းခဲ့ပါသည်။ မြေယာပိုင်ဆိုင်သူများက အမှုတင်ရန်ကြိုးစားသောအခါ ကုမ္ပဏီကိုယ်စားလှယ်များက သူတို့အနေဖြင့် နေပြည်တော်နှင့် သဘောတူညီမှုရယူထားပြီးဖြစ်ကြောင်းနှင့် “ရွာသားများအနေဖြင့် မြေယာပိုင်ဆိုင်မှု အထောက်အထားကိုမပြနိုင်ပါက ၎င်းတို့၏ မြေယာမဟုတ်ကြောင်း” ရွာသားများကို ပြောဆိုခဲ့ပါ သည်။ ထိုကိစ္စတွင် ဒေသန္တရဥပဒေ အကျုံးဝင်နေသည်နှင့် အညီ လယ်သမားများအနေဖြင့် တရားဝင်လက်တွေ့ လုပ်ဆောင်ချက်မျိုး မည်သည့်လယ်သမားမှ မစွမ်းဆောင်နိုင်သေးချေ။ ရွာသားများအနေဖြင့် လယ်မြေများဆုံးရှုံးမှုကြောင့် စီးပွားရေးအကြပ်အတည်း များနှင့်ကြုံတွေ့နေရကာ ၎င်းတို့အနေဖြင့် တရားမျှတမှုကိုရရှိလိုက်သည်ဟု ခံစားနိုင်ရန်အတွက် ကုမ္ပဏီကလုပ်ဆောင်ပေးရန် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ (၂၀၁၇ ခုနှစ်၊ ဧပြီလတွင် လားဟူအမျိုးသမီး အစည်း အရုံးက မှတ်တမ်း တင်ခဲ့ပါသည်။)

---

၂၃။ အပြုခံရသူများအပေါ်တွင် လယ်ယာနှင့်ပိုင်ဆိုင်မှုများသိမ်းဆည်းခြင်းကြောင့် သက်ရောက်မှုများနှင့်ပါတ်သက်၍ ပိုမိုသိရှိလိုလျှင် ဤရည်ညွှန်းတွင်ကြည့်ပါ။ HURFOM: မွန်ပြည်နယ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုတ်နှံမှုများကို စစ်ဆေးခြင်း July 2016, HYPERLINK "http://www.rehmonnya.org/reports/Examining-FDI-in-Eng.pdf", HURFOM: ငြိုးငြူသံများကို ကြားစေရန်, February 2015, HYPERLINK "http://rehmonnya.org/archives/3376", http://rehmonnya.org/archives/3376; TWU: ငါတို့ဘဝသည် ရောင်းရန်မဟုတ်။ December 2014, HYPERLINK "http://womenofburma.org/wp-content/uploads/2015/02/Our-Lives-Not-for-Sale_English.pdf", and HURFOM: အငြင်းပွားနေရ သောနယ်မြေများ, December 2013, HYPERLINK "http://www.rehmonnya.org/reports/DisputedTerritory.pdf",

## နိုင်ငံရေးအကျဉ်းသား

နိုင်ငံရေးတက်ကြွလှုပ်ရှားမှုကြောင့် ၅ ကြိမ်တိုင်တိုင် အဖမ်းခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက (၈၇) နိုင်ငံရေးလှုပ်ရှားမှုများကြောင့် အကျဉ်းချခံခဲ့ရသူများပင်စင်ကို အစိုးရအနေဖြင့် ပြန်လည်ခံစားခွင့်ပေးသင့်သည်ဟုဆိုသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ယခင်မြို့နယ်အတွင်းရေးမှူးဖြစ်ပြီး၊ ယခုမေးမြန်းချိန်တွင် အသက် ၆၀ ရှိသူက သူ သည် ၁၉၈၉ တွင် ၈၈၈၈ အရေးတော်ပုံ၌ ပါဝင်မှုကြောင့် ပထမဆုံးအကြိမ် အဖမ်းခံခဲ့ရသည်။ သူကပြောသည်မှာ ကြိုတင်၍ အဖြေထုတ်ထားပြီးသားကိစ္စဖြစ်သည်ဟု ယူဆသောကြောင့် သူ၏တရားရုံးကိစ္စအတွက် ရှေ့နေငှားရန်ကိုပင် ဂရုမထားဘဲနေခဲ့ရာ ထင်သည့်အတိုင်း သူ့အားတရားစီရင်သည့်နေ့တွင် တရားသူကြီးက စစ်တပ်ကပေးပို့ထားသော ကြိုတင်ပြစ်ဒဏ်ဆုံးဖြတ်ချက်ကို ဖတ်ပြပါသည်။ ၆ လအကြာတွင် လွတ်မြောက်လာသော်လည်း ၎င်း၏တက်ကြွလှုပ်ရှားမှုကြောင့် နောက်တကြိမ် ၅ နှစ် ထပ်မံအကျဉ်းချခံရပြန်သည်။ ယခု နောက်ဆုံး ၂၀၁၅ ခုနှစ် အထိစုစုပေါင်း ၈ နှစ် ထောင်တွင်းတွင် နေခဲ့ရပါသည်။

သူ့အနေဖြင့် ငွေကြေးအခက်အခဲများကြုံကာ အိမ်နီးနားချင်းများကလည်း သူတို့၏အလုပ်ပြုတ်မည်စိုးရိမ်သောကြောင့် သူ၏စီးပွားရေးကို မကူညီသဖြင့် သူ့သားသမီးများအတွက် ပညာရေးကို ပံ့ပိုးရန်အတွက် ရုန်းကန်ရပါသည်။ သူ၏သူငယ်ချင်းများကလည်း သူ့အားအခေါ်အပြောပင်မလုပ်တော့သောကြောင့် လူမှုရေးဖယ်ကြဉ်မှုကိုပါခံစားရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအနေဖြင့် ပြည်သူတို့လိုအပ်သည်များကို မတုံ့ပြန်သည့် အတွက် ကြောင့် ကျေနပ်အားရမှုမရှိကြောင်း သူကပြောပါသည်။ သူ၏ဘဝထူထောင်ရေးအတွက် အစိုးရက မည်သည့်အရာများ သူ့ကိုကူစေချင်သနည်းဟု မေးမြန်းသောအခါ သူက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)ကို ပြောပြသည်မှာ –

> *"အရိုးသားဆုံးပြောရရင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအောက်က ပြည်သူ့ဝန်ထမ်းတွေ ပင်စင်ရသလို ကျနော်တို့အတွက် အစိုးရက တာဝန်ယူသင့်တယ်။ အုပ်ချုပ်ရေးအရာရှိတစ်ယောက်က ပင်စင်ရှိတယ်။ သူတို့ ၁ သိန်း လောက်ရရင် ကျနော်တို့က ဒီထက်ပိုရသင့်တယ်။ သာမန်ပြည်သူတွေအနေနဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေပေါ်ကြည့်ရှုထောက်ပံ့နိုင်တာ မဟုတ်တဲ့အတွက် အစိုးရက ကျနော်တို့ကို တာဝန်ယူသင့်တယ်"*
>
> *(အနာဂတ်အလင်းတန်းဆုံမှတ်က ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် မှတ်တမ်းတင်ခဲ့သည်။)*

## တရားမျှတမှု

> *"တကယ်လို့ ကျနော်တို့က ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပြုထားခြင်းကို တည့်တည့်မပြောဘူးဆိုရင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို နှောင့်နှေးစေလိမ့်မယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြန့်ကြာ စေလိမ့် မယ်"*
>
> ICJ ရှေ့နေ ဦးဟေမာန်ဦး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၊ ရန်ကုန်တွင်ပြုလုပ်သော အခမ်းအနားတခုတွင် ပြောခဲ့စဉ်

နစ်နာသူများက သူတို့ခံစားခဲ့ရသော ချိုးဖောက်ခံရမှုများနှင့်ပတ်သက်၍ တရားမျှတမှုကို လိုချင်သည်ဟုပြောကြပါသည်။ နစ်နာခံစားရသူများက တရားမျှတမှုကိုတောင်းဆိုကြသော်လည်း အချည်းအနှီးဖြစ်မည်ကိုစိုးရွံ့မှု၊ ကုန်ကျစရိတ်များနှင့် ကျူးလွန်သူများက အန္တရာယ်ပေးမည်ကို ကြောက်ရွံ့ခြင်းစသည်တို့နှင့်အတူ ပြည်တွင်းတရားစီရင်ရေးစနစ်အပေါ် ယုံကြည်အားကိုမှုနည်းပါးကြခြင်းကြောင့် တရားမျှတရေးတောင်းဆိုမှုအား ကျယ်ကျယ်လောင်လောင်တောင်း ဆိုမှုမလုပ်ကြပါ။

မိမိတို့၏ အချက်အလက်ဇယားများအရ ဖြစ်ရပ် ၅ ခုကိုသာ ရာဇဝတ်မှုအဖြစ် အမှုဖွင့် စုံစမ်းစစ်ဆေးရေးကိုပြုလုပ်ခဲ့ပြီး တချို့ဖြစ်ရပ်များတွင်သာ ကျူးလွန်သူများအနေဖြင့် ထောင်ဒဏ်ရင်ဆိုင်ကြရသည်။ မည်သို့ပင်ဆိုစေ အမှုအများစုတွင် ကျူးလွန်ခံရသော နစ်နာသူများအနေဖြင့် ဥပဒေဖြစ်စဉ်နှင့်ပတ်သက်၍ မကျေနပ်ကြဘဲ ထိုသို့ဖြစ်နေရခြင်း

မှာလည်း စစ်တပ်မှ ၎င်းတို့၏ စစ်ခုံရုံးဖြင့် တရားစီရင်ရေးအား လုပ်ဆောင်နေသော ကြောင့်လည်းကောင်း သို့မဟုတ် စစ်တပ်အားရဲနှင့် အုပ်ချုပ်ရေးအရာရှိများက ထိထိရောက်ရောက် မတိုင်ကြားနိုင်မှု တို့ကြောင့်လည်းကောင်း ဖြစ်သည်။

၂၀၁၃ ခုနှစ်၊ မတ်လက ဖြစ်စဉ်တခုတွင် (အမှုဖြစ်ရပ် ၃၃) ခြေလျင်တပ်ရင်း (၂၈၀) မှစစ်သားများက မွန်ပြည်နယ် ရေးမြို့နယ်ရှိ ဆိပ်ကမ်းသို့သွားနေသော တံငါသည် ၂ ဦးကို ပစ်ခတ်မှုဖြစ်ပွားခဲ့ပါသည်။ မိသားစုဝင်များက ထိုပစ်ခတ်ခံရသူနှစ်ဦးအနက် တစ်ဦးကို အသက်ရှင်လျက်တွေ့မိချိန်တွင် ဒဏ်ရာရထားသောထိုသူကို ကူညီသော ရွာသားများအား တပ်ရင်းမှဗိုလ်ကြီးက ရွာလမ်းကိုပိတ်ဆို့ပြီး ပစ်ခတ်ခဲ့ပါသည်။ နောက်ဆက်တွဲအနေဖြင့် ဒဏ်ရာရ သူမှာ သွေးထွက်လွန်ပြီး သေဆုံးခဲ့ရသည်။ ဗိုလ်ကြီးက နောက်ပိုင်းတွင် တောင်းပန်ခဲ့ပြီး ထိုအမှုအတွက် စစ်ဘက်ဆိုင် ရာစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း မည်သူ့ကိုမျှ အပြစ်ရှိကြောင်း မတွေ့ရှိခဲ့ရသည့်အပြင် စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်၍လည်း နောက်ဆုံးအခြေအနေ ဖြစ်ပေါ်တိုးတက်မှုကိုလည်း မသိရှိရပါ။ ထိုရိုးဖောက်ခံရသူတစ်ဦး၏ အမျိုးသမီး က လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ပြောပြသည်မှာ –

*"[…]စစ်သားတွေက သူတို့ဘယ်ရာဇဝတ်မှုကိုပဲ ကျူးလွန်..ကျူးလွန်..အပြစ်ပေးခံရတာကနေ လွတ်တာ ချည်းပဲ။ ကျမတို့ ဘယ်သူ၊ ဘယ်တပ်ရင်းက ကျူးလွန်တယ်ဆိုတာသိနေပြီးသား၊ သူကရွာသားနှစ် ယောက်ကို သေချာပေါက် သတ်ပစ်လိုက်တာပဲ။ အဲဒီတော့ တရားရုံးက မှန်မှန်ကန်ကန်ဆုံးဖြတ်ချက်ချ တာကို ကျမတို့လိုချင်တယ်၊ အဲဒီလူသတ်မှုအတွက် ပြစ်ဒဏ်ပေးတာကို လိုချင်တယ်"*
*(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်ခဲ့သည်။)*

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ဖြစ်စဉ်တခု၌ (အမှုဖြစ်ရပ် ၇၂) ရှမ်းပြည်နယ် လွိုင်မော်မြို့နယ်ရှိ ၁၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး အိမ်သို့စက်ဘီးစီးပြန်စဉ် ခြေလျင်တပ်ရင်း (၂၂၆) မှစစ်သားတစ်ဦးက သူမကို ဝါးရုံနောက်သို့ဆွဲ ခေါ်ပြီး မုဒိမ်းကျင့်ကာ ဤအကြောင်းကို အခြားသူများအားပြောပြပါက သူမအားသတ်ပစ်မည်ဟု ပြောပါသည်။ မိသားစုက နောက်တစ်နေ့တွင် တပ်ရင်းမှူးအား ထိုအကြောင်းကို တိုင်တန်းသောအခါ တပ်ရင်းမှူးမှ ကျူးလွန်သူအား အရေးယူမည်ဟုပြောပါသည်။ သို့ပါသော်လည်း စစ်သားများကို တပ်ရင်းမှူးက တန်းစီပြသောအခါတွင် ထိုမုဒိမ်းကျင့်သူ မပါဝင်ဘဲ ဖြစ်နေသောကြောင့် ထိုသူအား အခြားတပ်ရင်းသို့ပြောင်းရွှေ့လိုက်ပြီဟု မိသားစုအနေဖြင့် ယူဆပါသည်။ ထို့အပြင် တပ်ရင်းမှူးမှ ကျူးလွန်ခံရသူ၏မိသားစုကို ထောက်ပံ့ကြေးအနေဖြင့် ကျပ် ၁ သိန်းကိုပေးခဲ့ပါသည်။ ထိုမိန်း ကလေးအနေဖြင့်ကျောင်းမှနုတ်ထွက်ခဲ့ကာအလွန်အမင်းကြောက်ရွံ့နေပြီးအခင်းဖြစ်ကတည်းကအရှက်လွန်နေသော ကြောင့် အိမ်မှပင် မထွက်နိုင်တော့ပါ။ ထိုမိသားစုအနေဖြင့် အမှန်တရားနှင့် တရားမျှတမှုလိုချင်ကြောင်း လူ့အခွင့် အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သို့ ပြောပြပါသည်။ (လားဟူ အမျိုးသမီး အစည်းအရုံး – ၂၀၁၆ ခုနှစ်၊ ဧပြီလ)

၂၀၁၅ ခုနှစ်က ဖြစ်ရပ်တခုတွင် ကချင်ပြည်နယ် ဖားကန့်ရှိ ဂျန်းဂက် (Jang Gap) ကျောက်စိမ်းမိုင်း၌ အလုပ် လုပ်နေသော အသက် ၂၀ ရှိ အမျိုးသားတစ်ဦးသည် ခြေမြန်တပ်မ (၆၆)မှ စစ်သားများပစ်ခတ်မှုကြောင့်ပုံးစထိ မှန်ကာ သေလုနီးပါးဒဏ်ရာရရှိခဲ့ပါသည်။ ထိုစစ်သားများသည် မိုင်းတွင်အလုပ်လုပ်နေသော အခြားသူများအားလည်းဖမ်း ဆီးကာ သေနတ်ဒင်များဖြင့် ရိုက်နှက်ကြပြီး ရိုင်းစိုင်းစွာပြောဆိုခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲဖြစ်နေသောနေရာသည် ကျောက်စိမ်းမိုင်းနှင့် အလှမ်းဝေးလှသော်လည်း မြန်မာစစ်သားများ က ထိုလူငယ် ထိမှန်သွားသည်မှာ ကေအိုင်အေ ပစ်ခတ်မှုကြောင့်ဖြစ်သည်ဟု စွပ်စွဲပါသည်။ ထိုအဖြစ်ကို ကိုယ်တိုင် တွေ့မြင်ခဲ့သော မိုင်းလုပ်သားတစ်ဦးက လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်သို့ ပြောပြ သည်မှာ –

*"အဲဒါ တော်တော်ဝမ်းနည်းစရာကောင်းတယ်။ ကျနော်တို့အားလုံး ဒေါသထွက်ကုန်ကြတယ်။ ကျနော် တို့မှာ ဘာရန်သူမှမရှိဘူး၊ ဒါပေမယ့် သူတို့က မိုင်းနေရာမှာရှိတဲ့ ကျနော်တို့ကို ပစ်တယ်။ အဲဒါ တမင်သက် သက်လုပ်တာ။ အဲဒါကိုတရားရုံးမှာအမှုဖွင့်ရင်လည်း ကျနော်တို့နိုင်မှာမဟုတ်ဘူး။ အဲဒါကြောင့် ကျနော်တို့ အမှုမဖွင့်တော့ဘူး။ ဘုရားသခင်က အဲဒါကို ဆုံးဖြတ်ပေးလိမ့်မယ်လို့ ကျနော်တို့ယုံကြည်တယ်"*
*(ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံ – ၂၀၁၇ ခုနှစ် ဇန္နဝါရီလ)*

## တရားမျှတမှုအတွက် စိန်ခေါ်မှုများ
## တရားစီရင်ရေးဆိုင်ရာ အနှောင့်အယှက်ပြုမှုများ

စစ်တပ်သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးကာ တာဝန်ယူမှု၊ တာဝန်ခံမှုကို ရှာဖွေကြသည့် လူပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများကို ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းများဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှုကို ပိတ်ဆို့တားမြစ်သည့် ရှည်လျားသော အတိတ်သမိုင်းရှိခဲ့ပါသည်။

အားနည်းသော တရားဥပဒေစိုးမိုးမှု၊ ဖိနှိပ်သောဥပဒေများ ဆက်လက်တည်ရှိနေမှုနှင့် အကျင့်ပျက်ခြစားနေသော တရားစီရင်ရေးတို့က တရားမျှတမှုကိုစိုက်ထူရန် အခက်အခဲဖြစ်စေသည်။ ၂၀၁၅ ခုနှစ်တွင် စစ်တပ်က သူ့သမီးကိုသတ်ဖြတ်သည်ဟု စွပ်စွဲပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းမှုပြုခဲ့သော ကချင်အမျိုးသားတစ်ဦးသည် အသရေဖျက်မှုကျူးလွန်ကြောင်း ပြစ်ဒဏ်အချခံရပြီး ဒဏ်ငွေ ၅ သောင်းကျပ်ဆောင်ခဲ့ရပါသည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သည်လည်း လွတ်လပ်မှုကင်းမဲ့ခြင်းနှင့် ထိရောက်မှုမရှိခြင်းတို့ကြောင့် ပုံမှန်ဝေဖန်ခံ နေရပါသည်။[၂၄]

လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းသူများနှင့် ထုတ်ဖော်သူများကိုလည်း တရားစီရင်ရေးလမ်းကြောင်းဖြင့် နှောင့်ယှက်ခြင်းများပြုရန် ပစ်မှတ်ထားခြင်းခံရပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ရိုက်တာ နိုင်ငံတကာသတင်းအေဂျင်စီနှင့်အလုပ်လုပ်နေသော သတင်းထောက်နှစ်ဦးသည် ရဲများကဖိတ်ကြားသော ညစာစားခြင်းကိုလက်ခံပြီးသည့် နောက်တွင် အဖမ်းခံခဲ့ရပါသည်။ ၎င်းတို့စုံစမ်းနေသော ရခိုင်ပြည်နယ်ရှိ လူအစုအပြုံလိုက် မြှုပ်နှံထားသည့်နေရာအကြောင်းနှင့်ပတ်သက်သည့်အစိုးရအထောက်အထားများကိုရရှိခဲ့သည်ဟုပြောကြသည်။ ၎င်းတို့ ၂ဦးစားသောက်ဆိုင်မှအထွက်တွင် အဖမ်းခံရခြင်းဖြစ်ပြီး ကိုလိုနီခေတ်ကတည်းကသုံးနေသော လျှို့ဝှက်ချက်များပေါက်ကြားမှုဥပဒေနှင့် တရားစွဲခံခဲ့ရပါသည်။ ထိုအမှုကို တရားရုံးတင်စစ်ဆေးပြီး (၃၊၉၊၂၀၁၈)ရက်နေ့တွင် ထောင်ဒဏ် ၇ နှစ်အပြစ်ပေးခဲ့ပါသည်။ ထို့ပြင်သတင်းထောက် ၂ ဦး လူအစုအပြုံလိုက်မြှုပ်နှံထားသည့်နေရာအား ဆက်လက်စုံစမ်း ခြင်းမပြုစေရန်အတွက် တမင်ရည်ရွယ်၍ ထောင်ဖမ်းခဲ့သည်ဟု ထွက်ဆိုသော ရဲအရာရှိအား ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ ထောင် ၂ နှစ်ချလိုက်ပါသည်။

## စစ်ဘက်ဆိုင်ရာ တရားရုံးများ

မြန်မာ့လုံခြုံရေးတပ်ဖွဲ့များသည် အရပ်သားကြပ်မတ်ထိန်းကွပ်မှုအောက်တွင် မရှိဘဲ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၃၁၉တွင်ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ၏ဝန်ထမ်းများနှင့်ပတ်သက်သောအမှုများအားစစ်ဘက်ဆိုင်ရာတရားရုံးများတွင်သာကြားနာရမည်ဟုဖော်ပြထားပါသည်။ ထိုတရားရုံးများသည် တရားလွှတ်တော်ချုပ်၏ကြပ်မတ်ထိန်းကွပ်မှုမှ ကင်းလွတ်ခွင့်ရထားကာ၊ စစ်ဆေးမှုအများစုမှာလည်း လုံးဝလျှို့ဝှက်မှု အပြည့်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

၁၉၅၉ ခုနှစ် ကာကွယ်ရေးတပ်ဖွဲ့များဆိုင်ရာ အက်ဥပဒေ၏ ပုဒ်မ (၇၂)တွင် ပြဋ္ဌာန်းထားသည်မှာ လူသတ်မှု၊ လူသေမှုနှင့် မုဒိမ်းမှုများကို စစ်ဘက်ဆိုင်ရာတရားရုံးတွင် စစ်ဆေးရမည်ဟုဖြစ်ပြီး အလားတူ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးအက်ဥပဒေမှလည်း ရာဇဝတ်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသော ရဲများကို ရဲတရားရုံးတွင်သာ စစ်

---

၂၄။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အား အယုံအကြည်မရှိခြင်းနှင့်ပါတ်သက်သော နောက်ခံအခြေအနေကို သိရှိရန် ဤတွင် ကြည့်ပါ။ Progressive Voice, Suspicious Minds, 2017, https://progressivevoicemyanmar.org/wp-content/uploads/2017/11/Report-on-MNHRC-Eng1.pdf. မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အား ပြုပြင်ပြောင်းလဲရေးအတွက် ကောင်းမွန်သော အကြံပြုချက်စာရင်းကိုသိချင်လျှင် ဤတွင် ကြည့်ပါ။ Democracy Reporting International: An Institution at a Crossroads, April 2017, http://democracy-reporting.org/wp-content/uploads/2017/05/DRI-MM-STEP_MNHRC-BP_final_04.05.2017.pdf. နိုင်ငံတော်အဆင့်လူ့အခွင့် အရေး အဆောက်အအုံများ၏ နိုင်ငံတကာစံညွှန်းများကို ဤတွင်ကြည့်ရှုနိုင်သည်။ OHCHR: Principles relating to the Status of National Institutions (The Paris Principles), General Assembly resolution 48/134 of 20 December 1993, http://www.ohchr.org/EN/ProfessionalInterest/Pages/StatusOfNationalInstitutions.aspx

ဆေးရန်ဖြစ်ပြီး မြန်မာရာဇသတ်ကြီးဥပဒေမှ ချမှတ်ထားသော ပြစ်ဒဏ်များထက် သက်ညှာသော အပြစ်ပေးမှုများကိုသာ လုပ်ပါသည်။[၂၅]

ထိုတရားရုံးများမှ လျှို့ဝှက်စွာပြုမူဆောင်ရွက်နေသည်နှင့်အညီ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်စစ်သားမည်မျှအားအရေးယူအပြစ်ပေးသည်ကိုသိရှိရန်မလွယ်ကူပါ။မိမိတို့၏နစ်နာသူများလိုအပ်မှုဆန်းစစ်ချက်ကောက်ယူမှုမှ ပြသနေသလိုပင် တရားစီရင်မှုမည်သို့ဆောင်ရွက်နေသည် သို့မဟုတ် ဆောင်ရွက်မှု အမှန်တကယ်ပင်ရှိနေပါသည်လားဆိုသည့် သတင်းအချက်အလက်များကိုပင် နစ်နာခံစားရသူများအား စစ်တပ်အနေနှင့် ပုံမှန်အားဖြင့်ပေးလေ့မရှိပါ။

မည်သို့ပင်ဆိုစေကာမူ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်းတွင် အောက်ခြေအဆင့်စစ်သား အရေအတွက်အနည်းငယ်လောက်ကိုသာစစ်ဖက်ဆိုင်ရာတရားရုံးများကလူသိရှင်ကြားပြစ်ဒဏ်ပေးခဲ့သည်။အသက်၇၃နှစ်အရွယ်ရှိကချင်အမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့်ရန် ကြိုးစားခဲ့သောကြောင့် ၂၀၁၅ ခုနှစ်တွင် စစ်သားတစ်ဦးကိုမဖွယ်မရာပြုသည့်ကျူးလွန်မှုကြောင့် ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ရှမ်းအရပ်သား ၅ ဦးကို သတ်ဖြတ်မှုဖြင့်လူအများတက်ရောက်လေ့လာနိုင်သော တရားခွင်မှ စစ်သား ၇ ဦးကို ထောင်ဒဏ် ၅ နှစ်စီချမှတ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် လက်နက်မဲ့ ကချင်ကျောင်းသားတစ်ဦးကို သတ်ဖြတ်မှုဖြင့် စစ်သားတစ်ဦးအား ထောင်ဒဏ် ၂ နှစ်ချမှတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်များအား သတ်ဖြတ်ခဲ့မှုဖြင့် စစ်သား ၇ ဦးအား ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ သည်။ မသန်စွမ်းသော ၁၄ နှစ်အရွယ် ကချင်အမျိုးသမီးငယ်တစ်ဦးအား မုဒိမ်းကျင့်မှုဖြင့် ၂၀၁၄ ခုနှစ်တွင် စစ်ဘက်ဆိုင်ရာတရားရုံးမှ ထောင်ဒဏ်တစ်နှစ်သာ ပြစ်ဒဏ်ခံခဲ့ရသောစစ်သားကို အပြစ်ပေးမှု သက်ညှာလွန်းသည်ဟု လူထုမှကန့်ကွက်နေပ်သဖြင့် အရပ်ဘက်ဆိုင်ရာ တရားရုံးသို့လွှဲပြောင်းပေးခဲ့ရာ ထောင်ဒဏ် ၁၃ နှစ် ချမှတ်ခံခဲ့ရပါသည်။ စစ်သားများပါဝင်သောအမှုများကိုအရပ်ဘက်တရားရုံးတွင် စစ်ဆေးသည့်အကြိမ်အရေအတွက်မှာ အတော်နည်းပါး လွန်းနေသေးသည်။[၂၆]

ထိုသို့သောစစ်ဘက်ဆိုင်ရာတရားရုံးများမှတဆင့်တာဝန်ယူမှု၊တာဝန်ခံမှုရှိလာသောအဖြစ်အပျက်များသည်လူ့အခွင့်ရေးချိုးဖောက်မှုများတွင် လုံးဝမျက်စိမှိတ် အပြစ်ဒဏ်မှကင်းလွတ်ခွင့်ပြုခြင်းထက်စာလျှင် တစုံတရာတိုးတက်မှုတခုဟု မြင်စရာရှိသော်လည်း ၎င်းတို့သည် ကျေနပ်ဖွယ်ကောင်းလောက်အောင် တရားမျှတမှုကို မပေးနိုင်ခဲ့ပါ။ ပထမအချက်အနေဖြင့် မည်သည့်အမှုမျိုးကို စစ်မည်၊ မစစ်မည်ကို ထင်သလိုဆုံးဖြတ်နေခြင်းသည် တရားဥပဒေစိုးမိုးမှုကို သေးသိမ်ရာရောက်စေပါသည်။ ဒုတိယအားဖြင့် အမှုအများစုသည် ပွင့်လင်းမြင်သာမှုကင်းမဲ့နေခြင်းကြောင့် စစ်သားများအား အမှန်တကယ်ပင် ပြစ်ဒဏ်စီရင်မှု ရှိမရှိကိုပင် သိရန်မလွယ်ကူချေ။ များသောအားဖြင့် စစ်သားများကိုပိုမိုလျှော့ပေါ့သောပြစ်မှုများအတွက် ဥပမာအားဖြင့် စည်းကမ်းချိုးဖောက်ခြင်း သို့မဟုတ် ကာဖျူး (ညမထွက်ရအမိန့်) ကိုချိုးဖောက်ခြင်း စသည့်အမှုမျိုးဖြင့်သာ အရေးယူခံရလေ့ရှိသည်။ ထို့အပြင် စစ်ဘက်ဆိုင်ရာတရားရုံးများအနေဖြင့် နစ်နာခံစားရသူများကို ပြန်လည်ကုစား ပေးလျော်မှုများ မပြုသည့်အပြင် ချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရန် သေချာစေမည့် ကာကွယ်နည်းလည်း မဖြစ်ခဲ့ပါ။

၂၅။ အပြစ်ဒဏ်အပေးခံရခြင်းမှကင်းလွတ်ခြင်းကို မြန်မာပြည်၏ တရားစီရင်ရေးနှင့်တရားရေးစံနစ်က မည်သို့နက်ရှိုင်းစေသည်ကို အသေးစိပ်ခွဲခြမ်းစိပ်ဖြာသုံးသပ်ထားမှုကို သိလိုလျှင် ဤတွင်ကြည့်ပါ။ ICJ: မြန်မာနိုင်ငံတွင် အထွေထွေ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှုကို ရရှိခြင်း January 2018, https://www.icj.org/wp-content/uploads/2018/01/Myanmar-GRA-Baseline-Study-Publications-Reports-Thematic-reports-2018-ENG.pdf

၂၆။ AJAR and WLB: မြန်မာပြည်တွင် နိုင်ငံတော်အဆင့်ရှိသူများမှ ကျူးလွန်သည့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများတွင် ခံစာကျန်ရှိသူများအတွက် တရားမျှတမှု ရရှိနိုင်ခြေ အစီရင်ခံစာ" ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်၊ စာမျက်နှာ ၂-၃ http://www.asia-ajar.org/files/VAW%20Briefing%20Paper-%20English%20Version.pdf

## စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး ကော်မရှင်များ

လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်ဟု စွပ်စွဲမှုများနှင့်ကြုံတိုင်း လက်နက်ကိုင်တပ်ဖွဲ့များ၏ မှားယွင်းဆောင် ရွက်မှုများကို ခြေဖျက်နိုင်ရန်အတွက် အဖွဲ့တွင်း စစ်ဘက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင်များကို ထပ်တလဲလဲ အသုံးပြုခဲ့ကြသည်။

ရှမ်းပြည်နယ်တွင် စစ်သားများမှ မုဒိမ်းပြုကျင့်မှုကို စစ်ပွဲအတွင်း လက်နက်သဖွယ် သုံးစွဲနေသည်ဟူသော အစီရင်ခံမှုများကို "မြန်မာနှင့်မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ၏ ဂုဏ်သိက္ခာကိုညှိုးနွမ်းစေရန်" လုပ်ကြံထားသော စွပ်စွဲချက်များဖြစ်သည်ဟု ၂၀၀၂ ခုနှစ် စစ်ဘက်ရေးရာစုံစမ်းစစ်ဆေးမှုမှ အခိုင်အမာပြောဆိုခဲ့သည်။[၂၇]

## ပြန်လည်ပြုစုပျိုးထောင်ခြင်း

### ပဋိပက္ခ

ပဋိပက္ခကြောင့်နစ်နာခံစားရသူအများစုက ပြန်လည်ကုစားပေးလျော်ရေး သို့မဟုတ် လျော်ကြေးပေးမှုများအတွက် သင့်တော်တသဘောဆောင်သည့်ပုံစံမျိုး ရရှိရေးကို ပြောဆိုခဲ့ကြသော်လည်း တချို့က ပြန်လည်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုကိစ္စရပ်များကို အစိုးရအနေဖြင့် မည်သို့ထောက်ပံ့နိုင်သည်ဟူသော တီထွင်ဆန်း သစ်မှုရှိသည့် အကြံဉာဏ်ကောင်းများ ပေးခဲ့ကြပါသည်။ နိုင်ငံတဝန်းလုံး အထူးသဖြင့် ဝေးလံခေါင်သီသော ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အစိုးရ၏ဝန် ဆောင်မှုများနှင့် အကူအညီများရှားပါးမှုသည် ပြည်သူများ၏ မျှော်လင့် ချက်ကိုကြီးမားစွာ လျော့နည်းစေပါသည်ဟု မှတ်ယူရသည်။ သို့ဖြစ် သောကြောင့် တရားမျှတမှုအတွက် လိုအင်ဆန္ဒများကို မေးမြန်းသည့် အခါပြန်လည်ပြုစုပျိုးထောင်ရေးအကြောင်းကို ပြောဆိုသည့်သူအနည်းငယ်သာရှိခြင်း ဖြစ်သည်ဟု လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာ နိုင်ငံ)က ယုံကြည်ပါသည်။

၂၀၁၆ ခုနှစ် မတ်လ၊ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်တွင် ဖြစ်ခဲ့သောဖြစ် ရပ်၌ (အမှုဖြစ်ရပ် ၇၃၊ သက်ရောက်မှုအခန်းတွင်ကြည့်ပါ။) ဒေသတွင်း မှီတင်းနေထိုင်သူများကို ခြေမြန်တပ်မ (၃၃)မှ စစ်သားများက ပစ်ခတ်သောကြောင့်ရွာသားများ ၎င်းတို့အိမ်မှ ထွက်ပြေးကြရပါသည်။ ပြည်သူများထွက်ပြေး ပြီးနောက် ၎င်းတို့ရွာများကို မီးတင်ရှို့လိုက်သဖြင့် ပိုင်ဆိုင်မှုများလည်း အကုန် ဆုံးရှုံးကုန်တော့သည်။ ပြည်သူ ၇၆၀ ခန့် ယခုအခါတွင် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်စခန်းတွင် နေထိုင်လျက်ရှိကြပြီး တရားမျှတမှုအတွက် ၎င်းတို့၏လိုအင်ဆန္ဒများကို မေးမြန်းသောအခါ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)သို့ ပြောပြသည်မှာ "ငြိမ်းငြိမ်းချမ်းချမ်းပဲ နေချင်တယ်"၊ ထို့နောက် အစိုးရကိုအကြံပြုသည်မှာ "သီးနှံနှင့် စိုက်ပျိုးရေးခြံများ လုပ်ဆောင်ပေးခြင်းအပါအဝင် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်" တို့ဖြစ်ပါသည်။ (တအာန်းအမျိုးသမီးအဖွဲ့အစည်း ၂၀၁၇ ခုနှစ် ဇန္နဝါရီလ တွင် မှတ်တမ်း တင်ခဲ့သည်။)

၂၇။ ရှမ်းအမျိုးသမီးများ လုပ်ရှားမှုကွန်ရက် (SWAN) နှင့် ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း (SHRF) တို့မှထုတ်ပြန်သည့် 'License to Rape', 2002, http://www.shanwomen.org/images/reports/licensetorape/Licence_to_rape.pdf နှင့် ICTJ: Impunity ProlongedL Burma and its 2008 Constitution', https://ictj.org/sites/default/files/ICTJ-Myanmar-Impunity-Constitution-2009-English.pdf

> “ ဒေါ်အောင်ဆန်းစုကြည်မှ အတိတ်ကိုမေ့ရန်ပြောသော်လည်း မိမိတို့အနေဖြင့် မည်သို့ပင်ဖြစ်စေ မိမိတို့နှလုံးသားထဲတွင် နာကြင်နေဆဲဖြစ်သည်။ ”

## နိုင်ငံရေးအကျဉ်းသားများ

နိုင်ငံရေးအကျဉ်းသားအရေအတွက် တစုံတရာက ၎င်းတို့ခံစားခဲ့ရသော ချိုးဖောက်ခံရမှုများ၏ဆိုးကျိုးသက်ရောက်မှု တချို့ကို ပယ်ဖျက်နိုင်ရန်အတွက် အစိုးရအနေဖြင့် ပြန်လည် ပြုစုပျိုးထောင်ရေး အစီအစဉ်များ မည်သို့လုပ်ဆောင်သင့်သည်ဆိုသည့် တိကျသော အကြံဉာဏ်များရှိထားကြသည်။ ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ပတ်သက်သောအမြင်များဖြစ်သည့် ရာဇဝတ်သားဟု ရှုမြင်ခြင်း၊ နောက်ဆက်တွဲ လူမှုရေးအရ နှိမ့်ချခြင်းနှင့် ဖယ်ကြဉ်ခြင်းများကို ပြောင်းလဲပစ်ရန် အစိုးရ၏ ဆောင်ရွက် ချက် လည်း ပါဝင်ပါသည်။

> *“တချို့နိုင်ငံရေးအကျဉ်းသားဟောင်းတွေကြတော့ နိုင်ငံတကာရဲ့အသိအမှတ်ပြုမှုရထားတယ်။ ပြည်တွင်းမှာလဲ အလေးစားခံရတယ်ဆိုပေမယ့် အများစုကြီးကတော့ နှိမ်ချထားမှုကို ဆက်ခံနေရတုန်းပဲ၊ အလုပ်ရှာဖို့၊ သူတို့ရဲ့လူ့အသိုင်းအဝန်းထဲကို ပြန်လည်ဝန်ဆန့်နိုင်ဖို့ ခက်နေတုန်းဘဲ”*
> *ချစ်မင်းလေး၊ တက်ကြွလှုပ်ရှားသူနှင့်နိုင်ငံရေးအကျဉ်းသားဟောင်း*

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့မှ ၈၈၈၈ အရေးတော်ပုံတွင် ပါဝင်ခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးသည် စစ်ထောက်လှမ်းရေးက ကာလကြာရှည်စွာ စောင့်ကြည့်ခြင်းခံရပြီးသည့်နောက်တွင် တရားမဝင်ချဲထီရောင်းသည်ဟုစွပ်စွဲခံရပြီး ဖမ်းဆီးခံခဲ့ရပါသည်။ (အမှုဖြစ်ရပ် ၁၀၆) ၎င်းအား စစ်ဘက်ခုံရုံးသို့ပို့ဆောင်ပြီး လနှင့်ချီ၍ထောင်ချ ခံခဲ့ရသည်။ မြေယာအခွင့်အရေး လှုပ်ရှားသူတစ်ဦးအား ရဲများကသတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ ဆန္ဒပြရာမှ ၂၀၁၅ ခုနှစ်တွင် ထပ်မံဖမ်းဆီးခံခဲ့ရပြန်သည်။ ၁၉၈၉ ခုနှစ် သူပြန်လွတ်လာစဉ်ကဆိုင် ကယ်ပြင်ဆိုင်ဖွင့်ခဲ့ရာ အစိုးရအရာရှိများကသူ့အကြောင်း မဟုတ်မမှန် သတင်းများထုတ်ပြန်ပြီး ၎င်း၏စီးပွားရေး လုပ်ငန်းကိုအသုံးမပြုစေရန်အတွက် ၎င်း၏ အိမ်နီးနားချင်းများကိုခြောက်လှန့်ခဲ့ခြင်းကြောင့် သူ့အနေဖြင့် စီးပွားရေးအခက်အခဲများရင်ဆိုင်ခဲ့ရသည်။ အာဏာပိုင်များကအိမ်ပိုင် ရှင်များကိုခြိမ်းခြောက်ခဲ့ခြင်းကြောင့် အိမ်ခန်းငှားရန်ပင် အခက်အခဲများကြုံခဲ့ရသည်။ တရားမျှတမှုအတွက် ၎င်းလိုအင်ဆန္ဒ များကို မေးမြန်းသောအခါ အစိုးရအနေဖြင့် “နစ်သိမ့်အားပေးခြင်းနှင့် အပြုခံရသူများကို ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းနှင့် ပြန်လည်ဝင်ဆန့်စေခြင်း” တို့ကို ဆောင်ရွက်သင့်ကြောင်း၊ သူဆိုလျှင် ထောင်ထွက်ဖြစ်သောကြောင့် မည်သူမျှစကားမပြောလိုသည်ကိုကြုံရသောကြောင့် အကြံပြုခြင်းဖြစ်ပါသည်။ အစိုးရအနေဖြင့် စီးပွားရေးအခက်အခဲများကိုကြုံတွေ့ရလေ့ရှိသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ငွေကြေးဆိုင်ရာအကြံပြုမှုများနှင့်ပညာ ရေးကိုပံ့ပိုးပေးသင့်ကြောင်း လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)ကိုပြောရင်း သူကထပ်မံအကြံပြုခဲ့ပါသည်။

> *“ဒေါ်အောင်ဆန်းစုကြည်က အတိတ်ကိုမေ့ရန်ပြောသော်လည်း မိမိတို့အနေဖြင့် မည်သို့ပင်ဖြစ်စေ မိမိတို့နှလုံးသားထဲတွင် နာကြင်နေဆဲဖြစ်သည်”*
> *(အနာဂတ်အလင်းတန်းဆုံမှတ်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မှတ်တမ်းတင်ခဲ့ပါသည်။)*

နိုင်ငံရေးအကျဉ်းသားဟောင်း နောက်တစ်ဦးသည် ၈၈၈၈ အရေးတော်ပုံတွင်ပါဝင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်ရှိ ဒေသန္တရ သမဝါယမဆိုင် လည်ပတ်နိုင်ရန် စီမံခဲ့ရသည် (ဖြစ်ရပ်အမှု ၁၀၉)။ ဆန္ဒပြမှုများတွင်ပါဝင်ခဲ့သည်ကို လက်စားချေတုံ့ပြန်သည့်အနေဖြင့် ၎င်းနှင့် အခြားရွာသား ၉ ဦးကို သမဝါယမ အက်ဥပဒေအောက်

တွင် အလုပ်ကြမ်းဖြင့် ထောင်ဒဏ် တစ်နှစ်ချမှတ်ခဲ့ပါသည်။ တရားမျှတမှုအတွက် ၎င်း၏လိုအင်ဆန္ဒများကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)သို့ ပြောပြခဲ့ရာ သူ့အနေဖြင့် "အနစ်နာခံလိုက်ရသည်ကို ပျော်ပါသည်" သို့သော်လည်း နိုင်ငံတော်အနေဖြင့် ပြန်လည်ပြုစုပျိုးထောင်ရေး ပုံစံအမျိုးမျိုးကို ထောက်ပံ့ပေးရန် တောင်းခံခဲ့ပါသည်။

*"တကယ်လို့များ လက်ရှိအစိုးရက နစ်နာသူတွေအတွက် စီးပွားရေးလုပ်ငန်းပုံစံတမျိုးမျိုး နဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူပေးမယ်ဆိုရင် အဲဒါ သိပ်ကောင်းမှာပဲ"*
*(အနာဂတ်အလင်းတန်းဆုံမှတ်က ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မှတ်တမ်းတင်ခဲ့ပါသည်။)*

အခန်း

၆

# အတိတ်က ဒဏ်ရာအနာများကို ပျောက်ကင်းစေခြင်း အသေးစိတ် အစီအစဉ်တရပ်

*"ကျနော်တို့အနေနဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေ ထောင်ကလွတ်တဲ့အခါ သူတို့တွေကြုံရတဲ့ကိစ္စတွေနဲ့ပတ်သက်လို့ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ နည်းလမ်းတချို့ တွေ့ထားတာရှိတယ်။ ကျမတို့အတူထိုင်ပြီး ကျမတို့ ဘယ်လိုခံစားရသလဲ ဆိုတာပြောကြတယ်၊ တရားထိုင်ဖို့ကျင့်ကြံတာ ကောင်းမလားပေါ့။ ကျမတို့နဲ့ အတူတူ အလုပ်အတူတူလုပ်တဲ့ အမျိုးသမီးတွေကပြောတယ်၊ သူတို့ဖြတ် သန်းရမှုတွေကို နာလည်ပေးနိုင်တဲ့ သူတွေနဲ့ အတူတူ နေရရင် အဲဒီဟာက စိုးရိမ်ပူပန်မှုတွေနဲ့ ဝမ်းနည်းမှု တွေကို အနည်းငယ်ပပျောက် စေတယ်တဲ့။ ဒါပေမယ့် ကျမတို့က အဖွဲ့သေးသေးလေး၊ အများကြီး မလုပ်နိုင် ဘူး၊ ဘာမှမပြောဘဲ တိတ်တိတ်ဆိတ်ဆိတ် ခံစားနေရသူတွေ အများကြီးရှိတယ်။ တကယ်လို့ အစိုးရက ကျမတို့ကို ကူညီရင် လူအများကြီးကို ပိုထိတွေ့နိုင်ပြီး တကယ့်အပြောင်းအလဲကို လုပ်နိုင်လိမ့် မယ်"*

*ခင်မိမိခိုင်၊ ဒါရိုက်တာ၊ ဝိမုတ္တာအမျိုးသမီးအဖွဲ့*

လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် နစ်နာသူများအတွက် တရားမျှတမှုအပေါ် အဓိပ္ပာယ်ရှိသော အစိုးရ၏ ဆောင်ရွက်မှုမရှိသေးသည့် အခြေအနေတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများက စုပေါင်းလှုပ်ရှားမှုတရပ်အနေဖြင့် ကျူးလွန်ခံရသူများအတွက် ဝန်ဆောင်မှုများ ပေးဆောင်ခြင်းနှင့်၎င်းတို့ကိုယ်စားပြန်လည်ကုစားပေးလျော်မှုအတွက်နှိုးဆော်တိုက်တွန်းခြင်းများပြုလုပ်နေသည်ကို တွေ့ရှိရသည်။ ၎င်းတို့၏ (လုပ်ဆောင်မှု) နမူနာများကို နိုင်ငံတော်က ဦးဆောင်သော အနာဂတ်ပြန်လည်ကုစားပေး လျော်ရေး အစီအစဉ်များအတွက် အသေးစိတ်အစီအစဉ်တရပ်အဖြစ် ပံ့ပိုးပေးနိုင်ပါသည်။

## ကျေနပ်၊ နှစ်သိမ့်ရခြင်း

ကျေနပ်နှစ်သိမ့်ခြင်းဆိုသည်မှာ နစ်နာခံစားရသူများ၏ စိတ်ပိုင်းဆိုင်ရာဒဏ်ရာများအတွက် လူ့အခွင့်အရေး ချိုးဖောက်မှုကို ကျူးလွန်သူများနှင့် အစိုးရက ဆောက်ရွက်ပေးသော သင်္ကေတပုံစံ (ကိုယ်စားပြုနိုင်ပုံပေါ်သည့်) ဆောင် ရွက်မှုများကို ရည်ညွှန်းခြင်းဖြစ်သည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်အပါအဝင် အရပ်ဘက်အဖွဲ့အစည်းတချို့က ပုဂ္ဂိုလ်ရေးအရနှင့် လူ့အဖွဲ့ အစည်း အတွင်း ဒဏ်ရာကုစားပပျောက်နိုင်ရေး၏ အစိတ်အပိုင်းအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများက၎င်း တို့၏ အဖြစ်အပျက်များကို အများသူငါသိစေအောင် မျှဝေပေးသည့် အမှန်တရားတင်ပြမှု လှုပ်ရှားခြင်းများစွာကို ဖော် ထုတ်ခဲ့ပါသည်။

ထိုသို့လှုပ်ရှားမှုများသည် နစ်နာသူများအတွက် ၎င်းတို့ခံစားရသော ချိုးဖောက်မှုများနှင့် ပတ်သက်၍ သူတို့၏ရပ်တည်ချက်များကို စတင်ပြောနိုင်စေရန် အားသန်စေပြီး မုဒိမ်းမှုကဲ့သို့သော ကိစ္စများအပါအဝင် တချို့သော ချိုးဖောက်မှုများအတွက် နိမ်ချမှုများကို ဖယ်ရှားပစ်ရန်အတွက် ကူညီပေးနိုင်ပါသည်။




ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံ မှ ကျင်းပသော ၂၀၁၄ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး နိုင်ငံတကာနေ့ အခမ်း အနားတွင် သက်သေခံချက်ကို မျှဝေပေးနေသော ရှင်သန်ကျန်ရစ် သူတစ်ဦး


၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့တွင် ကချင် အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံမှ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး နိုင်ငံတကာနေ့ အမှတ်တရအဖြစ် ကချင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံများ ပါဝင်သော အမှန်တရားဖွင့်ချရေး အစီအစဉ်တရပ်ကို မြစ်ကြီးနားတွင်ပြုလုပ်ခဲ့ရာ မုဒိမ်းပြုကျင့်မှုကို ခံခဲ့ရသော ၁၇ နှစ်အရွယ် အမျိုးသမီးငယ်၏ အမေအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုကိုခံခဲ့ရသော နစ်နာသူများထွက်ချက်ပေးမှုများအား ကြားနာမှုများပါဝင်ပါသည်။ အခြားအမျိုးသမီး တစ်ဦးကလည်း ကချင်လွတ်လပ်ရေးအဖွဲ့၏ သူလျှိုအဖြစ်အစွပ်စွဲခံရပြီး စစ်တပ်က ညှဉ်းပန်း နှိပ်စက်သတ်ဖြတ်ခံရသော သူမ၏ခင်ပွန်းနှင့် ပတ်သက်သော ဖြစ်ရပ်ကိုလည်း ပြောပြခဲ့ပါသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား အမှတ်ရစေရန်နှင့် သမိုင်းအဖြစ်မှန် အတိအကျမှတ်တမ်းကို ထိန်းသိမ်းထားနိုင်စေရန် သေချာစေမည့် အမှတ်တရ အောက်မေ့ဖွယ် အထိမ်းအမှတ်လုပ်ငန်းများ လုပ်ဆောင်နေခဲ့ကြပါသည်။ ဥပမာအားဖြင့် ၂၀၁၅ ခုနှစ်တွင် ၈၈၈၈ အထိမ်းအမှတ်ပြတိုက်တည်ထောင်မှုကို ရန်ကုန်မြို့တွင်တွေ့မြင်ရသည်။ ထိုပြတိုက်အနေဖြင့် စစ်တပ်က အကြမ်းဖက်ဖြိုခွဲခဲ့သောရှစ်လေးလုံးအရေးတော်ပုံနှင့် ပတ်သက်သည့် ဓာတ်ပုံနှင့်ဗီဒီယိုများကို မှတ်တမ်းတင် သိမ်းဆည်းထားနေပြီး ၈၈ ငြိမ်းချမ်းရေးနှင့်



အောင်မော်၊ ၈၈၈၈ အထိမ်းအမှတ်ခန်းမ ၏ဦးဆောင်အရာရှိ၊ ယခင် တက်ကြွလှုပ်ရှားကျောင်းသား

ပွင့်လင်းလူ့အဖွဲ့အစည်းက တာဝန်ယူကာ ဆက်လက်ထိန်းသိမ်း လုပ်ဆောင်နေသည်။ ထိုခန်းမကို တည်ထောင်သူ တစ်ဦးဖြစ်သော ကိုအောင်မော်က ပြောသည်မှာ ပွင့်လင်းလူ့အဖွဲ့အစည်းအား အစိုးရလျှို့ဝှက် ထောက်လှမ်းရေးဌာနက စောင့်ကြည့်နေသည်ဟု ဆိုပါသည်။ ၂၀၁၇ ခုနှစ်တွင် အစိုးရအနေဖြင့် ရန်ကုန်တွင် ၈၈၈၈ သမိုင်းပြတိုက် အတွက် အမြဲတမ်းနေရာတခု ရရှိအောင်ကူညီမည်ဟုလည်း သတင်းထွက်ပေါ်လာနေပါသည်။[၂၈] ၂၀၁၈ ခုနှစ် မတ်လတွင်ယခင် နှင့်လက်ရှိနိုင်ငံရေးအကျဉ်းသားများ၏ ရုန်းကန်ရမှုများကို အောက်မေ့ အသိအမှတ်ပြုသည့် ပြတိုက်အသစ်ကို ဖွင့်လှစ် ခဲ့ပါသည်။




၈၈ ပြတိုက်၏ ဧည့်မှတ်တမ်းတွင် လက်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးလည်းဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ အဆင်မြင့်အဖွဲ့ဝင်လည်း ဖြစ်ခဲ့သည့် သူရဦးအောင်ကိုက ရေးသားထားချက်။ "၈၈ တော်လှန်ရေးကြောင့် ၈၈ မျိုးဆက်ပေါ်ထွန်းလာရသည်။ မျိုးဆက်သစ် ပေါ်ထွန်းမှုကြောင့် ဦးဆောင်ပါတီ အန်အယ်ဒီပေါ်ထွန်းလာသည်။ ဒီမိုကရေစီလည်းဖြစ်တည်လာနေသည်။ လူထုလှုပ်ရှားမှု သမိုင်းဝင် - မော်ကွန်းဝင် အထိမ်းအမှတ်များ စောင့်ရှောက်ထိန်းသိမ်းရေးကို တန်ဖိုးထားပါသည်။ ဒီမိုကရေစီသမိုင်းသက်သေအဖြစ် ကမ္ဘာတည် သရွေ့တည်တန့်မြဲနိုင်ပါစေ"

ထောင်ထဲတွင် အကျဉ်းချခံရစဉ် သေဆုံးခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အောက်မေ့တမ်း တသော အမှတ်တရမှတ်ကျောက်တိုင်များအားလည်း စိုက်ထူခဲ့ကြပါသည်။ လတ်တလောတွင် ၂၀၀၁ ခုနှစ်၌ ဆုံးပါးခဲ့သောကိုစည်သူအားရည်စူးသည့်အောက်မေ့သတိရမှုအထိမ်းအမှတ်မှတ်တိုင်ကိုသာယာဝတီထောင်၌လည်း ကောင်း၊ ၂၀၀၆ ခုနှစ်တွင်ကွယ်လွန်သွားသော ကိုသက်ဝင်းအောင်အတွက် ရည်စူး၍ အထိမ်းအမှတ် မှတ်တိုင်ကို မန္တလေး ထောင်၌လည်းကောင်း စိုက်ထူခဲ့ပါသည်။

---

၂၈။ ရှမ်းအမျိုးသမီးများလှုပ်ရှားမှုကွန်ရက် (SWAN) နှင့် ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း (SHRF) တို့မှထုတ်ပြန်သည့် 'License to Rape', 2002, HYPERLINK "http://www.shanwomen.org/images/reports/licensetorape/Licence_to_rape.pdf" နှင့် ICTJ: 'Impunity ProlongedL Burma and its 2008 Constitution', ' HYPERLINK "https://ictj.org/sites/default/files/ICTJ-Myanmar-Impunity-Constitution-2009-English.pdf"

၈၈၈၈ ဒီမိုကရေစီအထိမ်းအမှတ် မော်ကွန်းကျောက်တိုင်ကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စိုက်ထူနိုင်ခဲ့သည်။




ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် စိုက်ထူထားသော ၈၈၈၈ အထိမ်းအမှတ် မော်ကွန်းကျောက်တိုင်။

၈၈၈၈ ကျောက်တိုင်ဖွင့်ပွဲမှာ ငြိမ်းချမ်းရေးကာတွန်း ပြခန်း၊ ပင်လုံပြခန်း၊ ပန်းချီပြခန်းတွေပါထည့်သွင်းပြသထား ပါသည်။

ဒီကျောက်တိုင်ဟာ မြန်မာပြည်မှာ တရားဝင် ပထမ ဦးဆုံးစိုက်ထူတဲ့ အထိမ်းအမှတ်ကျောက်တိုင် တစ်ခုလည်း ဖြစ်ပါသည်။

ကျောက်တိုင်ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၊ ၈၈၈၈ အရေးတော်ပုံတွင်ပါဝင်ခဲ့သည့် ရဟန်းရှင်လူ၊ ကျောင်း သားများလည်း တက်ရောက်ခဲ့ကြသည်။

ထိုနည်းတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင်လည်း ၈၈၈၈ မော်ကွန်းကျောက်တိုင်စိုက်ထူရန် အတွက်ဆောက် လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေခဲ့ပြီး(၈၊၈၊၂၀၁၈)ရက် (၈၈၈၈)ရက် နှစ် ၃၀ ပြည့် နှစ်ပတ်လည်နေ့တွင်ဖွင့်လှစ် နိုင်ခဲ့ပြီး ပဲခူးတိုင်းဝန်ကြီးချုပ်၊ ပဲခူးတိုင်းလွှတ်တော် ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး အစိုးရဝန်ကြီးများ၊ ပဲခူးတိုင်းအ တွင်းရှိနိုင်ငံရေးအင်အားစုများ၊ ပြည်တွင်းနိုင်ငံရေးအင်အားစု များနှင့် အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ကြပါသည်။ မကွေးတိုင်းဒေသကြီး သရက်မြို့တွင်လည်း အကျဉ်း ထောင်တွင်းကျဆုံးသွား သူများအား ဂုဏ်ပြုကျောက်တိုင် တခုတည် ဆောက်နိုင်ရန် ကြိုးစား နေကြောင်း သိရှိရ သည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့တို့မှ အကျဉ်းထောင်များအတွင်း ကျဆုံးခဲ့သော နိုင်ငံရေးအကျဉ်းသားများ၏ ဆောင်ရွက်မှုများကိုဂုဏ်ပြုသည့် အနေဖြင့်အခမ်းအနားများပြုလုပ်ပေးခြင်းနှင့်ဒီမိုကရေစီရေးအတွင်းငင်းတို့၏အနစ်နာခံမှုများကိုအသိအမှတ်ပြုသည့် အနေဖြင့် ၎င်းတို့၏မိသားစုများထံသို့ အသိအမှတ်ပြု ဂုဏ်ပြုလွှာများ ပေးအပ်ခြင်းတို့ကို ပြုလုပ်နေခဲ့ပါသည်။


စစ်ကြောရေးနှင့် အကျဉ်းထောင်များတွင် ကျဆုံးသော နိုင်ငံရေးအကျဉ်းသား
မှတ်တမ်းတင်ဂုဏ်ပြုလွှာ
ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေး
တို့အပေါ်တွင် ယုံကြည်ချက်ရှိကာ သမိုင်းဝင် ရှစ်လေးလုံး
ဒီမိုကရေစီအရေးတော်ပုံမှ ဆင်းသက်လာသော
တိုက်ပွဲအဆင့်ဆင့်တွင် ကျရာတာဝန်ကိုထမ်းဆောင်ရင်း
အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင်
အသက်စွန့်လွှတ်သွားခဲ့ရသော
နိုင်ငံရေးအကျဉ်းသား ဦးအောင်ကျော်မိုး အား
မိမိတို့မှ လေးစားစွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။
AAPP
FPPs

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်းမှ ကျဆုံးသွားသော နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများထံ သို့ ပေးအပ်သော မှတ်တမ်းတင်ဂုဏ်ပြုလွှာ။ ဤ မှတ်တမ်းလွှာဆို သည်မှာ "ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသား တန်း တူညီမျှရေးတို့အပေါ်တွင် ယုံကြည်ချက်ရှိကာ သမိုင်းဝင်ရှစ်လေး လုံး ဒီမိုကရေစီအရေးတော်ပုံမှ ဆင်းသက်လာ သောတိုက်ပွဲ အဆင့်ဆင့်တွင် ကျရာတာဝန်ကိုထမ်းဆောင်ရင်းအကျဉ်းထောင် နှင့် စစ်ကြောရေးစခန်းများတွင် အသက်စွန့်လွှတ်သွားခဲ့ရသော နိုင်ငံရေးအကျဉ်းသား ဦးအောင်ကျော်မိုးအား မိမိတို့က လေးစား စွာ မှတ်တမ်းတင်ဂုဏ် ပြုအပ်ပါသည်" ဟူ၍ဖြစ်သည်။

# ပြန်လည်ပြုစုပျိုးထောင်ခြင်း

ဦးဝင်းတင်ဖောင်ဒေးရှင်းအနေဖြင့် ၎င်းတည်ထောင်ချိန် ၂၀၁၂ ခုနှစ်မှစ၍ ယခင်နှင့်လက်ရှိ နိုင်ငံရေးအကျဉ်း သားများနှင့် ၎င်းတို့၏မိသားစုများကို အကူအညီထောက်ပံ့ခြင်းများ ပြုလုပ်နေခဲ့ပါသည်။ ထိပါးနှောင့်ယှက်မှုကို ခံခဲ့ရသော ယခင်နှင့်လက်ရှိ နိုင်ငံရေးအကျဉ်းသားများနှင့် ဂျာနယ်လစ်များကို ငွေကြေးအရကူညီမှုများအား ဖောင် ဒေးရှင်းကပံ့ပိုးခဲ့ပါသည်။ များစွာသော နိုင်ငံရေးအကျဉ်းသားများသည် ၎င်းတို့၏အကျဉ်းခံရမှုပြီးသည့်နောက်တွင် အလုပ်အကိုင်ရရှိရန် အခက်အခဲများစွာ တွေ့ကြုံခဲ့ရပါသည်။ ယခုထက်ထိ ဖောင်ဒေးရှင်းက တစ်ဦးချင်းအနေ ဖြင့် ၂၇ ဦးကိုသော်လည်းကောင်း သို့မဟုတ် မိသားစုများအတွက်သော်လည်းကောင်း ၁၈၅၇ သိန်းကို မျှဝေပြီးဖြစ်ပါသည်။ ဆိုးဝါးသော အခြေအနေများအောက် ထောင်သွင်းအကျဉ်းချခံရမှုများနှင့် ညှဉ်းပန်းနှိပ်စက်ခံရမှုများကြောင့် ရရှိလာသည့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေရသူများစွာအတွက်လည်း အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ဆေးခန်းကိုပါ ပံ့ပိုးပေးနေပါသည်။ "စစ်တပ်က ဒီရာဇဝတ်မှုတွေကို သူတို့ကျူးလွန်ခဲ့ပေမယ့်… ဒီနေ ရာမှာ ကျနော် တို့က စစ်တပ်လုပ်ရမယ့်အလုပ်ကို လုပ်နေရတယ်" သူက ဆက်ပြောဆိုသည်မှာ နိုင်ငံရေးအကျဉ်း သားဟောင်းအများစုဖြစ်သော အသစ်ရွေးချယ်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့ မည်သည့် ကိစ္စကို လုပ်ဆောင်နေကြောင်း ပြသမည်၊ ဖောင်ဒေးရှင်း အကျိုးခံစားခွင့်ရသူများ၏ လိုအပ်ချက်များကို တင်ပြမည်ဟု ဖိတ်ကြားခဲ့သော် လည်း မည်သူမျှ လက်ခံအကြောင်း ပြန်ခြင်းမရှိဟု ဆိုသည်။

*"အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု မရှိဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိနိုင်သလို ငြိမ်းချမ်း ရေးလည်း မရနိုင်ဘူး"*

*ဦးထင်အောင်၊ ဦးဝင်းတင်ဆေးခန်း၏ဒါရိုက်တာ*

နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အခွင့်အလမ်းများပေးစေနိုင်ရန် ရည်ရွယ်သော ဆောင်ရွက်မှု နောက်တရပ်ကို နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း FHi 360 က ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ နိုင်ငံတကာ ကူညီထောက်ပံ့ရေးအေဂျင်စီဖြစ်သော USAID က ထောက်ပံ့သည့် ထိုအစီအစဉ်တွင် မီဒီယာနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများတွင် လက်ရှိအလုပ်မရှိသော နိုင်ငံရေးအကျဉ်းသားဟောင်း ၅၀ အား ၆ လကြာ Fellowship လေ့လာရေးအစီအစဉ်ကို ပြုလုပ်ပေးခဲ့ပါသည်။ ထိုအစီအစဉ်အပြီးနောက်တွင် လေ့လာသူ ၂၂ ဦး အမြဲတမ်းအလုပ်များကို ရရှိခဲ့ကြလေသည်။[၂၉]

*"နိုင်ငံရေးအကျဉ်းသားဟောင်းတွေအနေနဲ့ သူတို့လွတ်မြောက်လာရင်လည်း နောက်တခါ အပြစ်ဒဏ်ကို ထပ်ခံကြရတယ်။ ထောင်ကျတယ်ဆိုတဲ့နှိမ့်ချမှုတွေရယ်၊ ထောင်ထဲမှာဆုံးရှုံးခဲ့ရတဲ့နှစ်တွေကြောင့် ပညာရေးနဲ့အလုပ်အကိုင်အရည်အချင်းတွေ နောက်ကျနေတာမို့လို့ အလုပ်ရှာတဲ့အခါ အခက်အခဲတွေတွေ့ရတယ်။ သူတို့အပေါ် နိုင်ငံရေးဖိနှိပ်မှုတွေကြောင့် ထောင်ထဲရောက်သွားတဲ့အပေါ်မှာ နောက်ထပ်အပြစ်ထပ်ရသလိုမျိုးဖြစ်ရတာ မတရားဘူး။ နိုင်ငံရေးအကျဉ်းသားဟောင်းတွေကို ဒီလိုလေ့လာရေး အစီအစဉ်တွေလုပ်ပေးတာ သူတို့ကို လူ့အဖွဲ့အစည်းထဲမှာ ပြန်ဝင်ဆန့်ဖို့လုပ်ပေးနိုင်ရုံတင်မကဘူး၊ သူတို့ရောက်တဲ့နေရာမှာ နိုင်ငံရေးအကြောင်းအရာတွေနဲ့ တက်ကြွလှုပ်ရှားမှုအကြောင်းတွေကို မီဒီယာနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို အများကြီး မျှဝေပေးနိုင်စေတယ်"*

*Matthew Pietz - wm0efcH? FHi 360 Civil Society and Media Program*

ကရင်အမျိုးသမီးအစည်းအရုံး (KWO)၊ ဝိမုတ္တိအမျိုးသမီးအဖွဲ့၊ တအာန်းအမျိုးသမီးအဖွဲ့အစည်း (TWO) နှင့် ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံ (KWAT) အစရှိသည့် အမျိုးသမီးအဖွဲ့များစွာတို့သည် အစိုးရမဟုတ် သော နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် Asia Justice and Rights (AJAR) နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား ဒဏ်ရာအနာများ သက်သာပျောက်ကင်းစေရေး စီမံချက်များကို လုပ်ဆောင်ခဲ့ကြပါသည်။[၃၀] မိမိကိုယ်ကို တာဝန်ယူစောင့်ရှောက်ခြင်း ဆွေးနွေးမှုများတွင် ရှင်သန်ကျန်ရစ်သူများက အေးချမ်းဆိတ်ငြိမ်သောနေရာတွင် တွေ့ဆုံကာ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အမြင်ပွင့်မှုကို ဖြစ်စေသည့်လှုပ်ရှားမှုများ ဥပမာအားဖြင့် ယောဂနှင့် တရားရှုမှတ်မှုကျင့်စဉ် သို့မဟုတ် လုံခြုံ၍ ဝေဖန်ပိုင်းခြားမှုမပြုသော ပတ်ဝန်းကျင်တွင် စကားစမြည်ပြောဆိုခြင်း စသည်တို့ကို ပြုလုပ်ပါသည်။

အနာဂတ်အလင်းတန်းဆုံမှတ်က နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့ ၏မိသားစုများအတွက် ရွေ့လျားဆေးခန်းများကို ဖွင့်လှစ်လည်ပတ်ပေးနေပါသည်။ ထိုဆေးခန်း အနေဖြင့် ဝေးလံသောဒေသများ သို့သွားရောက်ပြီး လူနာများကို ကုသမှုများ ပေးခြင်းနှင့်အလွတ် သဘော နှစ်သိမ့်ဖေးမခြင်းများကို လုပ် ဆောင်ပေးပါသည်။ ၂၀၁၄ ခုနှစ် စတင်တည်ထောင်စဉ် ကတည်းက ဤအခမဲ့ ကုသမှုကို လူနာ ၃၅၀ ခန့်က အသုံးပြုခဲ့ ပြီး ဖြစ်ပါသည်။

---

၂၉။ BNI Online: Media and CSOs provide support for former political prisoners, 11 July 2017, HYPERLINK "https://www.bnionline.net/en/news/mizzima/item/3232-media-and-csos-provide-support-for-former-political-prisoners.html" FHI 360 provided ND-Burma with more information about the programme on request.

၃၀။ For a detailed description of self-care methods practiced by women's organisation, see AJAR: Unlearning Impunity, October 2015, HYPERLINK "http://www.asia-ajar.org/files/Manual%20Book%20-%20Unlearning%20Impunity.pdf"



နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏မိသားစုများအတွက် အနာဂတ်အလင်းရောင် (FLC) မှ ဖွင့်လှစ်ပေးထားသော ရွှေလျားဆေးခန်းတွင် လူနာတစ်ဦး ကုသမှုခံနေစဉ်

*ကျမတို့ရဲ့ ရွှေ့လျားဆေးခန်းကို ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကောင်းကောင်းလက်လှမ်းမမီတဲ့ သူတွေက အသုံးပြုကြပါတယ်။ သူတို့မတတ်နိုင်လို့ ဒါမှမဟုတ် ရရှိဖို့သိပ်ခက်ခဲပြီး ခရီးစရိတ်ကလည်း အရမ်းကုန်ကျမှုများလို့...တခုမဟုတ်တခုကြောင့်ဖြစ်ပါတယ်။ ကျမတို့အနေနဲ့အကောင်းဆုံးကို လုပ်ပေးတယ်ဆိုပေမယ့်လည်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်နေဖို့အတွက် ကုသမှုတွေလိုနေတဲ့ သူတွေ အများကြီး ရှိနေပါတယ်။ ကျမတို့အနေနဲ့ ပိုလုပ်ပေးနိုင်ဖို့ ဆုတောင်းပါတယ်"*

*(သက်သက်အောင်၊ အနာဂတ်အလင်းတန်းဆုံမှတ်၏ဒါရိုက်တာ)*

# လျော်ကြေး

လျော်ကြေးပေးမှုသည် အခြားနည်းလမ်းများဖြင့် ပူးတွဲလုပ်ဆောင်နိုင်မှုမရှိပါက ကျေနပ်ဖွယ်ရာနည်းလမ်း တရပ်အဖြစ် ဆောင်ရွက်ရန် ခက်ခဲပေသည်။ မိမိတို့၏ လိုအပ်ချက်များ ဆန်းစစ်မှု လေ့လာချက်အရ စစ်တပ်အနေဖြင့် တချို့သောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၏ နစ်နာခံစားရသူများကို လျော်ကြေးပေးခဲ့သော်ငြားလည်း ထိုဖြစ်ရပ်ကို အသိအမှတ်ပြုမှု သို့မဟုတ် တောင်းပန်မှုများပြုလုပ်ရန် ပျက်ကွက်နေသေးသည်။ များစွာသော လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအနေဖြင့်စီးပွားရေးအခက်အခဲများရှိနေပြီးထိုချိုးဖောက်မှုများကြောင့်ပိုမိုဆိုးဝါးစေကာစစ်တပ်က ထိုသူများအား နှုတ်ပိတ်စေရန်ပေးသော နည်းပါးလှသည့် အကူအညီပေးမှုများအား ဘဝရှင်သန်နိုင်ရန်အတွက်လက်ခံ ရသည့်အခြေအနေမျိုးအထိ ရှိလေသည်။ ဤသည်မှာလည်း နစ်နာရသူများ၏ နှုတ်ဆိတ်ပေးမှုအတွက် ဝယ်ရခြင်းမျိုး ဖြစ်ပြီး အပြုခံရသူများနှင့် ကျူးလွန်သူများကြား ယုံကြည်မှု ပြန်လည်တည်ဆောက်ရန်အတွက် မည်သို့မျှမကူညီပေး နိုင်ပါ။

အကျဉ်းကျနေစဉ်အချိန်အတွင်း နိုင်ငံရေးအကျဉ်းသားများ သေဆုံးရမှုအပေါ် အစိုးရ၏လျော်ကြေး ထောက်ပံ့မှုမရှိနေသည့် အချိန်တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် ကျဆုံးသွားသောနိုင်ငံရေး အကျဉ်းသားများ၏ မိသားစုများကို ငွေကြေးပိုင်းဆိုင်ရာထောက်ပံ့မှုများ ပံ့ပိုးပေးခြင်းဖြင့် မိသားစုဝင်ငွေကိုအဓိက

ရှာဖွေပေးနေရသည့်သူတစ်ဦး ဆုံးရှုံးရသည့်အပေါ် ဆွေမျိုးအသိုင်းအဝန်းမှ ကြုံတွေ့နေရသည့် အခက်အခဲကို ဖယ်ရှားနိုင်ရန် ကူညီဖြေရှင်းပေးခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက် ရေးအသင်းအနေဖြင့် ၂၀၁၄ ခုနှစ်တွင် တကြိမ် မိသားစု ၅၄ စုကို ကျပ်ငွေ ဆယ်သိန်းစီနှင့် ၂၀၁၆ ခုနှစ်တွင် မိသားစု ၆၁ စုကို ကျပ်ငွေ ငါးသိန်းဆီ ထောက်ပံ့ပေးခဲ့ပါသည်။

> *"ကျဆုံးသွားတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့မိသားစုတွေအနေနဲ့ ငွေရေးကြေးရေးအကြပ်အတည်း အမြဲလိုလို ကြုံကြရတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ မိသားစုအတွက် အဓိကဝင်ငွေရှာပေးနေတဲ့သူ ပျောက်သွားလို့ဖြစ်နိုင်သလို ကျန်ရစ်တဲ့မိသားစုကို နှိမ့်ချထားကြလို့ နောက်ဆက်တွဲအနေနဲ့ အလုပ်အကိုင်ရှာရခက်သွားတာကြောင့်လည်း ဖြစ်နိုင်တယ်။ ကျနော်တို့ရဲ့ မပြောပလောက်တဲ့ ငွေကြေးထောက်ပံ့မှုဟာ သူတို့ခံစားနေရမှုကို တစုံတရာ သက်သာစေပါတယ်။ ဒါပေမယ့် သူတို့ဟာ မြန်မာပြည်ဒီမိုကရေစီ အရေးတွက် ကြီးမားတဲ့ ပံ့ပိုးဆောင်ရွက်မှုတွေ ပြုခဲ့တဲ့အပေါ်မှာ လေးလေးနက်နက် လေးစားမြတ်နိုးတန်ဖိုး အထားခံထားရတယ်ဆိုတာကို သိစေချင်တာက ပိုအရေးကြီးပါတယ်"*
>
> *ဇော်မိုး၊ သုတေသနနှင့်မှတ်တမ်းတင်ဌာန တာဝန်ခံ၊ AAPP*

အခန်း

၇

# အကြံပြုတင်ပြချက်များ

လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက်၏ လိုအပ်ချက်များဆန်းစစ်မှုမှ တွေ့ရှိချက်များသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအနေဖြင့် ၎င်းတို့၏ဘဝကို ပြန်လည်တည်ဆောက်ရန်အတွက် မည်သည့်လုပ်ဆောင်ချက်များ လိုအပ်မည်ဆိုသည်ကို ဆုံးဖြတ်နိုင်ရန်အတွက် ပထမခြေလှမ်းဖြစ်ပါသည်။ ပါဝင်သော ဥပမာဖြစ်ရပ်များ၏ နမူနာ အရွယ်အစားသေးငယ်မှု၊ သေချာစွာတည်ဆောက်ထားခြင်းမဟုတ်သော သုတေသနပြုမှုနည်းနာနှင့် များစွာသော နစ်နာခံစားရသူများအနေဖြင့် တရားမျှတမှုအကြောင်း သဘောထားခံယူမှုများနှင့် ဖြစ်စဉ်ပုံစံများကို အကျွမ်းတဝင် မရှိထားမှုအပေါ် ထည့်သွင်းစဉ်းစားပြီး နောက်ဆက်တွဲ ထပ်မံသုတေသနပြုမှုများ ဆောင်ရွက်သင့်ပါသည်။ အောက်ပါ အကြံပြုတင်ပြချက်များကို လိုအပ်ချက်များဆန်းစစ်မှုစစ်တမ်းတွင်မျှသာမကဘဲ လူ့အခွင့်အရေးချိုးဖောက်ခံရသူ များနှင့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)တို့၏ ၁၄ နှစ်ကြာအတူအလုပ်လုပ်ခဲ့ရသည့် အတွေ့ အကြုံများ အပေါ်အခြေခံ၍ ထုတ်နုတ်ထားခြင်းဖြစ်ပါသည်။

## နောက်တစ်ကြိမ်ပြန်လည်မဖြစ်ပွားရေးအတွက် အာမခံချက်များ

- အစုလိုက်အပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများကျူးလွန်ခဲ့သည်ကို အသိအမှတ်ပြုသော၊ နစ်နာခံ စားရသူများအတွက် ပြန်လည်ကုစားပေးလျော်မှုကို အစိုးရ၏ စီမံခန့်ခွဲမှုအစီအစဉ်တရပ်အဖြစ် ပြန်လည် ကုစားပေးလျော်မှု ဥပဒေတရပ်ကို အတည်ပြုရန်။
- ၂၁ ရာစုပင်လုံညီလာခံ၏ အစိတ်အပိုင်းအဖြစ် ပြန်လည်ကုစားပေးလျော်ခြင်းအပေါ် ဆွေးနွေးမှုကို ထည့် သွင်းပေးရန်။ ပဋိပက္ခကြောင့်ရွှေ့ပြောင်းခံရသူများတင်မကဘဲ လူ့အခွင့်အရေးချိုး ဖောက်ခံသူများ အားလုံး ပါဝင်စေခြင်းဖြင့် ဆွေးနွေးမှုကို ကျယ်ပြန့်စေရန်။
- လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည်ဟု စွပ်စွဲခံရသောနေရာများကို လူသားချင်းစာနာမှု ဆိုင်ရာ အဖွဲ့များ၊ လူ့အခွင့်အရေးစောင့်ကြည့်သူများနှင့် မီဒီယာများအား ကန့်သတ်ချုပ်ချယ်မှုမရှိစေဘဲ အစိုးရက သွားရောက်ခွင့်ပြုရန်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသည့် ကွင်းဆင်းလုပ်သားများ အား စောင့်ကြည့်ခြင်း၊ ထိပါးနှောင့်ယှက်ခြင်းများကို ရပ်တန့်ရန်။
- တရားစီရင်ရေးစနစ်အတွင်း နစ်နာခံစားရသူများအား ကာကွယ်စောင့်ရှောက်သော အစီအစဉ်တရပ် ဖန် တီးပေးရန်။
- နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်ကိုက်ညီသော စစ်ဘက်ဆိုင်ရာ လိုက်နာရမည့်စည်းကမ်း များကိုချမှတ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုကို ကျူးလွန်သည်ဟုစွပ်စွဲခံရသော စစ်သားများအား စစ်ဘက်

ဆိုင်ရာတရားရုံးများအစား အရပ်ဘက်ဆိုင်ရာ တရားရုံးများတွင်စီရင်ရန်။ တရားဥပဒေစနစ်တွင် အကျင့်ပျက်ခြစားခြင်းများကို အဆုံးသတ်ရန်နှင့် ပြည်တွင်းတရားရုံးများအနေဖြင့် အမှီအခိုကင်း၍ လွတ်လပ်မှုကို သေချာစွာရရှိစေရန်၊ တရားဥပဒေစိုးမိုးမှုကို လိုက်နာကျင့်သုံးစေရန်။

- နိုင်ငံတကာလူ့အခွင့်အရေးနှင့်အညီ လိုက်နာရန်တာဝန်ရှိမှုများအတွက် လိုက်လျောညီထွေဖြစ်သည့် တရားရေးစနစ်ကို ဖော်ဆောင်နိုင်ရန်အတွက် ဥပဒေပြုခြင်းဆိုင်ရာ ပြောင်းလဲမှုများကို လုပ်ဆောင်ရန်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပုဒ်မ ၄၄၅ (ပြစ်ဒဏ်ခံရမှုမှ ကင်းလွတ်ခြင်းဆိုင်ရာအပိုဒ်) ကို ပယ်ဖျက်ခြင်း။

◆ ညှဉ်းပန်းနှိပ်စက်ခြင်းကို ဆန့်ကျင်သော ဥပဒေကို ရွေးချယ်ခွင့်ရှိသော ကျင့်ဝတ်များပါ ပါဝင်စေ၍ အတည်ပြုရန်နှင့် အကျဉ်းသားများအပေါ်ဆက်ဆံခြင်းကို နိုင်ငံတကာ စံညွှန်းများနှင့်အညီဖြစ်စေရန်အတွက် အကျဉ်းထောင်ဥပဒေ မူကြမ်းကို ပြင်ဆင်ရန်။

◆ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) နှင့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်၍ လူမဆန်သော သို့မဟုတ် လူဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ဆန့်ကျင် ရေး နိုင်ငံတကာ သဘောတူစာချုပ်(UNCAT) ကိုလက်မှတ်ရေးထိုးရန်။

◆ နိုင်ငံတော်အဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းဥပဒေကို ပါရီအခြေခံမှုများနှင့်အညီ ပြင်ဆင်ရေးဆွဲခြင်းဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို အမှန်တကယ် လွတ်လပ်၍ ထိရောက်သောအဖွဲ့အဖြစ်ပြုပြင်ပြောင်း လဲနိုင်ရန်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးမြှင့်နိုင်စေရန်အတွက် အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းမှတဆင့် သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များကို ကော်မရှင် အဖွဲ့ဝင်များ အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းမှတဆင့် ဆောင်ရွက်ရန်။

◆ တိုင်းရင်းသားလူမျိုးစု အသိုင်းအဝန်းများနှင့် တိုင်ပင်၍ ၎င်းတို့၏ သမိုင်းအမှန်ကို ထင်ဟပ်နိုင်သော၊ အတိတ်ကာလ ချိုးဖောက်ခံရမှုများကို အမှန်အတိုင်း မဖြတ်တောက်ဘဲ ဖော်ပြထားသော ကျောင်းသုံး စာအုပ်များအဖြစ် ပြင်ဆင်ထုတ်ဝေရန်။

## ကျေနပ်အားရခြင်း

◆ ကျူးလွန်ခဲ့သော အစုအဖွဲ့လိုက် လူ့အခွင့်အရေးချိုးဖောက်မှုများကို လူသိရှင်ကြားအသိအမှတ်ပြုပေးရန်၊ ထိုချိုးဖောက်မှုများအတွက် တောင်းပန်ရန်နှင့် နစ်နာခံစားရသူများအနေဖြင့် ပြန်လည်ကုစား ပေးလျော်မှု အား ထိုက်တန်သည်ဟု လက်ခံပေးရန်။

◆ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကျူးလွန်သူများက အသိအမှတ်ပြုပေးပြီး တောင်းပန်ရန်၊ ဖြစ်နိုင်လျှင်၊ အပြုခံရသူများ လိုလားလျှင် ကျူးလွန်သူများက နစ်နာခံစားရသူများကိုတိုက်ရိုက်တောင်းပန်ပေးရန်။

◆ နိုင်ငံရေးအကျဉ်းသားများကို အသိအမှတ်ပြုရန်နှင့် ဝေါဟာရအား အဓိပ္ပာယ်ဖွင့်ဆိုပေးရန်၊ နှင့် ဆက်လက် စောင့်ကြည့်မှုများ၊ နှောင့်ယှက်မှုများကို ရပ်တန့်ပေးရန်။ ဥပဒေ ပုဒ်မ ၄၀၁ (သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်) အောက်တွင် လွတ်မြောက်ခဲ့သူများ အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး၏ မှတ်တမ်းများကို လုံးဝအပြီးတိုင် ဖျက်သိမ်းပစ်ရန်။

- အစိုးရတပ်ဖွဲ့များ၏ အရေးယူခြင်းခံခဲ့ရသောသူများကို အသိအမှတ်ပြုသည့် အမှတ်ရဖွယ်များ၊ အထိမ်းအမှတ်အဆောက်အအုံများနှင့် ပြတိုက်များအတွက် ရန်ပုံငွေ နှင့် ခွင့်ပြုပေးမှုများ လုပ်ဆောင်ပေးရန်။

## ပြန်လည်ဖြည့်ဆည်းပေးခြင်း

- ပဋိပက္ခများ၊ စစ်ဘက်ဆိုင်ရာအမိန့်များ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းများကြောင့် မြေယာဆုံးရှုံးရသူများကို ပိုင်ဆိုင်မှုအပြည့်အဝပြန်လည်ဖြည့်ဆည်းပေးရန် သို့မဟုတ် ငွေကြေးဆိုင်ရာလျော်ကြေးများကိုအချိုးညီမျှစွာပေးရန်။
- ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များကို ပီနဲရိုးမူများနှင့်အညီ (Pinheiro Principles) မိမိသဘောဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လည်ရောက်ရှိစေပြီး ဖြစ်နိုင်သောနေရာများတွင် ၎င်းတို့၏မြေယာနှင့် ပိုင်ဆိုင်မှုများကို ပြန်လည်ဖြည့်ဆည်းပေးရန်၊ ပိုင်ဆိုင်မှုများဖျက်ဆီး ခံခဲ့ရလျှင် ငွေကြေးလျော်ပေးမှုများ သို့မဟုတ် အခြားနေထိုင်စရာများ စီစဉ်ပေးရန်၊ ပြည်တွင်းရွှေ့ပြောင်း နေထိုင်သူများနှင့် ဒုက္ခသည်များကို ၎င်းတို့ဘဝဆက်လက်နိုင်ရန်အတွက် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများဖြစ်သည့် မှတ်ပုံတင် နှင့် မြေယာပိုင်ဆိုင်မှုလက်မှတ်များ ထောက်ပံ့ပေးရန်။
- နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ရပ်ဆိုင်းခဲ့သော အစိုးရအလုပ်များနှင့် ပင်စင်များ ပြန်လည်ပေးအပ်ရန်။
- နိုင်ငံရေးလှုပ်ရှားမှုများကြောင့် သိမ်းယူခံခဲ့ရသည့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လိုင်စင်များ ပြန်လည်ပေးအပ်ရန်။
- ပြည်ပအဝေးရောက်ဖြစ်သွားသူများနှင့် ပြန်လာလိုသော အခြားနိုင်ငံသားအဖြစ် ခံယူခဲ့ရသူများအတွက် နိုင်ငံသားဖြစ်မှုကို ပြန်လည်အသိအမှတ်ပြုပေးရန်။
- ပြည်ပအဝေးရောက်များကို ဗီဇာငြင်းဆန်ခြင်းဖြင့် အမည်ပျက်စာရင်းသွင်းခြင်းကို ရပ်ဆိုင်းရန်။
- နိုင်ငံရေးလှုပ်ရှားမှုကြောင့် ၎င်းတို့၏ပညာသင်ကြားမှုများကို အဓမ္မရပ်ဆိုင်းခံရသော ကျောင်းသားများကို တက္ကသိုလ်က တရားဝင် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်။

## လျော်ကြေးပေးခြင်း

- လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် ငွေကြေးဆိုင်ရာလျော်ကြေးပေးမှု အစီအစဉ်တရပ်ကို ပြန်လည်ကုစားပေးလျော်ရေးဥပဒေအရ ထောက်ပံ့စေရန်။
- အပြစ်ခံရသူများအပေါ်တွင် ကျူးလွန်သူများက နှုတ်ပိတ်စေရန် သဘောသက်ရောက်စေသည့် တရားမဝင်နစ်နာကြေးပေးနေမှုများအား ရပ်တန့်ရန်။

## ပြန်လည်ပြုစုပျိုးထောင်ခြင်း

- ဆေးကုသရန် ဆက်လက်လိုအပ်နေသည့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် စိတ်ကျန်းမာရေးကုသမှုအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ကုသခွင့်ပေးရန်။
- အခွင့်အရေးများ ချိုးဖောက်ခံရပြီးနောက် အလုပ်အကိုင်ရှာဖွေမရသူများအတွက် သင်တန်းနှင့်ပညာရေးအစီအစဉ်များပံ့ပိုးပေးရန်၊ ဤအစီအစဉ်ထဲတွင် လုပ်ငန်းအတတ်ပညာပိုင်း၊ အရည်အသွေးပိုင်းနှင့် အသက်မွေးဝမ်းကျောင်းမှု သင်တန်းမျိုးစုံပါသင့်ပါသည်။

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ ၁ – နစ်နာသူများ၏လိုအပ်ချက်ကို ဆန်းစစ်သောအမှုဖြစ်ရပ်များ ဇယား – ပဋိပက္ခ

(၁) မတရား ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ
(၂) ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ သိမ်းယူခြင်း ဖျက်ဆီးခြင်း
(၃) ပျောက်ကွယ်ခြင်း
(၄) အဓမ္မလုပ်အားခိုင်းစေမှု
(၅) အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း
(၆) သတ်ဖြတ်ခြင်း
(၇) လွတ်လပ်စွာဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းဝေးခွင့်ကို ထိပါးနှောင့်ယှက်မှု
(၈) အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ
(၉) မုဒိမ်းကျင့်မှု
(၁၀) ညှဉ်းပန်းနှိပ်စက်ခြင်း
(၁၁) မတရားအခွန်ကောက်ခြင်း

| အမှုဖြစ်ရပ် | ရက်စွဲ | အရပ်ဒေသ | အရေအတွက် | ကျူးလွန်သူ | အရင်းမြစ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁၀၊၁၊ ၁၉၉၁ | ကွင်းပုံ၊ ဘိုကလေး မြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီး | ၁ | စစ် ထောက် လှမ်းရေး | FLC | x | x | | | | | | | | x | |
| ၂ | ၄၊၁၊၂၀၁၃ | ဆင်ဆုရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၇၅ | HRDP | | | | | | x | | | | x | |
| ၃ | ၁၂၊၁၊၂၀၁၁ | ဂျပူရွာ၊ ဂရာရန်းမြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ်။ | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၃၉၀ နှင့် ၃၉၈ | KWAT | x | | x | | | x | | | | | |
| ၄ | ၆၊၁၊၂၀၁၅ | လမွန်းရွာ၊ ကာမိုင်း တိုက်နယ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ၁ | တပ်မတော် မှ အမည်မသိ သူများ | KWAT | x | | x | | | x | | | | x | |
| ၅ | ၈၊၁၊၂၀၁၆ | ရာဒူးဇပ်ရွာ၊ ဖားကန့်မြို့ နယ်၊ ကချင်ပြည်နယ် | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၃၈၂ | KWAT | | | x | | | x | | | | | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၆ | ၁၀၊၁၊၁၉၉၉ | လဖက်ရွာ၊ ကျောက်ကြီး မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၁ | တပ်မတော် | GPS | x | | | | | x | | | | | |
| ၇ | ၁၂၊၁၊၁၉၉၆ | ဆန်းဖုံရွာ၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ၁ | တိုင်းရင်းသား လက်နက်ကိုင် CNF | GPS | | | | | | x | | | | | x |
| ၈ | ၄၊၁၊၂၀၀၁ | တွီးသန်းရွာ၊ တီးတိန်မြို့ နယ်၊ ချင်းပြည်နယ်။ | ၁ | တိုင်းရင်းသား လက်နက်ကိုင် CNF | GPS | | | | | | x | | | | | x |
| ၉ | ၁၂၊၁၊၁၉၉၆ | ဆန်းဖုံရွာ၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ၁ | တိုင်းရင်းသား လက်နက်ကိုင် CNF | GPS | | | | | | x | | | | x | x |
| ၁၀ | ၁၀၊၁၊၂၀၀၀ | ရှိသဲကိတ်ရွာ၊ တီးတိန်မြို့ နယ်၊ ချင်းပြည်နယ်။ | ၁ | တိုင်းရင်းသား လက်နက်ကိုင် CNF | GPS | | | | | | x | | | | | |
| ၁၁ | ၁၀၊၁၊၁၉၉၆ | ဆန်းဖုံရွာ၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ၂ | တိုင်းရင်းသား လက်နက်ကိုင် CNF | GPS | | x | | | | x | | | | | x |
| ၁၂ | ၂၊၁၊၁၉၉၆ | ဆန်းဖုံရွာ၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ၁ | တိုင်းရင်းသား လက်နက်ကိုင် CNF | GPS | | | | | | x | | | | | x |
| ၁၃ | ၁၁၊၁၊၁၉၉၆ | ဆန်းဖုံရွာ၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ၁ | တိုင်းရင်းသား လက်နက်ကိုင် CNF | GPS | | | | | | x | | | | x | x |
| ၁၄ | ၁။၁၊၁၉၉၆ | ဆန်းဖုံရွာ၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ၁ | တိုင်းရင်းသား လက်နက်ကိုင် CNF | GPS | | x | | | | | | | | x | x |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၅ | ၁၊၁၊၂၀၀၀ | ဆန်းဖုံရွာ၊ တီးတိန်မြို့နယ်၊ ချင်းပြည်နယ်။ | ၂ | တိုင်းရင်းသား လက်နက်ကိုင် NCF | GPS | | x | | | | | | | | x | |
| ၁၆ | ၁၀၊၁၊၁၉၉၁ | ကသာမင်းရွာ၊ ဘိုကလေး မြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီး | ၁ | တပ်မတော် ထောက်လှမ်း ရေးနှင့် ရဲနှင့်၊ အစိုးရ လုံခြုံ ရေး တပ်ဖွဲ့ | FLC | x | x | | | | | | | | | |
| ၁၇ | ၁၂၊၁၊၂၀၁၆ | ဖန်းငေါ်ရွာ၊ ကွက်ခိုင်မြို့ နယ်၊ လားရှိုးခရိုင်၊ ရှမ်း ပြည်နယ်။ | လူဦး ရေ ၈၀ ရှိ သော ရွာ | တပ်မတော် ခြေမြန်တပ် ရင်း ၄၅ | GPS | | x | | | x | | | | | | |
| ၁၈ | ၈၊၁၊၁၉၈၈ | အိုင်ပိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း ဒေသကြီး | ၁၀၀ | ပိုးတန်းရပ်ကွက် ရဲစခန်း(၁)မှ ရဲများ | GPS | | | | | | x | x | | | | |
| ၁၉ | ၁၊၁၊၂၀၁၆ | တာမိုးညှဲမြို့ မန်းပီရန်ရွာ အနီး၊ ကွက်ခိုင်မြို့နယ်၊ လားရှိုးခရိုင်၊ ရှမ်းပြည်နယ် | ၁ | တပ်မတော် ခြေမြန်တပ် မ ၁၁ | GPS | | | | | | x | | | | | |
| ၂၀ | ၁၂၊၁၊၂၀၁၂ | မန်တုန်ရွာ၊ ကွက်ခိုင်မြို့ နယ်၊ လားရှိုးခရိုင်၊ ရှမ်း ပြည်နယ်။ | ၂၀၀ | တပ်မတော် ခြေလျင်တပ် ရင်း ၄၅ | GPS | | | | | x | | | | | | |
| ၂၁ | ၁၊၁၊၁၉၈၂ | နန်းအောက်ပမြို့ ကွက် ခိုင်မြို့နယ်၊ လားရှိုးခရိုင်၊ ရှမ်းပြည်နယ်။ | ၁၁ | တပ်မတော် ခြေလျင်တပ် ရင်း ၄၅ | GPS | x | | | | | | | | | x | |
| ၂၂ | ၁၂၊၁၊၁၉၈၈ | ၂ ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ မြောက်ပိုင်းခရိုင်၊ ရန်ကုန် – တိုင်းဒေသကြီး | ၁ | ဗိုလ်ကြီး လဲနီ ဦးဆောင်သော တပ်မတော် | GPS | | | | | | | | | | x | |
| ၂၃ | ၁၀၊၁၊၁၉၉၈ | မုပ္ပလင်ထောင်၊ ခွာလဲ ကျော်စခန်း၊ ဘီလင်းမြို့ နယ်၊ မွန်ပြည်နယ်။ | ၂၀ | အမည်မသိ တပ်မတော်အဖွဲ့ | GPS | x | | x | | | x | | | | | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၄ | ၁၁၊၂၀၁၆ | ဟိုပုံရွာ၊ တာမိုးညဲမြို့ လားရှိုးခရိုင်၊ ရှမ်းပြည်နယ် | ၁၀၀ | တပ်မတော် ခြေမြန်တပ်မ ၁၁ နှင့် ၉၉ | GPS | | x | | | x | | | | | | |
| ၂၅ | ၆၊၁၊၂၀၁၃ | ၄ ရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး | ၂ | ဗိုလ်လင်း ဦးဆောင် သည့် သဘော်ကျင်း ရဲစခန်း | HRDP | x | | | | | x | | | | x | |
| ၂၆ | ၆၊၁၊၂၀၀၉ | အမှတ်(၁)ဒေသ သစ်ညို ကွန်းရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်း ဒေသကြီး | ၁ | ဗိုလ်မှူးချုပ် ကျော်ဆွေ၏ ကွပ်ကဲမှု အောက်ရှိ ကျေး ရွာအေးချမ်း သာယာ ရေးနှင့် ဖွံ့ဖြိုးတိုး တက် ရေးကောင်စီ ဝန် ထမ်း (စစ်အုပ် ချုပ်ရေး) | HRDP | x | x | x | | | x | | | | x | |
| ၂၇ | ၁၂၊၁၊၂၀၁၃ | ကျုံနယ်ရွာ၊ ခေါ်ဇာတိုက် နယ်၊ ရေးမြို့နယ်၊ မွန်ပြည် နယ်။ | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၃၁ | HUR-FOM | | | | | | | | | x | | |
| ၂၈ | ၅၊၁၊၂၀၀၀ | ၁ ရပ်ကွက်၊ ခေါ်ဇာမြို့ ရေးမြို့နယ်တောင်ပိုင်း၊ မွန်ပြည်နယ်။ | ၁ | အမည် မသိ သူများ သို့မဟုတ် မိသားစုအနေ ဖြင့် တပ်မတော် မှဟုထင်သည်။ | HUR-FOM | | | | | | x | | | | | |
| ၂၉ | ၈၊၁၊၂၀၁၄ | ၁ ရပ်ကွက်၊ ခေါ်ဇာမြို့ ရေးမြို့နယ်တောင်ပိုင်း၊ မွန်ပြည်နယ်။ | ၁ | အမည် မသိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ | HUR-FOM | x | | | | | | | | | | x |
| ၃၀ | ၁၊၁၊၂၀၀၇ | ခေါ်ဇာမြို့ ရေးမြို့နယ် တောင်ပိုင်း၊ မွန်ပြည်နယ်။ | ၁၁ | တပ်မတော် ခြေလျင်တပ် ရင်း ၃၁ | HUR-FOM | x | | | | | | | | | x | |
| ၃၁ | ၁၂၊၁၊၁၉၉၂ | ခြေမြန်တပ်ရင်း ၄၀၈ စခန်း၊ ကလိန်အောင်၊ ရေဖြူမြို့နယ်၊ တနင်္သာရီ တိုင်းဒေသကြီး | ၁၀ | ခြေမြန်တပ်ရင်း ၄၀၈ နှင့် ၂၇၃ | HUR-FOM | | | | x | | x | | | | x | |
| ၃၂ | ၃၊၁၊၂၀၁၇ | ၁ ရပ်ကွက်၊ ခေါ်ဇာမြို့ ရေးမြို့နယ်တောင်ပိုင်း၊ မွန်ပြည်နယ်။ | ၁ | အမည်မသိ သူများ | HUR-FOM | | | | | | x | | | | | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃၃ | ၃၊၁၊၂၀၁၇ | မကျည်းချောင်းခွ ရွာ၊ မကည်းကျေးရွာ အုပ် – စု၊ ခေါ်ဇာတိုက်နယ်၊ ရေးတောင်ပိုင်း၊ မွန်ပြည်နယ်။ | ၂ | တပ်မတော် ခြေလျင်တပ် ရင်း ၂၀၈ | HUR-FOM | | | | | | x | | | | x | |
| ၃၄ | ၁၊၁၊၂၀၀၅ | ၁ ရပ်ကွက်၊ ခေါ်ဇာမြို့၊ ရေးမြို့နယ်တောင်ပိုင်း၊ မွန်ပြည်နယ်။ | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၃၁ | HUR-FOM | x | | | | | | | | | x | |
| ၃၅ | ၁၀၊၁၊၂၀၁၂ | ၁ ရပ်ကွက်၊ ခေါ်ဇာမြို့၊ ရေးမြို့နယ်တောင်ပိုင်း၊ မွန်ပြည်နယ်။ | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၃၁ | HUR-FOM | x | | x | | | x | | | | x | |
| ၃၆ | ၇၊၁၊၂၀၀၄ | မိထောလှာလေးရွာ၊ ကျုံငယ်ကျေးရွာအုပ်စု၊ ခေါ်ဇာမြို့နယ်၊ ရေးတောင် ပိုင်း၊ မွန်ပြည်နယ်။ | ၉ | တပ်မတော် ခြေလျင်တပ် ရင်း ၄၀၁ သို့မဟုတ် ၄၀၄ | HUR-FOM | x | | | | | x | | | | x | |
| ၃၇ | ၃၊၁၊၁၉၉၂ | ကောင်းမိုင်ကျေးရွာ အနီး၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၁ | မွန်တိုင်းရင်း သားလက်နက် ကိုင်တပ်ဖွဲ့မှ ဗိုလ်ကြီး လေး လုံ | HUR-FOM | | | | | | x | | | | | |
| ၃၈ | ၃၊၁၊၁၉၈၃ | အမှတ်(၂)ရပ်ကွက်၊ ဘားအံမြို့ ကရင်ပြည်နယ် | ၁ | တပ်မတော် ခြေမြန်တပ် မ ၄၄ | FLC | x | | | | | | | | | | |
| ၃၉ | ၁၀၊၁၊၂၀၁၅ | ဖားကန့်မြို့ ကချင် ပြည်နယ်။ | ၁ | တပ်မတော် ဖားကန့် – အခြေစိုက် ဗျူဟာကွပ်ကဲ ရေးစခန်း | KWAT | x | | | | | | | | | x | |
| ၄၀ | ၆၊၁၊၂၀၁၂ | တာလောကြီးရွာအနီး၊ မြစ်ကြီးနားမြို့ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၃၇ | KWAT | x | | | | | | | | | x | |
| ၄၁ | ၁၀၊၁၊၂၀၁၅ | ဖားကန့်မြို့ ကချင်ပြည်နယ် | ၁ | တပ်မတော် မဟာ ဗျူဟာ ကွပ်ကဲရေး အခြေစိုက်စခန်း | KWAT | x | | | | | | | | | x | |
| ၄၂ | ၂၊၁၊၂၀၁၅ | ဖားကန့်မြို့ ကချင်ပြည်နယ် | ၁ | တပ်မတော် ခြေမြန်တပ် မ ၆၆ | KWAT | x | | | | | x | | | | x | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄၃ | ၅၊၁၊၂၀၁၆ | ဖားကန့်မြို့<br>ကချင်ပြည်နယ် | ၁ | တပ်မတော်<br>ခြေမြန်တပ်<br>မ ၈၈ | KWAT | x | | | | | | | | | x | |
| ၄၄ | ၁၁၊၁၊၂၀၁၁ | နမ်းဝခရိုင်း၊ မွတ်ချရစ်ရွာ၊<br>ဝိုင်းမော်မြို့နယ်၊<br>ကချင်ပြည်နယ် | ၁ | တပ်မတော်<br>ခြေမြန်တပ်<br>မ ၈၈ | KWAT | x | | | | | | | | | x | |
| ၄၅ | ၄၊၁၊၂၀၁၅ | ပူဝမ်ရွာ၊ ဖောင်ဆိုင်ဒေသ၊<br>မုန်းကိုးမြို့နယ်၊ ရှမ်းပြည်<br>မြောက်ပိုင်း | ၁ | တပ်မတော်<br>ခြေမြန်တပ်<br>မ ၇၇ | KWAT | | | | | | | | | x | | |
| ၄၆ | ၁၁၊၁၊၂၀၁၁ | ဂရာရန်းရွာ၊ ဝိုင်းမော်မြို့<br>နယ်၊ ကချင်ပြည်နယ် | ၁ | တပ်မတော်<br>ခြေမြန်တပ် ရင်း<br>၃၈၉၊ ခြေလျင်<br>တပ်ရင်း ၃၉၀<br>နှင့် ခြေလျင်<br>တပ်ရင်း ၃၉၉ | KWAT | x | | | | | | | | | x | |
| ၄၇ | ၁၁၊၁၊၂၀၁၁ | ဝိုင်းမော်မြို့၊<br>ကချင်ပြည်နယ် | ၁ | တပ်မတော်<br>ခြေမြန်တပ်<br>မ ၈၈ | KWAT | x | | x | | | | | | | | |
| ၄၈ | ၁၊၁၊၂၀၁၂ | ဒါလောရွာ၊ မြစ်ကြီးနားမြို့<br>နယ်၊ ကချင်ပြည်နယ် | ၁ | တပ်မတော်<br>ခြေလျင်တပ်<br>ရင်း ၃၇ | KWAT | x | | | | | | | | | x | |
| ၄၉ | ၆၊၁၊၂၀၁၂ | တာလောကြီးရွာအနီးရှိ<br>အောင်ချမ်းသာစခန်း၊<br>ဝိုင်းမော်မြို့နယ်၊<br>ကချင်ပြည်နယ် | ၂ | တပ်မတော်ခြေ<br>လျင်တပ်ရင်း<br>၃၇နှင့် တာလော<br>ကြီးပြည် သူ့စစ်<br>အဖွဲ့ | KWAT | x | | | | | | | | | x | |
| ၅၀ | ၈၊၁၊၂၀၁၆ | နားဟိုင်းရွာ၊ မိုးကောင်း မြို့<br>နယ်၊ ကချင်ပြည်နယ် | ၁ | တပ်မတော်<br>ခြေလျင်တပ်<br>ရင်း ၄၂၇ | KWAT | x | | | | | | | | | x | |
| ၅၁ | ၁၀၊၁၊၁၉၉၁ | ကသာမြင်ရွာ၊<br>ဘိုကလေးမြို့နယ်၊<br>ဧရာဝတီတိုင်းဒေသကြီး | ၁ | တပ်မတော်၊<br>စစ်ထောက်<br>လှမ်းရေးနှင့်<br>ရဲများပါဝင်သော<br>အစိုးရ လုံခြုံရေး<br>တပ်ဖွဲ့များ | FLC | x | | | | | | | | | | |
| ၅၂ | ၄၊၁၊၂၀၁၀ | ရွှေမင်းဝံ၊ ကျောက်ကြီး မြို -<br>နယ်၊ ပဲခူးတိုင်း ဒေသကြီး | ၁ | တပ်မတော်<br>ခြေလျင်တပ်<br>ရင်း ၆၀ နှင့် ၃၅ | GPS | x | | x | | | | x | | | | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၅၃ | ၁၀၊၁၊၁၉၈၈ | ဖူးကြီးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁၈ | အမည်မသိ တပ်မတော်အဖွဲ့ | GPS | x | | | | | | | | | | |
| ၅၄ | ၁၁၊၁၊၁၉၉၁ | ကသာပေါင်းရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၂ | တပ်မတော် နှင့်စစ်ထောက် လှမ်းရေး | FLC | | | | | | | | | | | |
| ၅၅ | ၁၀၊၁၊၁၉၉၁ | ကွင်းပုံရွာ၊ ဘိုကလေး မြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီး | ၁ | တပ်မတော် နှင့်စစ်ထောက် လှမ်းရေးအမှတ် (၆) | FLC | x | x | | | | | | | | x | |
| ၅၆ | ၁၀၊၁၊၁၉၉၁ | ထော်ပိုင်ရွာ၊ ဘိုကလေး မြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီး | ၂၁ | တပ်မတော် မြေမြန်တပ် မ ၁၁ | FLC | x | x | | | | | | | | x | |
| ၅၇ | ၃၊၁၊၁၉၉၄ | လင်းတန်တောင်ကြား၊ တီးတိန်မြို့နယ်၊ ချင်း - ပြည်နယ် | ၁ | အမည်မသိ တပ်မတော် ခြေလျင်တပ်ရင်း တဖွဲ့မှ ပေါ်တာ အဖြစ်အသုံး ပြုစဉ် CNF မှ သတ်ဖြတ် ခြင်းခံရသည်။ | GPS | | | | x | | x | | | | | |
| ၅၈ | ၈၊၁၊၂၀၀၄ | မိထောလှာရွာ၊ ကျူညီး ကျေးရွာအုပ်စု၊ ခေါဇာ မြို့နယ်၊ ရေးတောင်ပိုင်း၊ မွန်ပြည်နယ် | ၁ | တပ် မတော် ခြေလျင်တပ် ရင်း ၂၈၂ | HUR-FOM | x | x | | | | | | | | x | |
| ၅၉ | ၁၉၉၉ | လဖက်ရွာ၊ ကျောက်ကြီး မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၁ | တပ် မတော် တပ် ရင်း ၁၂၆ | GPS | x | x | | | | x | | | | x | |
| ၆၀ | ၄၊၁၊၂၀၁၃ | ဆင်စုရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး | ၁ | တပ် မတော် ခြေလျင်တပ် ရင်း ၇၅ | HRDP | | x | | | | | x | | | | |
| ၆၁ | ၁၀၊၁၊၂၀၁၆ | ဆင်စုရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီးလွှိုင် ဆိုင်ရွာ၊ ဟိုယက် ကျေး ရွာအုပ်စု၊ တာမိုးနဲ့တိုက် နယ်၊ ကွတ်ခိုင်မြို့နယ်၊ မူဆယ်ခရိုင်၊ ရှမ်းပြည် နယ်မြောက်ပိုင်း | ၁ | တပ် မတော် ခြေမြန်တပ်မ ၉၉ | KWAT | | | x | x | | | | | | | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၆၂ | ၁၁၊၂၀၁၂ | မန်းပွန်းရွာ၊ မန်တုန်မြို့နယ်၊ ကျောက်မဲခရိုင်၊ ရှမ်းပြည်မြောက်ပိုင်း | ၂ | တပ်မတော် ခြေလျင်တပ် ရင်း ၁၃၀ | KWAT | | | | | | x | | | | | |
| ၆၃ | ၁၁၊၂၀၁၂ | မွန်ဂျွန်းပါရွာ၊ မော်ဟန်ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၄၅ | KWAT | | | | | | | | | | x | |
| ၆၄ | ၈၊၁၊၂၀၁၄ | မန်းဘက်ရွာ၊ နမ့်တူမြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၁၁၄ | KWAT | | | | | | | | | x | | |
| ၆၅ | ၄၊၁၊၂၀၁၅ | ပူဝမ်ရွာ၊ ဖောင်းဆိုင်ကျေးရွာအုပ်စု၊ မွန်းကိုးမြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း | ၅ | တပ်မတော် ခြေမြန်တပ် မ ၈၈ | KWAT | | | | | | | | | | x | |
| ၆၆ | ၇၊၁၊၂၀၁၅ | ခလန်းကျေးရွာအနီး၊ ဖိုင်းကွမ်ကျေးရွာအုပ်စု၊ ပန်ဆိုင်းမြို့နယ်၊ မူဆယ်ခရိုင်၊ ရှမ်းပြည်မြောက်ပိုင်း | ၁ | တပ်မတော် ခြေမြန်တပ် မ ၈၈ | KWAT | | | | | | | | | | x | |
| ၆၇ | ၄၊၁၊၂၀၁၆ | နောင်ခမ်း အမှတ် (၇) ရပ်ကွက်၊ မွန်းကိုးမြို့နယ်၊ မူဆယ်ခရိုင်၊ ရှမ်းပြည်မြောက်ပိုင်း | ၂ | တပ်မတော် ခြေမြန်တပ် မ ၉၉ | KWAT | x | | | | | | | | | x | |
| ၆၈ | ၄၊၁၊၂၀၁၆ | နောင်ခမ်း အမှတ် (၇) ရပ်ကွက်၊ မွန်းကိုးမြို့နယ်၊ မူဆယ်ခရိုင်၊ ရှမ်းပြည်မြောက်ပိုင်း | ၁ | တပ်မတော် ခြေမြန်တပ် မ ၉၉ | KWAT | x | | | | | | | | | x | |
| ၆၉ | ၁၁၊၁၊၁၉၉၁ | မစ်တားရွာ၊ ကျောက်ကြီးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၁ | တပ်မတော် ခြေလျင်တပ် ရင်း ၆၀ | GPS | | | x | x | | | | | | | |
| ၇၀ | ၁၁၊၂၀၁၅ | မော်ဟန်ရွာ၊ ကွတ်ခိုင်မြို့နယ်၊ လားရှိုးခရိုင်၊ ရှမ်းပြည်မြောက်ပိုင်း | ၁ | တပ်မတော် ခြေမြန်တပ်ရင်း ၆၈ | GPS | | | | | | x | | | | x | |
| ၇၁ | ၉၊၁၊၂၀၁၆ | ၆၀၁ တာဝေးပစ်ဒုံးကာကွယ်ရေးယူနစ်၊ ဥသျှစ်ပင်မြို့ ပန်းတောင်းမြို့နယ်၊ ပြည်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး | ၁ | တပ်မတော် လေကြောင်းကာကွယ်ရေး ယူနစ်အမှတ် ၂၀၃၄ | HRDP | | x | | | | x | | | x | | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၇၂ | ၁၁၊၁၊၂၀၁၅ | ရွာသစ်ရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ် | ၁ | တပ်မတော် ခြေလျင်တပ်ရင်း ၂၂၆ | LWO | | | | | | | | | x | | |
| ၇၃ | ၃၊၁၊၂၀၁၆ | လွိုင်စရန်း၊ မန်းစိန်၊ လွိုင်ကန်၊ ပန်းနေ၊ ဝေါင်ငါး နှင့် မန်းပူကျေးရွာများ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် | ရွာ ၇ ရွာမှ လူ ပေါင်း ၇၆၀ ဦး | တပ်မတော် ခြေမြန်တပ်မ ၃၃ | TWO | | x | | | x | | | | | | |
| ၇၄ | ၂၊၁၊၂၀၁၅ | ၁၄ မိုင်၊ နမ်းဆန်မြို့နယ်၊ ရှမ်းပြည်နယ် | ၁ | တပ်မတော် ခြေမြန်တပ် မ ၇၇ | TWO | x | | | | | | | | | x | |
| ၇၅ | ၁၊၁၊၂၀၁၇ | မန်းလွိုင်ရွာ၊ အုန်းမူးကျေးရွာအုပ်စု၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ် | ၃ | လုပ်ဆောင်သူ မသိမြေမြှုပ်မိုင်း | TWO | | | | | | x | | | | | |
| ၇၆ | ၁၂၊၁၊၂၀၁၆ | ဖယ်တွန်းဟောင်းရွာ၊ နမ်းဆန်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း | ၃ | တပ်မတော် ခြေလျင်တပ်ရင်း ၁၁၅ | TWO | x | | | | | | | | | x | |
| ၇၇ | ၁၂၊၁၊၂၀၁၆ | မန်းမိုင်ရွာ၊ နမ်းဆန်မြို့နယ်၊ ရှမ်းပြည်နယ် | ၁ | တပ်မတော် ခြေမြန်တပ် မ ၇၇ | TWO | x | | | x | | | | | | x | |
| ၇၈ | ၂၊၁၊၂၀၁၇ | ဟိုမိန်းရွာ၊ နမ်းဆန်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း | ၁ | တပ်မတော် ခြေမြန် တပ်မ ၈၈၊ ခြေလျင် တပ်ရင်း ၄၆၁ | TWO | | | | | | x | | | | | |
| ၇၉ | ၅၊၁၊၂၀၁၆ | ပန်ဝါရာ၊ နောက်ဆောင် ကျေးရွာအုပ်စု၊ မန်တုန်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း | ၁ | တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့ EAO RC SS/SSA တပ်ရင်း ၇၀၁ | TWO | x | | | | | | | | | x | |
| ၈၀ | ၃၊၁၊၂၀၁၇ | ကြူဆိုင်ရွာ၊ ဆားလူကျေးရွာအုပ်စု၊ နမ့်ခမ်းမြို့နယ်၊ မူဆယ် ခရိုင်၊ ရှမ်းပြည်နယ် | ၁ | တပ်မတော် ခြေမြန်တပ်မ ၃၃ | TWO | | | | | | | | | | x | |
| ၈၁ | ၁၁၊၁၊၂၀၁၆ | မန်းဆန်ရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ် | ၂၀ | တပ်မတော် ခြေမြန်တပ်မ ၃၃ | TWO | x | | | x | | | | | | x | |

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈၂ | ၂၊၁၊၂၀၁၆ | နောင်ခေါ်လှေဆိပ်၊ နမ်းခပ်ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ၁ | တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ EAO RC SS/ SSA | TWO | x | x | | x | | | | | | x | |
| ၈၃ | ၁၁၊၁၊၂၀၁၄ | ဟိုချောင်းရွာ၊ ကယားလန်ကျေးရွာအုပ်စု၊ နမ်းဆန်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း | ၄ | တပ်မတော်ခြေလျင်တပ်ရင်း ၁၀၆၊ ခြေမြန်တပ်မ ၇၇ | TWO | x | x | | | | | | | | x | |
| ၈၄ | ၃၊၁၊၂၀၁၅ | မိုင်းဆတ်ကျေးရွာအနီး၊ နမ်းခတ်ကျေးရွာအုပ်စု၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ၁ | တပ် မတော် မြေမြန်တပ်မ ၈၈ | TWO | x | | | | | | | | | x | |
| ၈၅ | ၁၂၊၁၊၂၀၁၅ | ဆေးကင်ရွာ၊ မုန်းပူးကျေးရွာအုပ်စု၊ နမ်းခမ်းမြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း | ၁၀ | တပ်မတော်ခြေလျင်တပ်ရင်း ၃၂၄ နှင့် ပန်ဆေးပြည်သူ့စစ်တပ်ဖွဲ့ | TWO | x | x | | | | | | | | x | |

## နောက်ဆက်တွဲ ၂ – နစ်နာသူများ၏လိုအပ်ချက်ကို ဆန်းစစ်သောအမှုဖြစ်ရပ်များ
## ဇယား – မြေယာသိမ်းဆည်းမှု

(၁) မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ
(၂) ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ သိမ်းယူခြင်း ဖျက်ဆီးခြင်း
(၃) ပျောက်ကွယ်ခြင်း
(၄) အဓမ္မလုပ်အားခိုင်းစေမှု
(၅) အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း
(၆) လူကုန်ကူးရောင်းဝယ်ခြင်း
(၇) သတ်ဖြတ်ခြင်း
(၈) လွတ်လပ်စွာဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းဝေးခွင့်ကို ထိပါးနှောင့်ယှက်မှု
(၉) အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ
(၁၀) မုဒိမ်းကျင့်မှု
(၁၁) ညှဉ်းပန်းနှိပ်စက်ခြင်း
(၁၂) ကလေးစစ်သားများအသုံးပြုမှု
(၁၃) မတရားအခွန်ကောက်ခြင်း

| အမှတ်စဉ် | ခုနှစ် | ကျေးရွာ မြို့နယ် တိုင်း ဒေသ | အရေအတွက် | ကျူးလွန်သူ | အရင်းအမြစ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈၆ | ၁၂၊၁၊ ၂၀၁၆ | သဲချောင်းကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီ တိုင်း ဒေသကြီး | ၂ | မောရဝတီ ရေတပ်အခြေစိုက်စခန်း | HUR-FOM | | x | | | x | | | | | | | | |
| ၈၇ | ၃၊၁၊ ၂၀၁၄ | သဲချောင်းကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီ တိုင်းဒေသကြီး | ၂ | မောရဝတီ ရေတပ်အခြေစိုက်စခန်း | HUR-FOM | | x | | | x | | | | | | | | |
| ၈၈ | ၁၉၉၆ နှင့် ၂၀၁၆ | သဲချောင်းကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီ တိုင်းဒေသကြီး | ၁ | မောရဝတီ ရေတပ်အခြေစိုက်စခန်း | HUR-FOM | | x | | | x | | | | | | | | |
| ၈၉ | ၂၀၀၃ ခုနှစ် တွင်မြေသိမ်းခံရပြီး ၂၀၁၃ ခုနှစ် တွက်နစ်နာသူများကို ဖမ်းဆီး ညှင်းပမ်းသည်။ | အောင်ကုန်းကျေးရွာ၊ အုတ်ဖို၊ သဲကုန်းမြို့နယ်၊ ပြည်ခရိုင်၊ ပဲခူးတိုင်း ဒေသကြီး | ၅ | ငြွေအမေပ ညေို ခမသ – ညပ ခသာ – စညေပ | GPS | x | x | | | | | | | | | x | | |

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၉၀ | ၂၀၁၆ | ကြာအင်းကျေးရွာ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၁ | အစိုးရ၏ ထောက်ပံ့မှုဖြင့်ဆောင် ရွက်နေသော ပုဂ္ဂလိက စီးပွားရေး လုပ်ငန်း | FLC | x | x | | | | | | | | | | | |
| ၉၁ | ၁၉၉၆ နှင့် ၂၀၁၆ | သဲချောင်းကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီ တိုင်းဒေသကြီး | ၁ | မောရဝတီ ရေတပ်အခြေ စိုက်စခန်း | HUR-FOM | | x | | | | | | | | | | | |
| ၉၂ | ၁၉၉၉ နှင့် ၂၀၁၂ များတွင် မြေယာ သိမ်း ဆည်း မှုများ ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် အပြုခံရ သူများ အဖမ်း ခံခဲ့ရ သည်။ | ကြာအင်းရွာဟောင်း၊ ဒန်ဒလွန်၊ ပန်းတောင်း၊ ပြည်ခရိုင်၊ ပဲခူးတိုင်း ဒေသကြီး | ၁၂ | အစိုးရ၏ ထောက်ပံ့မှု ဖြင့် ဆောင် ရွက် နေသော ပုဂ္ဂလိက စီးပွားရေး လုပ်ငန်း | FLC | x | x | | | | | | | | | | | |
| ၉၃ | ၁၉၉၈ | ပိတောက်စုကျေး ရွာ၊ ကျွန်းတိုင်ကြီး၊ ပန်းတနော်၊ ဧရာဝတီ တိုင်းဒေသကြီး | ၈ | တပ်မတော် နှင့် ခရိုနီ ကုမ္ပဏီ | FLC | x | x | | | | | | | | | | | |
| ၉၄ | ၂၀၀၉ | စစ္စရုံကျေးရွာ၊ ကံမ မြို့နယ်၊ သရက်ခရိုင်၊ မကွေးတိုင်းဒေသကြီး | ၅ | စပ်တပ်ပိုင် ကုမ္ပဏီ | GPS | x | x | | | | | | | | | | | |
| ၉၅ | ၁၉၉၅ | ချောင်းမြောင်းကြီး ကျေး ရွာ၊ သဲချောင်းကျေးရွာ အုပ်စု၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၂၈ | မောရဝတီ ရေတပ်အခြေ စိုက်စခန်း | HUR-FOM | | x | | | x | | | | x | | | | |

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၉၆ | ၁၉၉၇ | ရွှေဘုံသာကျေးရွာ၊ ရွှေဘုံသာကျေးရွာအုပ်စု၊ ပန်းတောင်းမြို့နယ်၊ ပြည်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး | ၅ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (စစ်အုပ်ချုပ်ရေး) နှင့် ရွာသူကြီး | HRDP | | x | | | | | | | | | | | |
| ၉၇ | ၁၉၉၈ နှင့် ၂၀၁၆ | ခေါ်ဇာမြို့နယ်၊ ရေးတောင်ပိုင်း၊ မွန်ပြည်နယ် | ၄ | တပ်မတော်ခြေလျင်တပ်ရင်း ၃၁ နှင့် အထွေထွေစီမံအုပ်ချုပ်ရေးဌာန | HUR-FOM | | x | | | | | | | | | | | |
| ၉၈ | ၇၊၁၊ ၂၀၁၅ | နမ်းအော်ကျေးရွာ၊ တာလေးမြို့နယ်၊ တာချီလိတ်ခရိုင်၊ ရှမ်းပြည်နယ် | ၃ | အစိုးရ၏ထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း | LWO | x | | | | | | | | | | | | |

## နောက်ဆက်တွဲ ၃ – နှစ်နာသူများ၏လိုအပ်ချက်ကို ဆန်းစစ်သောအမှုဖြစ်ရပ်များ
## ဇယား – နိုင်ငံရေးအကျဉ်းသား

(၁) မတရား ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ
(၂) ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ သိမ်းယူခြင်း ဖျက်ဆီးခြင်း
(၃) ပျောက်ကွယ်ခြင်း
(၄) အဓမ္မလုပ်အားခိုင်းစေမှု
(၅) အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း
(၆) လူကုန်ကူးရောင်းဝယ်ခြင်း
(၇) သတ်ဖြတ်ခြင်း
(၈) လွတ်လပ်စွာဖော်ပြပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းဝေးခွင့်ကို ထိပါးနှောင့်ယှက်မှု
(၉) အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ
(၁၀) မုဒိမ်းကျင့်မှု
(၁၁) ညှဉ်းပန်းနှိပ်စက်ခြင်း
(၁၂) ကလေးစစ်သားများအသုံးပြုမှု
(၁၃) မတရားအခွန်ကောက်ခြင်း

| အမှုဖြစ်ရပ် | ရက်စွဲ | ပြည်နယ်/တိုင်းဒေသ | အရေအတွက် | ကျူးလွန်သူ | အရင်းအမြစ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၉၉ | ၁၉၉၀ တွင် ထိန်း သိမ်း ခံရ | ဘားအံမြို့ ကရင်ပြည် နယ် | ၁ | စစ်ထောက် လှမ်းရေး | FLC | x | | | | | | | x | | | x | | |
| ၁၀၀ | ၁၉၈၈ နှင့် ၁၉၉၁ ခု နှစ်တွင် ထိန်း သိမ်းခံ ရ | ဘားအံမြို့ ကရင်ပြည် နယ် | ၁ | တပ်မတော် ထောက် လှမ်း ရေး နှင့် ပြည်သူ့ ရဲ | FLC | x | | | | | | | x | | | x | | |
| ၁၀၁ | ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်တွင် ထိန်းသိမ်း ခံရ | ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီး | ၁ | တပ်မတော်၊ တပ်မတော် ထောက် လှမ်း ရေးနှင့် ပြည်သူ့ရဲ တပ်ဖွဲ့တို့ ပါဝင်သော အစိုးရ လုံခြုံ ရေး တပ် ဖွဲ့များ | FLC | x | | | | | | | x | | | | | |

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၀၂ | ၂၀၁၀ ခုနှစ် ဇန္နဝါရီ တွင် ထိန်းသိမ်း ခံရ | ကျိုက္ကဒက်ရွာ သို့သွား ရာလမ်း၊ ကြံခိုင်ရေး အကွက်ပိုင်း၊ သံဖြူဇရပ် မြို့နယ်၊ မွန်ပြည်နယ် | ၁ | တပ်မတော် ထောက် လှမ်း ရေး နှင့် ပြည်သူ့ ရဲ | HUR-FOM | x | | | | | | | x | | | x | | |
| ၁၀၃ | ၁၉၈၈ ခုနှစ် စက် – တင်ဘာတွင် ထိန်းသိမ်း ခံရ | ရေးမြို့ မွန် ပြည်နယ် | ၂ | တပ်မတော် ခြေလျင် တပ်ရင်း ၆၁ | HUR-FOM | x | | | | | | | x | | | x | | |
| ၁၀၄ | ၂၀၀၉ ဒီဇင်ဘာ – ၇နှင့် ၂၀၁၅ အောက်တို ဘာတို့ တွင် ထိန်းသိမ်း ခံရ | ပြည်မြို့ ပဲခူးတိုင်းဒေသ ကြီး။ | ၁ | တပ်မတော်၊ တပ်မတော် ထောက်လှမ်း ရေးနှင့်ပြည် သူ့ရဲတပ် ဖွဲ့တို့ပါဝင် သော အစိုးရ လုံခြုံရေး တပ်ဖွဲ့များ | FLC | x | | | | | | | x | | | x | | |
| ၁၀၅ | ၁၉၈၉၊ ၁၉၉၉၊ ၂၀၀၅ နှင့် ၂၀၁၅ ခုနှစ်တို့တွင် ထိန်းသိမ်း ခံရ | ချောင်းဦးမြို့နယ်၊ မုံရွာ ခရိုင်၊ စစ်ကိုင်းတိုင်း ဒေသကြီး | ၁ | တပ်မတော်၊ တပ်မတော် ထောက်လှမ်း ရေးနှင့်ပြည် သူ့ရဲတပ် ဖွဲ့တို့ပါဝင် သော အစိုးရ လုံခြုံရေး တပ်ဖွဲ့များ | FLC | x | | | | | | | x | | | x | | |
| ၁၀၆ | ၁၉၈၈ နှင့် ၂၀၁၅ ခုနှစ်တွင် ထိန်းသိမ်း ခံရ | ပြည်မြို့ ပဲခူးတိုင်းဒေသ ကြီး | ၁ | တပ်မတော်၊ တပ်မတော် ထောက်လှမ်း ရေးနှင့်ပြည် သူ့ရဲတပ် ဖွဲ့တို့ပါဝင် သော အစိုးရ လုံခြုံရေး တပ်ဖွဲ့များ | FLC | x | | | | | | | x | | | x | | |
| ၁၀၇ | ၁၉၈၉ ခုနှစ်တွင် ထိန်းသိမ်း ခံရ | ငါးလုံးတင်ရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတို – င်းဒေသကြီး | ၁ | တပ်မတော်၊ တပ်မတော် ထောက်လှမ်း ရေးနှင့်ပြည် သူ့ရဲတပ် ဖွဲ့တို့ပါဝင် သော အစိုးရ လုံခြုံရေး တပ်ဖွဲ့များ | FLC | x | | | | | | | x | | | x | | |

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၀၈ | ၁၉၉၀ တွင် ထိန်းသိမ်းခံရ | အမှတ် (၂) ရပ်ကွက်၊ ဘားအံမြို့ ကရင်ပြည်နယ် | ၁ | တပ်မတော်၊ တပ်မတော်ထောက်လှမ်းရေးနှင့်ပြည်သူ့ရဲတပ်ဖွဲ့တို့ပါဝင်သော အစိုးရလုံခြုံရေး တပ်ဖွဲ့များ | FLC | x | | | | | | | x | | | x | | |
| ၁၀၉ | ၁၉၈၉ ခုနှစ်တွင် ထိန်းသိမ်းခံရ | ရွှေလေ့ရွာ၊ ချောင်းဦးမြို့နယ်၊ မုံရွာခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၁ | တပ်မတော်၊ တပ်မတော်ထောက်လှမ်းရေးနှင့်ပြည်သူ့ရဲတပ်ဖွဲ့တို့ပါဝင်သော အစိုးရလုံခြုံရေး တပ်ဖွဲ့များ | FLC | x | | | | | | | x | | | x | | |
| ၁၁၀ | ၁၉၇၀ နှင့် ၁၉၈၈ တွင် ထိန်းသိမ်းခံရ | ဘားအံမြို့ ကရင်ပြည်နယ် | ၁ | တပ်မတော်၊ တပ်မတော်ထောက်လှမ်းရေးနှင့်ပြည်သူ့ရဲတပ်ဖွဲ့တို့ပါဝင်သော အစိုးရလုံခြုံရေး တပ်ဖွဲ့များ | | x | | | | | | | x | | | | | |
| ၁၁၁ | ၁၉၇၄ ခုနှစ်တွင် ထိန်းသိမ်းခံရ | ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁ | တပ်မတော်၊ တပ်မတော်ထောက်လှမ်းရေးနှင့်ပြည်သူ့ရဲတပ်ဖွဲ့တို့ပါဝင်သော အစိုးရလုံခြုံရေး တပ်ဖွဲ့များ | FLC | x | | | | | | | x | | | x | | |

## နောက်ဆက်တွဲ ၄ – နစ်နာသူများ၏လိုအပ်ချက်ကို ဆန်းစစ်ချက် နမူနာ

| |
|---|
| (၁) ခေါင်းစဉ် |
| ဤတင်ပြမှုကို ထင်ရှားစေမည့် ရှင်းလင်းစွာဖော်ပြထားသည့် အနှစ်ချုပ်ခေါင်းစဉ်ကို ဖော်ပြရန် |
| (၂) အနှစ်ချုပ် |
| စာပိုဒ်တပိုဒ်ဖြင့်သာဖော်ပြရန်။ ဥပမာအားဖြင့် အဖြစ်အပျက်ကိုရှင်းပြပေးရန်။ မည်သူက မည်သူ့ကို မည်သည့်အတွက်ကြောင့် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သို့ပြုမူသည်။ |
| (၃) နေရာဒေသ |
| (၄) မှတ်တမ်းတင်သောနေရာ |
| (၅) အခွင့်အရေးချိုးဖောက်မှုများ |
| အခွင့်အရေးချိုးဖောက်မှုများသည် တခုနှင့်တခု ဆက်စပ်နေနိုင်သည်။ သို့ဖြစ်၍ ဖြစ်ပျက်မှုအပေါ်တွင် မူတည် ကာ ချိုးဖောက်သော စာရင်းကို ရေးချပေးပါရန်။<br>ဥပမာအားဖြင့် – ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ပျောက်ဆုံးခြင်း အစရှိသည်ဖြင့်။ |
| (၆) မှတ်တမ်းပြုလုပ်သောရက်စွဲ |
| ရက်စွဲများကို (၁) အခင်းဖြစ်သောနေ့ (၂) မှတ်တမ်းတင်သောနေ့ ဟူ၍ မှတ်ပေးပါ။ |
| (၁) အခင်းဖြစ်သောနေ့ |

| |
|---|
| (၂) မှတ်တမ်းတင်သောနေ့ |
| (၆) သတင်းအရင်းအမြစ်ကို မှတ်တမ်းရေးပါ။ |
| အဖြစ်အပျက်အကြောင်း သတင်းပေးသူကို ရေးပါ။ |
| (၇) အဖြစ်အပျက်နှင့်ပတ်သက်၍ အသေးစိပ် သတင်းအချက်အလက်များကို ဖော်ပြပါ။ |
| အဖြစ်အပျက်အသေးစိပ်ကို ဖော်ပြပါ။ |
| (၈) ကိုယ်ရေးကိုယ်တာအချက်အလက် |
| ကိုယ်ရေးကိုယ်တာဆိုင်ရာ အချက်အလက်များအားဖော်ပြရန်။ အဖြစ်အပျက်တွင် ပါဝင်သူမည်သူမဆို၏ အချက်အလက်များ (အပြုခံရသူ၊ ကျူးကျော်သူ၊ မျက်မြင်သက်သေ၊ ပတ်ဝန်းကျင် အစရှိသူတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ) |

**ပုဂ္ဂိုလ်တစ်ဦးချင်း၏ အချက်အလက်များ**

(ကျူးကျော်သူ၊ အပြုခံရသူ၊ မျက်မြင်သက်သေ အစရှိသဖြင့်ခွဲခြား၍ တစ်ဦးချင်းအတွက် သီးသန့်ရေးပေးပါ။)

| | |
|---|---|
| အမည် | |
| အခြားအမည် | |
| လိင် | |
| မွေးရက် | |

| | |
|---|---|
| အသက် | |
| ဖခင်အမည် | |
| မိခင်အမည် | |
| တိုင်းရင်းသားလူမျိုး | |
| ဘာသာ | |
| အမြဲနေထိုင်ရာလိပ်စာ | |
| လက်ရှိလိပ်စာ | |
| ပညာရေးနောက်ခံ | |
| ဘာသာစကား | |
| လက်ရှိအလုပ်အကိုင် | |
| ဆက်စပ်နေသည့် အဖွဲ့အစည်း | |
| မှတ်ပုံတင် Identity | |
| တရားရုံး ပြစ်ဒဏ် Court Sentence | |

| | |
|---|---|
| အဖြစ်အပျက်တွင် ပါဝင်သည့်အခန်းကဏ္ဍ | |
| လက်ရှိအခြေအနေ Current Status | |
| **အုပ်စုအလိုက် ကိုယ်ရေးအချက်အလက်များ**<br>(အုပ်စုလိုက်ကျူးလွန်သူများ၏ စာရင်း နှင့် အုပ်စုလိုက် နစ်နာသူများ၏စာရင်းကို သီးသန့်စီ ပြုလုပ်ပေးရန်) | |
| ပူးပေါင်းဆောင်ရွက်သည့်ပုံစံ၏ အမည်<br>Cooperation name | |
| အုပ်စု၏လက္ခဏာ ပြဋ္ဌာန်းချက်<br>Group Identity | |
| လိင် | |
| တိုင်းရင်းသားလူမျိုး | |
| ဘာသာ | |
| ရာထူးအဆင့်အတန်း | |
| ဘာသာစကား | |
| အဖြစ်အပျက်တွင် ပါဝင်သည့် အခန်းကဏ္ဍ | |

| |
|---|
| **သက်ရောက်မှုခံရသည့် အခြေအနေ**<br>အပြုခံရသူနှင့် သူ၏မိသားစု လူ့အခွင့်အရေးချိုးဖောက်မခံရခင် သူတို့၏ အခြေအနေကို ရှင်းပြပါ။ သူတို့၏ စီးပွားရေး၊ လူမှုရေး နှင့် ပညာရေးအခြေအနေ အစရှိသည်တို့ဖြစ်သည်။ |
| (၁၁) လက်ရှိအခြေအနေ |
| အပြုခံရသူနှင့် သူ၏မိသားစု လူ့အခွင့်အရေးချိုးဖောက်ခံရပြီးနောက် သူတို့၏ အခြေအနေကို ရှင်းပြပါ။ သူတို့၏ အခြေအနေကို ဤလူ့အခွင့်အရေးချိုးဖောက်မှုက မည်သို့သက်ရောက်မှုရှိသနည်း။ ဥပမာ - ပတ်ဝန်းကျင် အသိုင်းအဝန်း၊ စီးပွားရေး၊ လူမှုရေး နှင့် ပညာရေးအခြေအနေ အစရှိသည်တို့ဖြစ်သည်။ |
| (၁၂) လိုအင်ဆန္ဒ |
| အမြင်သဘောထားများအား မှတ်တမ်းတင်ပါ။ |



**Reparations Working Group**
GPO 315, Chiang Mai, 50000, Thailand.
email : office@nd0burma.org
website : www.nd-burma.org